# ဂိုဏ်းအားမာန်

စာစောင် (၁)



# အဖွင့်ကဗျာ

ပေါ်ဦးကမ္ဘာ၊ ကြာငါးပွင့်လိုက်၊ ရောင်မြိုက်ဉာဏ်ဖြူ၊
ငါးဆူရှင်နည်း၊ ပွင့်မည့်ချည်းတွင်၊ မိတည့်မရောက်၊ လေးပါးနောက်ဝယ်၊
ငါးထောက်ထောင်တာ၊ သာသနာတွင်း ၊ ငါးခင်းအမြတ်၊ နဝတတ်ရှိကျ၊ ငါးရာရသား၊
ဂန္ထပနီ၊ ဉာဏ်သည့်ညာဖွန့်၊ ယဉ်တန့်တဘက်၊ ပင်လယ်ထွက်မှ၊
နှစ်ဘက်ကမ်းပြီ၊ ဖြားရေမီဝယ်၊
ရွှေ့ဆီပြဗ္ဗာ အာကာမှိုင်း၊ ကောင်ပြိုင်းပြိုင်းနှံ့၊
ဆိုင်းဆိုင်းမညှိုင်၊ ရခိုင်ဥဒွန့်ဖူး၊ မွန်ကြည့်မြူးသို့၊
မြောက်ဦးရွှေနန်း၊ တည့်လတ်ထွန်းသည့်၊
ဉာဏ်ကျွန်းဗမ္ဗူ၊ ထူးတည့်လေ ...

မှောက်တော်ချင်း (၁)
အနူမင်းညို၊

---

မင်းသားအမှန်၊ ငါလျှင်ကြံကာ၊
နိုင်ငံရပ်စည့်၊ တိုင်းပြည့်အတွက်၊ ကိုယ့်အသက်ကို၊
ရက်ရက်စွန့်ခွာ၊ ကုလားရွာနှံ့၊
ခန္ဓာရုပ်ပေါင်း၊ ဘဝပြောင်းခဲ့၊
ဖြစ်ကြောင်းသံသာ၊ သစ္စာဝါတို့၊ မှန်စွာမချွတ်၊
သူမသတ်လည့်း၊ မလွတ်တခါ၊ သေဖန့်ရာတည့်း။
ကမ္ဘာမကြော၊ သူတို့တွေလည့်း၊ အနေမစိုး၊ ငါမြေထိုးသော်၊ အရိုးတခါတွန့်လိမ့်ရာ၏။
နှောင်လာနောက်သူ၊ ရခိုင်သူတို့၊ အယူမပြောင်း၊ ငါ့လမ်းကြောင်းကို၊
ကောင်းကောင်းလိုက်လော၊ တိုင်းစည်ဖကို၊
တခါမူချ၊ ငါရို့ရဖန့်၊ လုံးလေရှေ့သန့်၊ လူလျှင်ကြံကာ၊ နိဗ္ဗာန်မချွတ်၊
လက်ဝါးခတ်သည့်၊ ခွဲမှတ်ဉာဏ်စာ သေတမ်းတည့်း။

တော်လှန်ရေးစာဆို ...
မင်းသားကြီးရွှေဘန်း။

# ရခိုင့်သမိုင်းသုတေသနအသင်း

ARAKAN HISTORICAL RESEARCH ASSOCIATION.

## ရခိုင့်အားမာန် စာစောင် (၁)

–တာဝန်ခံအယ်ဒီတာ –ခိုင်ရဲလင်းအောင်

–ကူညီတည်းဖြတ် –မန်းအောင်ဌေး၊မန်းထက်ခေါင်၊ကိုဝမ်းသာ

–မျက်နှာဖုံးပန်းချီ –မျိုးတင့်ကံဝင်း

–စာပုံနှိပ်ခြင်း –ကရင့်သမိုင်း သုတေသနအသင်း

မှကူညီရိုက်နှိပ်ပေးသည်။

ကွန်ပြူတာ –

ပြင်ဆင်ကြီးကြပ်–ရဲဘော်ဝမ်းသာ (I.K.H.R.A.)

စာရိုက်နှိပ်ခြင်း –ရဲနီကျော်စွာ (I.K.H.R.A)

–စောမောထူး (I.K.H.R.A)

စာပြင် –ရန်ရှင်း

မြေပုံဓါတ်ပုံများ –ဂဠုန ခိုင်လင်းအောင် (A.H.R.A)

ထုတ်ဝေသည့်လ –၁၉၉၅ခုနှစ်ဩဂုတ်လ

စာအုပ်ရေ –[၂၀၀၀]

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကာရင့်သမိုင်းသုတေသနအသင်း၏ အမှာစာ | |
| ၂။ | အယ်ဒီတာ့ အာဘော် | ၁ |
| ၃။ | ရခိုင်အက္ခရာပေါ်ပေါက်လာပုံနှင့် အသွင်ပြောင်းလာပုံ | ၂ |
| ၄။ | သိရိသုဓမ္မရာဇာ နန်းတက်ပွဲအခမ်းအနား (ဘာသာပြန်) | ၆ |
| ၅။ | ရခိုင်မင်းစဉ်ဇယား | ၁၅ |
| ၆။ | ကျွန်ပြုခံ ရခိုင်နိုင်ငံတော် | ၂၇ |
| ၇။ | မြောက်ဦး ရမ်းဗြဲ – ဗမာ မြို့ဝန်များ ဇယား | ၃၀ |
| ၈။ | ရခိုင်စကားပုံနှင့် တဘောင် | ၃၁ |
| ၉။ | ရိုဟင်ဂျာ အမည်ခံ ဘင်္ဂါလီကုလားများ စာတမ်း | ၃၄ |
| ၁၀။ | မော့(ဂ်) သို့မဟုတ် မာ(ချ်) သို့မဟုတ် ဘဂ်လားဒေ့(ချ်)မှ ရခိုင်လူမျိုး (ဘာသာပြန်) | ၅၂ |

## "လွတ်လပ်သောကရင့်သမိုင်းသုတေသန အသင်း၏ အမှာစာ"

လွတ်လပ်သော ကရင့်သမိုင်းသုတေသန အသင်းသည် ကရင်အမျိုးသားများ၏ ရှေးဟောင်း သမိုင်းဆိုင်ရာ အချက်အလက်များကို ဖော်ထုတ်ရန်နှင့် ခေတ်သစ်လူ့ပ်ရှားမှု အရပ်ရပ်ကို မှတ်တမ်းတင်ခြင်း လုပ်ငန်းများကို လုပ်ဆောင်နေပါသည်။ ထိုသို့ဆောင်ရွက်ရင်း လူမျိုးစု အားလုံး၏ သမိုင်းစဉ်များကိုလည်း အသီးသီးဖော်ထုတ်ရန်ငင်း၊ မှတ်တမ်းပြုရန် အတွက်ငင်း၊ တွန်းအားပေးရာကိုငင်း၊ မိမိတို့၏ သုတေသန အသင်း၏ လုပ်ငန်းစဉ်များတွင် ချမှတ်ထားပါသည်။

လက်ငင်းကာလတွင် ပအိုဝ်း သမိုင်းသုတေသနအသင်းနှင့် ရခိုင်သမိုင်းသုတေသန အသင်း နှစ်သင်း ပေါ်ပေါက်လာသည့် အတွက် အထူးဝမ်းမြောက် ဝမ်းသာ ကြိုဆိုမိပါသည်။ ၎င်းအပြင် အခြားလူမျိုးများအတွင်း မိမိတို့ အမျိုးသားဆိုင်ရာ ကိစ္စများကိုလည်း ဆောင်ရွက်လာလိမ့်မည်ဟု မျှော်လင့်ထားပါသည်။

မြန်မာသမိုင်းစဉ်တွင် မြေရှင်ပဒေသရာဇ် စံနစ် ပေါ်ပေါက်ခဲ့သည့် ခေတ်ကာလမှ စတင်ပြီး ပဒေသရာဇ် အုပ်ချုပ်ရေးဖြင့် နိုင်ငံတည်ထောင်သော လူမျိုးများအချင်းချင်း အပြန်အလှန် ကျူးကျော်တိုက်ခိုက်ခြင်းများကြောင့် အမျိုးသားအချင်းချင်း စည်းလုံးရေး ပြိုကွဲခဲ့ရသည်နှင့် အတူ လူမျိုးရေးမုန်းတီးမှုများလည်း ပေါ်ပေါက်ခဲ့ကြရပါသည်။ အပြန်အလှန် ဖျက်ဆီးတိုက်ခိုက်မှု များကြောင့် သမိုင်းဆိုင်ရာ အမွေအနှစ် အထောက်အထားများလည်း ပျောက်ကွယ် ဆုံးရှုံးကြရသည်။ ဤသို့ဖြင့် မြန်မာပြည်တွင်းလူမျိုးများသည်၊ မိမိတို့ သမိုင်းအကြောင်းကို မိမိတို့ ရေရေရာရာမသိ ခဲ့ကြရပေ။ ထိုသမိုင်းကို မသိ၍ အတိတ်သခ်ိန်းစာများလည်းမရနိုင် အနာဂါတ်အတွက် ဦးတည်လုပ်ဆောင်ရမည့် အမျိုးသား လုပ်ငန်းများလည်း ပီပီပြင်ပြင် မမြင်နိုင်တော့သည့်အ ဖြစ်နှင့် ကြုံစရာရှိပါသည်။

မျက်မှောက်ရခိုင်လူမျိုးများ၏ သမိုင်းသည် ရှည်လျားပြီး ခမ်းနားထည်ဝါသော သမိုင်းစဉ် တခုဖြစ်ပါသည်။ အမျိုးသား ယဉ်ကျေးမှု စာပေ အနုပညာများမှာလည်း ရှေးကျပြီး ခိုင်ခိုင်မာမာ တည်တံ့လျက်ရှိပါသည်။ ဤသမိုင်း စဉ်ကို ပီပီပြင်ပြင်နှင့် ကျယ်ကျယ်ပြန့်ပြန့် ဖော်ထုတ် တင်ပြရန် သင့်ပါသည်။ လက်ရှိ ရခိုင်သုတေသန အသင်းသည် ဤတာဝန်ကို အပြည့်အဝ ထမ်းဆောင်နိုင်လိမ့်မည်ဟု မျှော်လင့် ပါသည်။ ဤ"ရခိုင့်အားမာန်" စာစောင်သည် ရခိုင်သမိုင်းသုတေသနအသင်း၏ "ပဌမဦးခြေလှမ်း" တရပ်ဖြစ်ပါသည်။ ဆက်လက်၍ လည်း မပိုတ်မသုန် ချီတက်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ဤသို့သော သုတေသန လုပ်ငန်းများသည်၊ ကျန်ရှိသော အခြားလူမျိုးအားလုံးက အမှန်တကယ် လိုအပ်ကြောင်း နားလည် ခံယူပြီး အကောင်အထည်ဖေါ်လျှင်ခမ်းနားပြည့်စုံသော မြန်မာနိုင်ငံ၏ လူမျိုးစုံ သမိုင်းသစ် တစောင်ကို အမှန်တကယ် ဖော်ထုတ်နိုင်မည်မှာ မလွဲမသွေ ဖြစ်ပါသည်။

# “အယ်ဒီတာ့ အာဘော်”

လူမျိုးတမျိုးသည် လွတ်လပ်သော လူမျိုးတမျိုးအဖြစ် ကမ္ဘာ့ အလယ်တွင် ဆက်လက်တည်တံ့လိုမည်ဆိုပါက မိမိတို့၏သမိုင်းကို ကောင်းမွန်စွာ သိရှိနားလည်ရန် လိုအပ်ပေသည်။ သိနိုင်အောင်လည်း ကြိုးပမ်းသင့်သည်။ ထို့ကြောင့် လူတိုင်း၌ မိမိတို့၏ အခြေအနေ မိမိတို့၏ အကြောင်းကို သိရှိထားရန်မှာ ကြီးမားသော တာဝန်တရပ် ဖြစ်ပေသည်။ ရခိုင်လူမျိုးတို့မှာလည်း ရခိုင်ပြည်နှင့် ရခိုင်လူမျိုး တင့်တယ် ထယ်ဝါစွာ ရှိနေသည်ကို မြင်လို ကြားလိုလျှင် မိမိတို့ ရခိုင့် သမိုင်းအမှန်ကို သိရှိရန် ကြိုးပမ်းရမည့်တာဝန်မှာ မလွဲမသွေလုပ်ကိုင် ဆောင်ရွက်ရမည့် တာဝန်တရပ် ဖြစ်ပေသည်။ ရခိုင်လူမျိုးများ၏ အတိတ်သမိုင်း ဖြစ်ရပ်များသည် မှတ်သားစရာ၊ အားတက်ဂုဏ်ယူစရာ၊ သခ်ဏ်းစာယူစရာ လိုက်နာရမည့် အချက်အလက်များနှင့် ပြည့်နက်လျှက် ရှိပါသည်။ ရခိုင်သမိုင်း၊ ရခိုင်ယဉ်ကျေးမှု၊ အနုပညာ စာပေများမှာ အနှစ် (၂၀၀)ကျော် ရှည်လျှားသော ဗမာပဒေသရာဇ် နယ်ချဲ့၊ အင်္ဂလိပ် နယ်ချဲ့၊ ဖက်ဆစ်ဝါဒီတို့၏ ကျွန်ဘဝ လောင်းရိပ်အောက်၌ မှေးမှိန် ပျောက်ကွယ်ခဲ့ရသည်။

ရခိုင်လူမျိုးတို့၏ နိုင်ငံတော်တွင် မာရယုမင်း မှအစ မဟာသမ္မတမင်း အဆုံးရှိသော မင်းဆက်ပေါင်း (၂၅၀)ကျော်နန်းစံနှစ်ပေါင်း (၅၀၀၀)ငါးထောင်ကျော်၊ ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦ ခေတ်ကြီး (၄)ခေတ်ဖြင့် နေလာခဲ့ကြရာ စာပေ ယဉ်ကျေးမှု အနုပညာ အဆင့်အတန်း၊ မြောက်ဦခေတ်တွင် အထွဋ်အထိပ်သို့ ရောက်ရှိခဲ့သည်။ သို့ရာတွင် မိမိတို့ လူမျိုး အချင်းချင်းရင်ကြားစေ့မှု အားနည်းပြီး၊ သူတလူ ငါတမင်း စည်းလုံးရေး အစည်းပြေခဲ့သဖြင့် နိုင်ငံနှင့် လူမျိုး မှာ ကျွန်ဘဝသို့ ရောက်ရှိခဲ့လေသည်။ ယဉ်ကျေးမှု အဆောက်အဦ တခုလုံးသည်လည်း ၊ မီးလောင်တိုက် သွင်းခြင်းကို ခံခဲ့ရလေသည်။

ထိုသို့ ကာလ ရှည်လျားစွာ ကျွန်ပြုခံဘဝဖြင့် နေလာခဲ့ရသော မိမိတို့ ရခိုင်လူမျိုးနှင့် ရခိုင်တိုင်းရင်းသားများသည် မိမိတို့၏ သမိုင်းစဉ်နှင့် ရခိုင်ယဉ်ကျေးမှုများအား ကျယ်ပြန့်စွာ လေ့လာနိုင်အောင် မိမိတို့ ရခိုင်လူမျိုးများ၏ အဖြစ်မှန် သမိုင်းဖြစ်ရပ်များကို ပညာရှင် သုတေသီတို့ထံမှရင်း မိမိတို့ကိုယ်တိုင် ကြိုးပမ်းရှာဖွေယ်ခြင်းဖြင့်၎င်း၊ ရခိုင်ပြည်သူများနှင့် ရခိုင်တိုင်းရင်းသား ပြည်သူများသို့ အုတ်တချပ် သဲတပွင့် အနေဖြင့် ရခိုင့်အားမာန် စာစောင်မှာ တင်ပြသွားမည် ဖြစ်ပါကြောင်း။

**ရခိုင့်အားမာန်**

# ရခိုင်အက္ခရာ ပေါ်ပေါက်လာပုံနှင့် အသွင်ပြောင်းလာပုံ။
## ARAKANESE SCRIPT ITS ORIGIN AND EVOLUTION.



(ဇယားကွက်– ၁) အိန္ဒိယရှေ့ အကျဆုံး မြောက်ပိုင်း ဗြာဟ္မီအက္ခရာ။
(ဇယားကွက်– ၂) စန္ဒသူရိယ မင်းလက်ထက် ဘီစီ–၆ ရာစုမှ အေဒီ– ၃ ရာစု ကုန်ထိ ဓညဝတီခေတ် ကျောက်စာ မြောက်ပိုင်း ဗြာဟ္မီအက္ခရာအတိုင်းပင်။

The Brahmi Script (Column 2) Of The Dannyawaddy Age (From The Period Of Sanda Suria. 600 B.C To The End Of 3rd Century A.D) Is Exactly Similar To The Original Brahmi Scripts Of Northern India (Column 1).
(ဇယားကွက်– ၃) အသွင်အနည်းငယ် ပြောင်းလာသော ဝေသာလီ ပဌမခေတ် အက္ခရာ အေဒီ ၄ ရာစုမှ ၇ ရာစုကုန် ထိ။

The Scripts (Column 3) Of The Vesali Period (4th To The End Of 7th Century AD) Under Went Some Changes, But The Basic From Still Remained.
(ဇယားကွက်– ၄) ဝေသာလီ ဒုတိယခေတ် အက္ခရာ (အေဒီ–၈ ရာစုမှ ၁၀ ရာစု အလယ်ပိုင်းအထိ)။ ဇယားဘဲရေးများ ၍ အသွင်ပြောင်းလာသော်လည်း "မူ" မပြောင်းချေ။

The Scripts (Column 4) Of 2nd Vesali Period (8th To The Middle Of 10th Century) Had Some Changes In The Shape Due To The Habit Of Writing On Plam Leaves.
(ဇယားကွက်– ၅) လေးမြို့ခေတ်အက္ခရာ (၁၀ ရာစု ဒုတိယပိုင်းမှ ၁၄ ရာစုကုန်ထိ) ဝေသာလီ ဒုတိယခေတ်နှင့် လေး မြို့ခေတ်။
(ဇယားကွက်– ၆) မြောက်ဦးခေတ် ၁၅ ရာစုမှ ယခုတိုင် အသုံးပြုလျက်ယှိနေသော အက္ခရာများ ဖြစ်ကြ၏။

The Scripts (Column 5) Of Lemro (From 2nd Half Of 10th To The End Of 14th Century) Hadnoappreciable Change The Seripts (Column 6) Of Mrauk Uperiod From 15th Century Are Used To The Present Day.

❖ ❖ ❖ ❖

## ဗိတ်ခေါ်ချက်။

ရခိုင်သမိုင်း သုတေသန အဖွဲ့မှ ထုတ်ဝေ ဖြန့်ချီသည့် ရခိုင့်အားမာန်သည်၊ ရခိုင်လူမျိုးနှင့် ရခိုင် တိုင်းရင်းသားများ၏ ရှေ့ခေတ် ရခိုင့်သမိုင်း အဖြစ်မှန်များကို ပြုစုပြီး ရေးသားထုတ်ဝေ ဖြန့်ချီသွားမည် ဖြစ်ပါသဖြင့် အတတ်ပညာရှင်၊ အသိပညာရှင် လူထုလူတန်းစား ပေါင်းစုံတို့ ထံမှ ရခိုင့်သမိုင်းနှင့် ပတ်သက်သော အကြောင်းအရာ၊ အချက်အလက်များ၊ ဓါတ်ပုံများ၊ စာတမ်းများကို အောက်ဖေါ်ပြပါ လိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။

လေးစားစွာဖြင့်၊

**ရခိုင့်သမိုင်းသုတေသနအဖွဲ့**
**A. H. R. A.**
**Research Association.**
**P.O Box 888**
**SANGKHLA BURI 71240.**
**KANCHANA BURI PROVINCE**
**THAILAND.**

### ကြောဖုံးပုံ၊

ရခိုင်သက္ကရာဇ် (၈၉၃– ၉၁၅)နန်းတက်သော ရခိုင်ဘုရင်မင်းပါကြီးသည်၊ ဘင်္ဂါ (၁၂)မြို့ကို အောင်မြင်တော်မူသည့် အထိမ်း အမှတ် အဖြစ် ရခိုင်သက္ကရာဇ် (၈၉၇)ခုနှစ် တန်ဆောင်မုန်းလပြည့် စနေနေ့တွင် မြောက်ဦးမြို့တော်၌ တည်ခဲ့သည်။ ရန်အောင်ဇေယျ (ရှစ်သောင်း)ဘုရားဖြစ်သည်။ ယင်းဘုရားသည် အလွန် ထူးဆန်း အံ့သြဘွယ် ကောင်းသော ဗိသုကာ အနုပညာ လက်ရာများနှင့် ပြည့်နှက်လျှက် ရှိပါသည်။

### ရှေ့ဖုံး၊

၁၇ရာစုမြို့တော် မြောက်ဦးကို အနောက်ဘက်မှ မြင်ရပုံ၊
**( MROUK U in the seventeenth century.)**
**(View from western sidw)**

### ပန်ကြားချက်။

ဤစာစောင်ကို အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ထားပါသော်လည်း လိုအပ်ချက်များ ရှိနေမည် ဖြစ်ပါ၍ အပြုသဘောဖြင့် ဝေဖန် ထောက်ပြပါရန် ပန်ကြားအပ်ပါသည်။

အယ်ဒီတာ
ရခိုင့်အားမာန်

(ဇယားကွက်– ၁) အိန္ဒိယရှေ့ အကျဆုံးမြောက်ပိုင်း ဗြာဟ္မီအက္ခရာ။

(ဇယားကွက်– ၂) စန္ဒသူရိယမင်းလက်ထက် ဘီစီ–၆ ရာစုမှ အေဒီ– ၃ ရာစု ကုန်ထိ ဓညဝတီခေတ် ကျောက်စာ မြောက်ပိုင်း ဗြာဟ္မီအက္ခရာအတိုင်းပင်။

The Brahmi Script (Column 2) Of The Dannyawaddy Age (From The Period Of Sanda Suria. 600 B.C To The End Of 3rd Century A.D) Is Exactly Similar To The Original Brahmi Scripts Of Northern India (Column 1).

(ဇယားကွက်– ၃) အသွင်အနည်းငယ် ပြောင်းလာသော ဝေသာလီ ပထမခေတ် အက္ခရာ အေဒီ ၄ ရာစုမှ ၇ ရာစုကုန်ထိ။

The Scripts (Column 3) Of The Vesali Period (4th To The End Of 7th Century AD) Under Went Some Changes, But The Basic From Still Remained.

(ဇယားကွက်– ၄) ဝေသာလီဒုတိယခေတ်အက္ခရာ (အေဒီ–၈ ရာစုမှ ၁၀ ရာစု အလယ်ပိုင်းအထိ)။ ဇယားဘဲ ရေးများ ၍ အသွင်ပြောင်းလာသော်လည်း "မူ" မပြောင်းချေ။

The Scripts (Column 4) Of 2nd Vesali Period (8th To The Middle Of 10th Century) Had Some Changes In The Shape Due To The Habit Of Writing On Plam Leaves.

(ဇယားကွက်– ၅) လေးမြို့ခေတ်အက္ခရာ (၁၀ ရာစု ဒုတိယပိုင်းမှ ၁၄ ရာစုကုန်ထိ) ဝေသာလီ ဒုတိယခေတ်နှင့် လေးမြို့ခေတ်။

(ဇယားကွက်– ၆) မြောက်ဦးခေတ် ၁၅ ရာစုမှ ယှူတိုင် အသုံးပြုလျက်ယှိနေသော အက္ခရာများ ဖြစ်ကြ၏။

The Scripts (Column 5) Of Lemro (From 2nd Half Of 10th To The End Of 14th Century) Hadnoappreciable Change The Seripts (Column 6) Of Mrauk Uperiod From 15th Century Are Used To The Present Day.

## <u>အကိုးအကားမြချက်များ</u>

## <u>RERERENCE.</u>


၁။ အာသောကမင်းကျောက်စာ– မြောက်ပိုင်းဗြာဟ္မီအက္ခရာ။

Rock Edits of Asoka (c. 273. 32 B.C) Northern Brahmi Script.

၂။ မိလိန္ဒမင်းကျောက်စာ– ခရောသျှဋ္ဌိအက္ခရာ။

Shinkot Casket Inscriptions of Menander (c. 115. 90 B.C) Kharoshthi Script.

၃။ နာဂါဂျုနိကွန်ဒါကျောက်စာ– တောင်းပိုင်းဗြာဟ္မီအက္ခရာ။

Nagarjunikonda Inscriptions (3rd. Century A.D) Of Virapurshadatta. S. Brahmi.

၄။ ဂုပ္ပတာခေတ်– ကြေးနီပုရပိုက်စာ– မြောက်ပိုင်းဗြာဟ္မီအက္ခရာ။

Baigram Copperplate Inscriptions Of The Gupta Year 128 = 448 A.D,N. Brahmi.

၅။ ဂေါတမဘုရား ရခိုင်ပြည်သို့ သွားရောက်တော်မူကြောင်း ရေးထိုးထားသော ဓညဝတီကျောက်စာ။ မြောက်ပိုင်း ဗြာဟ္မီအက္ခရာ။

Dannyawaddy Inscriptions Recording The Visit Of Lord Buddha To Arakan In 568 B.C. Northern Brahmi.

၆။ ဝေသာလီမြောက်ဘက်– တနေရာယှိ စေတီတဆူမှ တွေ့ရသော ကျောက်ဆင်းတုတော်၏ ကြောဘက်၌ ရေးထိုးထားသော ကျောက်စာ– မြောက်ပိုင်းဗြဟ္မီ။

Inscriptions On The Pedestal Of A Stone Image Of Lord Buddha Found In The Pagoda North Of Vesali (About 300 B.C) Northern Brahmi.

၇။ ဒွါရာဝတီ– ငလွန်းမော်ကျောက်စာ– မြောက်ပိုင်းဗြာဟ္မီ။
Nga-Nul- Maw Inscriptions Of Dwarawaddy (About 300A.D ) N. Brahmi .

၈။ ဝေသာလီဘုရားကြီးကျောက်စာ– မြောက်ပိုင်း ဗြာဟ္မီ။
Vesali Inscriptions On The Pedestal Of A Stone Image Of Lord Buddha (320- 30 A.D) Northern Brahmi Scripts

၉။ နီတိစန္ဒြကျောက်စာ– Netichandra Inscriptions. 470 A.D.

၁၀။ ဝီရစန္ဒြကျောက်စာ– Vira Chandra Inscriptions. 525 A.D.

၁၁။ အာနန္ဒစန္ဒြကျောက်စာ– Ananda Chandra Inscriptions. 668 A.D.

၁၂။ ဝေသာလီ အရှေ့မျက်နှာ ကျုံးအနီး စေတီတဆူမှ ရရှိသောကျောက်စာ။
The Pagoda Indcriptions Found Near The Eastern Moat Of Vesali. 600 A.D.

၁၃။ ဝေသာလီကြေးဆီမီးခွက် ကမ္ပည်းစာ။
Inscriptions Of The Brass Lamp Of Vesali (1st Half Of The 10 th Century.)

၁၄။ လေဒမြို့ခေတ်– သီဟိုဠ်၊ အလောမာဖြူမင်းကျောက်စာ။
Lemro Period Inscriptions Of King Alaw. Mar. Pru Who Visited Ceylon. 1256.

၁၅။ လေးမြို့ခေတ်– မင်းထီး၏ ဗုဒ္ဓဂါယာ– မဟာဗောဓိကျောက်စာ။
Min. Hti's Buddha- Gaya Maha Bodhi Indcriptions. 1298.

၁၆။ မြောက်ဦးခေတ်ကျောက်စာများ Inscriptions Of Mrauk U Period (15th.To 18th. Century.)

၁၇။ ဝေသာလီ– ဒေဝစန္ဒြဒင်္ဂါး။ Vesali Deva Chandra Coins. 404 A.D.

၁၈။ ״ နီတိစန္ဒြဒင်္ဂါး။ Vesali Neti Chandra Coins. 407 A. D.

၁၉။ ״ ဝိရစန္ဒြဒင်္ဂါး။ Vesali Vtra Chandra Coins. 525 A. D.

၂၀။ ״ ပြိတိစန္ဒြဒင်္ဂါး။ Vesali Patti Chandra Coins. 528 A. D.

၂၁။ ״ ဓိတိ စန္ဒြဒင်္ဂါး။ Vesli Dhtti Chandra Coins. 547 A. D.

၂၂။ ״ ဓမ္မ စန္ဒြဒင်္ဂါး။ Vesli Dhamma Chandra Coins. 542 A. D.

၂၃။ ״ စူဠစန္ဒြဒင်္ဂါး။ Vesli Cula Chandra Coins. 950. A. D.

၂၄။ မြောက်ဦးခေတ် ဒင်္ဂါးများ။ Coins Of Mrauk-U (15th To 18 th. Century)

ဦးအောင်သာဦး

## ရခိုင်ဝေသာလီမြို့ဟောင်းကောင်းကင်ဓာတ်ပုံ။



# ဝေသာလီမင်းတပါး၏ မြေလှူအမိန့်မှတ်တမ်း
# ကြေးနီပြား၊ ကျောက်စာ
# (မျက်နှာဖတ်)



ကျောဘက်။



ဝေသာလီဘုရားကြီး ကုန်းကျောက်စေတီမှ
ကျောက်စာ။



ဝေသာလီသင်းကျစ်တော်တောင်ကျောက်စာ။



ဝေသာလီယဉ်ကျေးမှုလက်ရာ။



ရခိုင်ဝေသာလီ ဒုတိယခေါင်းလောင်း၊ စာ။

ဝေသာလီယဉ်ကျေးမှုလက်ရာ။

ဝေသာလီခေတ် ကြေးဆီမီးခွက်ပုံ (၁)။



ဝေသာလီယဉ်ကျေးမှုလက်ရာ။

ဝေသာလီခေတ် ကြေးဆီမီးခွက်ပုံ (၂)။



ဝေသာလီယဥ်ကျေးမှုလက်ရာ။

ရခိုင်ဝေသာလီခေတ် ဗုဒ္ဓဝင်အခန်းခန်းပါ
အနန္တာတူကျောက်စွတ်ဘုရားပုံ။



ဝေသာလီယဉ်ကျေးမှုလက်ရာ။

# သီရိသုဓမ္မရာဇာ နန်းတက်ပွဲ အခန်းအနား

ဤဆောင်းပါးသည် ပေါ်တူဂီ ဘုန်းကြီး ဆေဘတ်စတီယံ မန္နရိတ် **(SEBASTIEN MANRIQUE )** ရေးသားသော **"THE CORONATION OF KING THIRITHUD DAMMA"** ဆောင်းပါးကို ပြန်ဆိုချက် ဖြစ်သည်။ မန္နရိတ်သည် ၁၆၃၀ ပြည့်နှစ်တွင် အိန္ဒိယမှတဆင့် ရခိုင်ပြည်သို့ ရောက်ရှိလာခဲ့ပြီး မြောက်ဦးမြို့တော်တွင် ငါးနှစ် တိုင်တိုင် နေထိုင်သွားခဲ့သည်။ ထိုအချိန်တွင် ရခိုင်ပြည်၌ သီရိသုဓမ္မရာဇာ စိုးစံနေခိုက် ၁၆၂၂ – ၃၈ ဖြစ်ရာ၊ မန္နရိတ်သည်၊ "ရခိုင်ဘုရင်၏ လက်အောက်ခံ" ဘုရင်ငယ် (၁၂)ပါး နှင့် သီရိသုဓမ္မရာဇာတို့၏ နန်းတက်ပွဲ အခန်းအနားကို ၁၆၃၄ – ၃၅ မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသည့် အလျှောက် နှောင်းလူတို့အတွက် မှတ်တမ်းတစောင် ရေးသား ထားခဲ့သည်။

ထိုမှတ်တမ်းအရ 'သီရိ သုဓမ္မရာဇာ'သည် မြောက်ဦးရွှေနန်းကို စိုးစံအုပ်ချုပ်ပြီးနောက် (၁၂)နှစ်ခန့် အကြာတွင် နန်းတက်ပွဲပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ ထိုသို့ဖြစ်ရခြင်းမှာ နန်းတက်ပွဲကျင်းပပြီး ကာလ မကြာမီ ကံတော်ကုန်မည့်အကြောင်း မြင်သည်ဟူ၍ ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့က အဟော ရှိသောကြောင့်ဟု အဆိုရှိခဲ့သည်။

မန္နရိတ်သည် ယင်းမှတ်တမ်းကို နန်းတက်ပွဲ ကျင်းပပြီး (၁၅) နှစ်အကြာတွင်မှရေးသားခဲ့ကြောင်းသိရသည်။ သူ၏ မှတ်တမ်းတွင် ဘုရားဆင်းတုနှင့် နတ်ရုပ် ဘုန်းကြီးနှင့် ပုဏ္ဏားတို့ကို မကွဲပြားဘဲ လွဲမှား ရေးသားထားသည်ကိုလည်း တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ မန္နရိတ်၏ မှတ်တမ်းသည် လွန်ခဲ့သော နှစ်ပေါင်း (၃၆၀)ခန့်က စိုးစံခဲ့ကြသော ရခိုင် ဘုရင်များ ၏ နန်းတက်ပွဲ အခန်းအနားကို တတ်နိုင်သမျှ အသေးစိတ် ဖော်ပြထားသောကြောင့် ရခိုင်နိုင်ငံ၏ အတိတ်သမိုင်းကို လေ့လာလိုက်စားသူ သုတေသနပြုသူများအတွက် တန်ဘိုးရှိသော မှတ်တမ်းတစောင်ဖြစ်သည်ဟု ယုံကြည်သဖြင့် ဤဆောင်းပါးကို ပြန်ဆို ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

(၁)

## တိုင်းပြည်သို့ ကြေငြာခြင်း

"ဘုရင်မင်းမြတ်"၏ ရာဇဘိသေက မင်္ဂလာသဘင် ဆင်ယင်ကျင်းပမည့် အကြောင်းကို လွန်ခဲ့သော (၆)လခန့်ကပင် ပြည်သူ အများသို့ အသိပေးခဲ့ပြီးဖြစ်ရာ ဘိသိက်ပွဲတော် မတိုင်မီ ညချမ်းအချိန်တွင်ကား ရွှေနန်းတော် ရင်ပြင်၌ ကြီးမားသော အမြှောက်လက်နက်များကို အချက်ပေါင်းများစွာ ပစ် ဖောက်လျှက် ပြည်သူအများ ကြားသိစေရန် တရားဝင် ကြေငြာ လိုက်လေသည်။

ထို့နောက် နန်းဆောင်ပြသာဒ် အသီးသီး၌ ဆီမီးတန်းဆောင်များ ထွန်းညှိ၍ အထူးထူးအပြားပြားသော တူရိယာတို့ဖြင့် တီးမှုတ်ဖြေဖျော်ကြလေသည်။ ပွဲတော်နေ့ အရုဏ်မတက်မီ အချိန်တွင် ရွှေနန်းတော်အတွင်းရှိ ဆောင်နန်းဘုံမြင့် အသီးသီး၌ ရောင်မျိုးစုံ အလံများနှင့် တံခွန်ကုက္ကားများ တလူလူ စိုက်ထူထားသည်ကို မြင်တွေ့ရ၏။ ထို့နောက်တွင်ကား လွန်ခဲ့သော ည၌ ကကဲ့သို့ပင် တူရိယာမျိုးစုံ တီးမှုတ်သံများ ပေါ်ထွက်လာ၏။ တူရိယာသံများမှာ ပဌမတွင် နှလုံးစိတ်ဝမ်း ချမ်းစေသော ငြိမ့်ငြောင်းသာယာသည့် အသံများကို တီးမှုတ်ကြပြီးလျှင် နောက်ပိုင်းတွင်မူ စိတ်ဓါတ်အားမာန် တက်ကြွစေသော သေနင်္ ဗျူဟာ တူရိယာများကို တီးမှုတ်ကြလေသည်။ တချိန်တည်းလိုပင် နားကွဲလုမတတ် အမြှောက်သေနတ်များ ထပ်ဆင့်ပေါ်ထွက်လာပြန်၏။ နောက်များမကြာမီ အရုဏ်ကျင်း၍ မိုးစင်စင် လင်းသော အခါတွင် ပြည်သူ အပေါင်းတို့သည် ဝတ်ကောင်းစားလှများကို ဝတ်ဆင်လျှက် မြို့တော် လမ်းမများသို့ အလျှိုလျှို အသကအသက ထွက်လာကြရာ မြင်ကွင်း တခုလုံးမှာ ပျော်ရွှင်စရာအတိ ဖြစ်နေတော့၏။

မှူးမျိုးမတ်နွယ်များနှင့် ရာထူးဌာနန္တရ ရှိသူများက ရွှေနန်းတော်၌ စုရုံးရောက်ရှိနေကြလေသည်။ တူရိယာ ဂီတသံများ ဆူညံစွာ တီးမှုတ်နေသည့် အကြားမှ ဆင်ကြီးတကောင် ရောက်ရှိလာ၏။ ထိုဆင်ကြီးအား ကကြိုးတန်းဆာနံ့လင်စွာ ဆင်ယင် ထားပြီးလျှင် အစွယ်နှစ်ချောင်းတွင်လည်း အဖိုးတန် ကျောက်မျက် ရတနာများ စီချယ်ထားသော အစွယ် ခွေများဖြင့် လှပစွာ ကွပ်ထား၏။ ဆင်၏ ကျောကုန်းပေါ်တွင်မူ ငွေဖြင့်ပြုလုပ်ထားသော ဆင်ပေါင်းကကို တင်ထားလေသည်။ ဆင်ပေါင်းက၏ မျက်နှာစာ လေးဘက်တွင် အကာအရံဟူ၍ ရွှေငွေဖြင့် ပြုလုပ်ထားသော အစိမ်းရောင် ကန့်လန့်ကာများသာ ရှိ၏။ အထဲတွင်မူ ကျောက်မျက်ရတနာ မျိုးစုံ စီခြယ်ထားသော ရွှေလင်ပန်းတခုရှိပြီးလျှင် ရာဇဘိသေက မင်္ဂလာပွဲတော် ကြေငြာချက် ပါဝင်သော ဘုရင်မင်းမြတ်၏ စာချွန်တော်ကို လင်ပန်းပေါ်၌ တင်ထားလေသည်။

ဆင်ပေါင်းက၏ ရှေ့တွင် စစ်ကဲတဦး ထိုင်လျှက် လိုက်ပါလာ၏။ ထိုပုဂ္ဂိုလ်သည်၊ ရွှေပြားများ ကပ်ထားသော အဖြူရောင် ဝတ်ရုံကို ဝတ်ဆင်ထား၏။ ၎င်း၏ ရှေ့တွင်မူ ဆင်ထိန်းသည်၊ မိမိ၏ ထိုင်နေကျနေရာ၌ ထိုင်လျှက် ရှိလေသည်။ ဆင်ထိန်းသည် အနီရောင် ပိုးဝတ်

စုံကို ဝတ်ထားပြီးလျှင် သူ၏ လက်တွင် ချွန်းကို ကိုင်ထား၏။ စစ်ကဲ စီးလာသော ဆင်၏နောက်တွင် စစ်ဆင် (၃၂)ကောင် လိုက်ပါ လာကြ၏။ ထို ဆင် များအား လည်း ရွှေငွေရတနာများနှင့် ကကြိုး တန်းဆာ ဆင်ယင်ထား၏။ ၎င်းတို့၏ ကျောကုန်းပေါ်တွင်မူ သစ်သားဖြင့် ပြုလုပ်၍ ငွေပြား ကွပ်ထားသော ဆင် ပေါင်းကများကို တင်ထားလေ သည်။ ထိုဆင်များ၏ လည်ပင်းတွင် ငွေခေါင်း လောင်းများဆွဲထားပြီး အစွယ် များတွင်မူ ငွေစွယ်ချွေးများ စွပ်ထားလေ သည်။

စစ်ဆင်များ၏ ကျောကုန်းပေါ်မှ ဆင်ပေါင်းက အသီးသီးတွင် ရောင်စုံ ပိုးသား အလံ လေးခုစီ စိုက်ထူထားရာ လေထဲတွင် အလံများ တဖြတ်ဖြတ် လှုပ်ခတ် နေကြသောကြောင့် ၎င်းတို့၏ ပူအိုက်သော ခန္ဓာကိုယ်ကြီးများအား ယပ်ခတ်ပေးနေသကဲ့သို့ ရှိလေသည်။

အဆိုပါ ဆင်တန်းကြီးများရှေ့မှ ဆင်တကောင်ပေါ်တွင်မူ စည်တီးသမား စီး၍ လိုက်ပါ လာလေသည်။ ဆင်ကို ပိုးသား ဒွာဒရာများဖြင့် ဆင်ယင်ထားပြီး လျှင် စည်တီးသမားကမူ အစိမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထား၏။ စည်တီး သမားသည် စည်ကြီးကို အဆက်မပြတ် တီးခတ်လျက်ရှိ၏။ ယင်းတို့အားလုံး၏ ပတ်ပတ်လည်တွင်ကား မြန်မာများ၊ မဂိုများနှင့် ဥဿာပဲခူးသား များဖြင့် ဖွဲ့စည်းထားသော မြင်းသည်တော်(၆၀၀) တို့လိုက်ပါလာကြ၏။မြင်းသည်တော် တို့ သည် အရောင်မျိုးစုံ ပိုးသားဝတ်စုံများကို ဝတ်ဆင်ထားကြပြီးလျှင် ၎င်းတို့၏ မြင်းများကိုလည်း အလားတူပင် ဆင်ယင် ထားကြ၏။ ထိုအချိန်တွင် တူရိယာ ဂီတသံ မျိုးစုံတို့ကို စည်းဝါး ညီညီဖြင့် တီးမှုတ်ကြရာ နားထောင်၍ မငြီးနိုင် အောင်ပင် ရှိလေ၏။ ယင်း ဆင်တန်း မြင်းတန်း ကြီးနောက်မှ များပြားလှသော လူအုပ်ကြီးသည် တသီတတန်းကြီး လိုက်လာကြသဖြင့် လမ်းများကို ဖြတ် ကူး၍ မရနိုင်အောင် ရှိနေတော့၏။

ယင်းသို့လျှင် ဆင်တပ် မြင်းတပ် နှင့် လူအုပ် လူတန်းကြီးသည် ဦးတည်ရာ သို့ ချီတက် သွားကြပြီးနောက် မဏ္ဍပ် ကန္နားများ ထိုးထားသော နေရာသို့ ရောက်လာခဲ့လေသည်။ မဏ္ဍပ်များကို လုပစွာ မွမ်းမံ ပြင်ဆင်ထားသည့် အပြင် အဖိုးတန်ကော်ဇောများကိုလည်း ခင်း ထား၏။ ဤနေရာသို့ ရောက်လာသော အခါ ဆူညံနေသော လူအုပ်ကြီးသည် ရုပ်ခြည်း ငြိမ်သက်သွားပြီး ဂီတသံများ လည်း ပိတ်သွားလေသည်။ ထို့နောက် "ဘိသိက်ပွဲတော် ကြေငြာစာတမ်း" ကို ပြည်သူ အများကြားသိအောင် ဖတ်ကြား လေသည်။

ထို့နောက် ဂင်္ဂါမြစ်မှ မြစ်ရေကို ခတ်ယူရန် အလို့ငှာ လှေ မြန်တော် နှစ်ဆင်းကို စေလွှတ်လိုက်လေသည်။ ဤခရီးမှာ ရခိုင်ပြည်မှ (၁၂)ရက် ၊ (၁၅) ရက်ခရီးဖြစ်၏။ ၎င်းတို့က ဂင်္ဂါမြစ်ကို မြင့်မြတ်သောမြစ်ဟူ၍ ယုံကြည်ကြသည့် အတိုင်း ရခိုင်ဘုရင်များကလည်း ဂင်္ဂါမြစ် ရေဖြင့် ရှေးဦးစွာ ရေချိုးသန့်စင်ပြီးမှ သာလျှင် ကေရာဇ်မင်းမြတ်၏ သရဖူကို ခံယူထိုက်သည်ဟု ယုံကြည်ကြ၏။

(၂)

## မင်းညီ မင်းသားများအား ဘိသိက်သွန်းပွဲ။

မြောက်ဦ ရွှေမြို့တော်နှင့် တကွ ရခိုင်ပြည်တဝှမ်းလုံးတွင် ဘိသိက်ပွဲတော် ကို ကြေငြာခဲ့ပြီးနောက် ခြောက်လ မြောက်သောအခါ နိုင်ငံတဝှမ်းရှိ မင်းညီ မင်းသား မင်းမျိုး မတ်နွယ်များနှင့် ရာထူး ရာခံ ကလန် သံဗျင် အားလုံးတို့သည် ရွှေနန်းတော်သို့ စုရုံးရောက်ရှိလာကြ လေ သည်။

ဤနိုင်ငံမှ ဘုရင်များသည်၊ မိမိကိုယ်တိုင် ကေရာဇ်သရဖူကို မခံယူမီ မင်းညီမင်းသား မှူးမျိုးမတ်နွယ် (၁၂)ပါး တို့အား ရှေးဦးစွာ ဘိသိက်သွန်းပေးရိုး အစဉ်အလာရှိ၏။ ဘိသိက်သွန်းပွဲများကို (၂)ရက်တိုင်တိုင်ကျင်းပပြုလုပ်လေသည်။ ဘိသိက်ခံမည့် မင်းညီ မင်းသားများသည်၊ ထိုရက်များအတွင်း မြို့တော် တခွင်သို့ ကုန်းကြောင်း တကြိမ်၊ ရေကြောင်း တကြိမ် နှစ်ကြိမ် တိုင်တိုင် ခရီးထွက် ရ၏။ နိုင်ငံတော်၏ ရာထူးဂုဏ်သိန် အကြီးမြင့် ဆုံး မင်းညီမင်းသာ အများစု ရောက်ရှိလာသောအခါ ဘုရင်မင်းမြတ် သည်၊ ဘိသိက်မင်္ဂလာ စတင်ကျင်းပရန် အချိန်အခါကို ဆုံးဖြတ်ချက်ချမှတ်တော် မူလေသည်။

သို့ဖြင့် တညဥ့်တာ ကုန်ဆုံး၍ နေ့သစ်ဆန်းသောအခါ အရုဏ်တက် အချိန်တွင် ခေါင်းလောင်းကြီးကို အကြိမ် ပေါင်းများစွာ တီးခတ်လျက် အမြောက် သေနတ် များလည်း ပစ်ဖောက် ကြ၏။ ထိုကာလသည်၊ တနာရီခန့်မျှ ကြာလေ သည်။

ယင်းကာလ လွန်မြောက် ပြီး သောအခါ အချက်ပြ အထိမ်းအမှတ် အဖြစ်ဖြင့် ခေါင်းလောင်းထိုးသံ တချက် ထွက်ပေါ်လာပြန်၏။ ထို အချိန်တွင် ရခိုင်နန်းတော်၌ ရာထူး ဌာနန္တရရှိကြ သော မင်းညီမင်းသာ မှူးမျိုးမတ်နွယ်နှင့် စစ်သူကြီး စစ်ဗိုလ် စသူတို့သည် ရွှေနန်း တော်ခန်းမဆောင်ကြီး၌ တစုတဝေး တည်း စုရုံးကြ၏။ ရွှေနန်းတော် ခန်းမ ဆောင်ကြီးမှာ ကျယ်ဝန်းသည်နှင့် အမျှ ကြမ်းခင်းမှ မျက်နှာကြက် မကျန် အဖိုး တန် ကျောက်မျက်ရတနာ ပိုးဖဲ ကတ္တီပါ တို့ဖြင့် အဆန်းတကျယ် အလှ ချယ်ထား သဖြင့် ရှုမဝအောင် ကြက်သရေ ရှိလှ ပေ၏။

ခန်းမဆောင်ကြီး၏ အလယ် တည့်တည့်တွင် ခန်းမြင့် တံခါးပေါက်ကြီး

**မြောက်ဦး မြို့တော်သို့ လာရောက်ကြသူများမှာ**
**မရေတွက် နိုင်အောင် များပြားလှသောကြောင့် အဝတ်**
**အစားနှင့် ဘာသာစကားကို ခွဲခြားပြီးလျှင်**
**မည်သည့် လူမျိုးဟူ၍ သိနိုင်ဖို့ရန်ပင် မလွယ်ကူလှချေ။**
**နိုင်ငံခြားသား ပေါင်းစုံ တို့သည် မြို့တော်၏**
**လမ်းမများပေါ်တွင် ဈေးတန်းကြီးဖွင့်၍ ကုန်ပစ္စည်းပေါင်း**
**များစွာကို ရောင်းချကြ၏။**
**ရောင်းချသော ကုန် ပစ္စည်းများကို စာရင်းပြုလုပ်၍ကား**
**လုံး၀ မဖြစ်နိုင်ချေ။**

တခုရှိ၍ ယင်းတံခါးပေါက် အပေါ်မှ အဖြူရောင် ကတ္တီပါသားကို မကျွပ်သဖွယ် မိုးလျှက်ထားလေသည်။ ကတ္တီပါသားပေါ်တွင်လည်း အပြာရောင် နီလာပွင့် ကြီးများ စီချယ်ထားသော ရွှေကြယ်ပြားများကို ကွပ်ထား၏။ ကတ္တီပါ အမိုး၏ လေးဘက် လေးတန် အစွန်အဖျားများတွင်လည်း ရွှေပန်းဖွားများ ပြုလုပ်ထားပြီးလျှင် ဖြူဖွေးလှပသော ပုလဲလုံးကလေးများကို အစီအရီ သီကုံးထား၏။

ဤအပြင်အဆင်သည်၊တံခါးပေါက်ပေါ်မှ တွဲလောင်းချထားသော အလားတူ အဘိုးတန် ကတ္တီပါသားနှင့် အလွန် လိုက်ဖက်လှပေ၏။

တံခါးပေါက် အတွင်းဘက်တွင်ကား အလွန်နူးညံ့လှပသော ရွှေဇာလွှာကို ကန့်လန့်ကာသဖွယ် ကာထားလေ သည်။ ခန်းမဆောင်ထဲမှ စင်မြင့်ပေါ်တွင်မူ ရွှေကြိုးများဖြင့် ကြက်ထားသော စည်ကြီးတလုံးကို တင်ထား၏။ ဤသို့သော ပွဲတော်မျိုးတွင် စည်တီးသမားသည်၊ သူ၏တာဝန်ကို ဝတ္တရားမပျက်ဆောင်ရွက်ရသည်မှာ အစဉ်အလာ တရပ်ပင် ဖြစ်လေသည်။

သတ်မှတ်ထားသော အချိန်သို့ ရောက်၍ စည်တီးသမားသည်၊ စည်ကြီးကို နောက်ဆုံးတချက် တီးခတ် လိုက်ချိန်တွင် ပဆစ်ဒူးတုတ်ထိုင်နေကြသော ပရိသတ်အားလုံးတို့သည် ရှိခိုးဦးတင် အရိုအသေပြုကြပြီးနောက် မတ်တပ်ရပ်၍ နေရာယူကြရလေသည်။

ထိုအချိန်တွင် ဘုရင်မင်းမြတ်သည် ရွှေနှင့် ပုလဲများဖြင့် စီချယ်ရက်လုပ် ထားသော မြစိမ်းရောင် ဝတ်ရုံတော်ကို ဝတ်ဆင်ကာ ခန်းမဆောင်အတွင်းသို့ ကြွမြန်းတော်မူလာလေသည်။ ဘုရင်မင်းမြတ်၏ လည်ပင်းတွင် အဘိုးတန် ပုလဲကုံးများကို တရစ်ပြီး တရစ် ဆင့်ကာ ဆင့်ကာ ဝတ်ထားပြီးလျှင် လကျ်ာ ဘက်လက်တွင်မူ ရွှေယပ်ကို ကိုင်ထား၏။ ရွှေယပ်တွင် အစိမ်းရောင် မြများကို ကွက်ကြားကွက်ကြား စီချယ်ထားသဖြင့် ဘုရင်မင်းမြတ်၏ ဝတ်ရုံတော်အရောင်နှင့် အလွန်တရာပင် လိုက်ဖက်လှပေ၏။

ထို့နောက် ဘုရင်မင်းမြတ်သည်၊ ငွေလှေကားထစ် ခြောက်ဆင့် ရှိသော ပလ္လင်ပေါ်မှ ငွေသလွန်ပေါ်တွင် ထိုင်တော်မူလေသည်။ သလွန်တဘက် တချက်တွင် သားမွေးယပ်ကိုင်ထားသော အပျိုတော်ကလေးနှစ်ဦးတို့ရပ်လျှက် ဘုရင်မင်းမြတ်အား ညင်သာစွာဖြင့် ယပ်ခတ်ပေးနေကြလေသည်။ ရာဇပလ္လင် ပတ်လည်တွင် အဝါရောင်ဝတ်ရုံဝတ်ထားပြီး ခေါက်ချာ ဆောင်းထားသော ပုဏ္ဏား (၃၀)တို့ ရပ်လျှက်ရှိလေသည်။ ပလ္လင်ပေါ်တွင် ဘုရင်မင်းမြတ်ထိုင်တော်မူပြီးသော အခါ ဆိုင်းဝိုင်း (၃)ဝိုင်းမှ တူရိယာမျိုးစုံဖြင့် တီးမှုတ်ဖြေဖျော် ကြလေသည်။

တူရိယာများနှင့် တွဲဘက်လျှက် တေးသီချင်းမျိုးစုံတို့ကိုလည်း သာယာနာပျော်ဘွယ် သီဆိုကြ၏။ သို့ရာတွင် ရခိုင်ဘာသာ မြန်မာဘာသာနှင့် မွန်ဘာသာတို့ဖြင့် အလှည့်အလည် သီဆိုကြသောကြောင့် ဤမျှ အဆင့်အတန်းမြင့်မားသော ဝေါဟာရများကို ကျွန်ုပ်သည် လုံး၀ နားမလည်နိုင်အောင် ဖြစ်ရလေ၏။

တေးဂီတဖြင့် တနာရီခန့်မျှ ဖြေဖျော်ပြီးသောအခါ ချောမော လှပသော အပျိုတော်ကလေး (၂၄)ယောက် ဝင်ရောက် လာလေသည်။ သူတို့သည် အစိမ်းရောင်နှင့် အဖြူရောင် ဝတ်စုံများကို ဝတ်ဆင်၍ ခေါင်းပေါ်တွင် စီးပုံများဆောင်ထား ကြလေသည်။ သူတို့၏ လက်ထဲတွင်မူ တူရိယာအမျိုးမျိုးကို ကိုင်ထားကြပြီးလျှင် တခါတရံ နှစ်စုခွဲ၍

သော်ငင်း၊ တခါတရံ တစုတပေါင်း တည်းသော်ငင်း တီးရင်း မှုတ်ရင်း ဆန်းပြား ကျွမ်းကျင်စွာ သီဆို ကခုန်ကြသည်မှာ အလွန်တရာမှ ကြက်သရေရှိလှ၏။

ကချေသည် အပျိုတော်ကလေးများ ပြန်ထွက်သွား ပြီးသောအခါ ဂီတသံများသည် မမြင်ရသော နေရာများမှ ပေါ်ထွက်လာပြန်လေသည်။ ဂီတသံနှင့် အတူ အဖြူရောင် ဝတ်ဆင်ထားသော အပျိုတော်ကလေး (၁၂)ယောက် ဝင်ရောက်လာပြန်လေ၏။

၎င်းတို့၏ လည်ပင်းတွင်ရွှေကြိုးနှင့်ပုလဲကြိုးများဆွဲထားပြီးလျှင် ခေါင်းပေါ်တွင်ကား ရွှေပန်းကုံး ငွေပန်းကုံးနှင့် အရောင်မျိုးစုံ ပိုးသား ပန်းပွင့်များကို ပန်ဆင်ထားကြလေသည်။ အပျိုကလေး အသီးသီးလက်ထဲတွင် ရွှေသရဖူ တခုစီ ကိုင်ထားကြ၏။ ထို့နောက် အနီရောင် ကတ္တီပါ ဝတ်ရုံပွကြီးများကို ဝတ်ဆင်ထားကြပြီးလျှင် လက်ထဲတွင် ငွေတောင်ဝှေး ကိုယ်စီကိုင်ထားသော အဘိုးအို (၁၂)ယောက် ဝင်ရောက် လာလေသည်။

အဆိုပါ အပျိုတော် ကလေး (၁၂)ယောက်တို့သည် ဘုရင်မင်းမြတ်အား ရှိခိုးဦးတင် တကြိမ် ပြုကြပြီးလျှင် ပလ္လင်အနီးသို့ ကပ်သွားကြပြီးနောက် ၎င်းတို့လက်ထဲမှ သရဖူများကို ဘုရင်မင်းမြတ်၏ ခြေရင်း၌ အသီးသီး ချထားလိုက်ကြလေသည်။ ထို့နောက် ဘုရင်မင်းမြတ်၏ ခြေအစုံကို ဦးတိုက် ရှိခိုးပြီးနောက် ခန်းမဆောင်အတွင်းမှ ပြန်လည်၍ ထွက်ခွာသွားကြ၏။ နောက်ထပ် အပျိုတော်ကလေး (၁၂)ယောက်တို့သည် ယခင် အတိုင်းပင် ဝတ်စား ဆင်ယင်၍ ဝင်ရောက် လာပြန်၏။ သို့ရာတွင် သူတို့လက်ထဲ၌ ကိုင်လာသော အရာများမှာ ယခင်အပျိုတော်ကလေးများကဲ့သို့ သရဖူများမဟုတ်မူဘဲ ရွှေဖြင့်ပြုလုပ်ထားသော ရာဇ လုံတံများသာ ဖြစ်၏။ ၎င်းတို့သည် ယင်းရာဇ လုံတံများကို ယခင်အတိုင်းပင် ဘုရင်မင်းမြတ်၏ ခြေရင်း၌ ချထားလိုက်ကြလေသည်။

ချက်ချင်းပင် ဘီသိက် ခံမည့် မင်းသား ဝင်ရောက်လာလေသည်။ သူ၏ အမည်မှာ ထွန်းတုံးစားဖြစ်သည်။ သူကား ရုပ်ရည်ချောမောသော မင်းပျို မင်းလွင် တဦးဖြစ်၏။ ငွေချည်ထိုးအနီရောင် ကတ္တီပါ ဝတ်စုံဝတ်ထား၏။ ခေါင်းပေါ်တွင်မူ ရိုးရိုး ခေါင်းပေါင်းကိုသာ ပေါင်းထား၏။ ဤမင်းသားကလေး၏ ရှေ့တွင် ငယ်ကျွန်တော် (၄၀)တို့ အလျှင် ဝင်ရောက်လာကြလေသည်။ ရုပ်ရည်ချောမောသော လူငယ်များ ဖြစ်ကြ၏။ အပြာနှင့် အဖြူ ဝတ်စုံများကို ဝတ်ဆင်၍ ခေါင်းပေါ်တွင်လည်း အပြာနှင့်အဖြူရိုးရိုး အုပ်ပေါင်းများ ပေါင်းထားကြလေသည်။

မင်းသား ငယ်လည်း ဘုရင်မင်းမြတ် မြင်နိုင်လောက်သည့် နေရာသို့ ရောက်သောအခါ ရှိသေလှစွာဖြင့် ဝတ်တွား ရှိခိုးလိုက်၏။ ထို့နောက် သူသည် မတ်တပ်ရပ် လိုက်ပြီးနောက် ရှေ့သို့ အနည်းငယ် ရွှေ့သွားလျှက် ထပ်မံ ဝတ်တွား ရှိခိုးလေသည်။

ထိုအချိန်တွင် ပလ္လင် ပတ်လည်တွင် ရပ်လျှက်ရှိသော ပုဏ္ဏားများအနက်မှ ပုဏ္ဏား လေးယောက်တို့သည် မင်းသားငယ်အား ဝတ်နေရာမှ ထူပေးပြီးလျှင် တယောက် တဘက် တွဲလျှက် ပလ္လင်လှေခါးရင်းအထိ ခေါ်သွားကြ၏။ မင်းသား ငယ်သည် ဤနေရာ တွင်လည်း ဘုရင် မင်းမြတ်အား ဦးတိုက်လျှက် အကြိမ်ကြိမ် ရှိခိုးလေသည်။ ထို့နောက် ပုဏ္ဏားများသည် မိမိတို့နေရာ အသီးသီးသို့ ပြန်လာကြလေသည်။ စည်တီးသံ ပေါ်ထွက်လာပြီး တခန်းလုံး ငြိမ်သက်သွားလေ၏။ ဤတွင် အဝါရောင် ကတ္တီပါ ဝတ်ရုံဖြင့် ပုဏ္ဏားလေးယောက် ဝင်လာလေသည်။ အလယ်မှ ပုဏ္ဏား၏ လက်ထဲတွင် ရွှေဖြင့်ထုလုပ်ထားသော နတ်ရုပ် တခုကို ကိုင်ထား လေသည်။ ထိုရုပ်တုမှာ (၁၂) လက်မခန့် မြင့်၍ ခေါင်းပေါ်တွင် ပန်းကုံး တကုံးကို ပန်ဆင်ထား၏။

ပလ္လင် အနီးသို့ ပုဏ္ဏားသုံးယောက် ရောက်လာသောအခါ ဘုရင်မင်းမြတ်သည် သလွန်ပေါ်မှ ဆင်း၍ ဘေးတွင် ရပ်နေလိုက်၏။ ထိုအခါ ရုပ်တုကိုင်ထားသော ပုဏ္ဏားသည် ဘုရင်မင်းမြတ်၏ နေရာတွင် ဝင်ရောက် ထိုင်လိုက်လေသည်။

ထို့နောက်တွင် အခြား ပုဏ္ဏား နှစ်ယောက်တို့သည် မင်းသားငယ် ဝတ်တွား ရှိခိုးနေရာသို့ လျှောက်လာပြီးနောက် မင်းသားငယ်အား ထူမလျှက် ပလ္လင်ထိပ်သို့ ခေါ်ဆောင်သွားကြလေသည်။ ပလ္လင်ပေါ်သို့ရောက်သောအခါ မင်းသားငယ်သည် ခုနစ်ကြိမ်တိတိ ဦးညွှတ် ရှိခိုးပြီးနောက် ပုဏ္ဏားလက်ထဲမှ ရုပ်တုကို ယူပြီးလျှင် မိမိ၏ ခေါင်းပေါ်သို့ တင်လိုက်လေ၏။ ထို့နောက်သူသည် ပလ္လင်ရှေ့တွင် ဒူးတုပ်လျှက် ပုဏ္ဏားကြီး တိုင်ပေးသည့် အတိုင်း တစုံတရာကို အသံကျယ်စွာဖြင့် လိုက်၍ ရွတ်ဆိုလေသည်။ ဤသည်ကား မင်းသားငယ်သည် မိမိ၏ အရှင် သခင် ဘုရင် မင်းမြတ် အပေါ်တွင် သစ္စာ စောင့် သိပါမည် ဟူ၍ နတ်ရုပ်တုကို သက်သေပြုလျှက် သစ္စာ ဓိဋ္ဌာန် ကြိမ်ဆိုခြင်းပင်ဖြစ်၏။ ယင်းသို့ သစ္စာပြုပြီးသောအခါ မင်းသားငယ်သည်၊ ထပ်မံ၍ ဦးညွှတ်ရှိခိုးပြန်၏။ ထို့နောက် ပုဏ္ဏားကြီးသည် မင်းသားငယ် ထံမှ နတ်ရုပ်ကို ပြန်ယူပြီးနောက် အဖော် ပုဏ္ဏား နှစ်ယောက်နှင့်အတူ ပလ္လင်ပေါ်မှ ပြန်ဆင်း လာခဲ့လေ၏။

ဤတွင် ဘုရင်မင်းမြတ်သည် မူလနေရာတွင် ပြန်ထိုင်တော် မူလေသည်။ ထို့နောက် ပုဏ္ဏား တယောက်သည် ဘုရင်မင်းမြတ်၏ လကျ်ာဘက်တွင်ရပ်ပြီးလျှင် ဘုရင် မင်းမြတ်အား

တဝက်၊ ရွှေနန်းတော် ပရိသတ်အား တဝက် မျက်နှာမူလျက် အောက်ပါ အမိန့်တော်ပြန်တမ်းကို အသံကျယ်ကျယ် ဖြင့်ဖတ်ကြားကြေငြာလေသည်။

ဆင်ဖြူတော် သခင်လည်း ဖြစ်တော်မူသော ပဲခူးနှင့် မြန်မာနိုင်ငံ တော်တို့ကိုလည်း ဆက်ခံပိုင်ခွင့်ရှိတော် မူသော ဘင်္ဂလား (၁၂) ပြည်ထောင်မင်း အပေါင်းတို့၏ ဦးညွတ်ရာ အရှင် သခင် လည်း ဖြစ်တော်မူသော ရေမြေသနင်း ဧကရာဇ်မင်းမြတ်လည်း ဖြစ်တော်မူ သော ရခိုင်ပြည့်ရှင် ဆလင်ရှား (သီရိ သုဓမ္မရာဇာ) အမည်တွင်သော ဘဝရှင် မင်းမြတ်ဘုရား။

ကျွန်ုပ်တို့၏ ဦးထိပ်သခင် ဘုရင်ဧကရာဇ်မင်းမြတ်ဖြစ်တော်မူသော အရှင်မင်းမြတ်သည် ဤကမ္ဘာ မြေပြင်ရှိ မင်းအပေါင်းတို့ထက် ဘုန်းတန်ခိုး အာဏာစက် ထက်မြက် ထွန်းတောက် နိုင်ပါစေ သတည်း။

"ဦးရစ်တောင်ဘုရင်အဖြစ် ဖြင့် အရှင်မင်းမြတ်၏ ရွှေဖဝါးတော်အောက် ၌ ဦးညွတ်ပြီးလျှင် အရှင်ဘုရား၏ သစ္စာ တော်ကို ခံယူနိုင်စိမ့်သောငှာ ဤနေ့ ဤရက်၌ အကျွန်ုပ်သည် ဤရွှေသရဖူ မကိုဋ်ကို ထွန်းတုံးစား၏ ဦးခေါင်း ပေါ်တွင် ဆောင်းပေးခြင်းဖြစ်ပါသည် အရှင်ဘုရား။"

ဤပြန်တမ်းကို ဖတ်ကြားပြီး လျှင် ပြီးချင်း ပုဏ္ဏားနှစ်ယောက်သည် ရှေ့သို့ထွက်လာပြီးလျှင် သရဖူ တခုနှင့် ရာဇလှံတံ တခုတို့ကို ယူလျက် ဘုရင် မင်းမြတ်၏ ခြေရင်း၌ ချထားလိုက် ကြ လေသည်။ ထို့နောက် ၎င်းတို့သည် ဘိသိက်ခံ ဘုရင်သစ် ရှိရာသို့ လျောက် လာကြပြီးလျှင် ၎င်းအား ဝပ်တွားရှိခိုး နေရာမှ ထစေ၍ ဘုရင် မင်းမြတ် ရှေ့တော် မှောက်သို့ ခေါ်ဆောင်သွားကြ လေသည်။ ပြီးလျှင် ပုဏ္ဏားများက ၎င်း အား ဒူးထောက် ထိုင်စေ၏။ ပုဏ္ဏား တယောက်က သရဖူကိုကောက်ယူကာ ဘုရင်မင်းမြတ်၏ လက်ထဲသို့ ကမ်းပေး လိုက်၏။ ဘုရင်မင်းမြတ်သည် သရဖူကို ဘိသိက်ခံ ဘုရင်၏ ဦးခေါင်း ပေါ်တွင် ဆောင်းပေးလိုက်လေသည်။ ထို့နောက် အခြားပုဏ္ဏား တယောက်က ရာဇလှံတံ ကို ကောက်ယူလျက် ဘုရင်မင်းမြတ်အား ဆက်သ လိုက်ရာ ဘုရင်မင်းမြတ်သည် အဆိုပါ ရာဇလှံတံကိုလည်း ဘိသိက်ခံ ဘုရင်အား ပေးတော်မူလေ၏။

ဘုရင်သစ်သည် သရဖူကို ဦးခေါင်းတွင်ဆောင်းလျက် ရာဇလှံတံကို လက်ဝဲလက်တွင် ကိုင်ပြီးလျှင် ဘုရင်မင်း မြတ်၏ ခြေ အစုံကို ငါးကြိမ် တိုင်တိုင် ဦးတိုက်ရှိခိုးလေသည်။ ဤအပြုအမူကား မိမိအား ဘိသိက်သွန်း၍ ဘုရင်ဖြစ်အောင် ကျေးဇူး ပြုခဲ့သော ပုဂ္ဂိုလ်အား မိမိ၏ အရှင်သခင်အဖြစ်အသိအမှတ်ပြုကြောင်း သက်သေ ပြလိုက်သော အပြု အမူပင် ဖြစ်လေ သည်။

ဤနောက်ဆုံး အခန်း အနား ပြီးဆုံးသွားသောအခါ စည်သံသုံးချက် ပေါ်ထွက်လာပြီးနောက် ပရိသတ်အား လုံး ဘုရင်မင်းမြတ်အား ဦးတိုက်လိုက် ကြလေသည်။ထိုအချိန်တွင် ကန့်လန့်ကာ ကျလာပြီး ဘုရင်မင်းမြတ်လည်း ခန်းမ ဆောင်မှ ပြန်လည်ထွက်ခွာ သွားလေ တော့သည်။

(၃)

## မြို့တွင်း လှည့်လည်ပွဲနှင့် စားသောက်ပွဲ။

ကန့်လန့်ကာ ချလိုက်ပြီးသည် နှင့်တပြိုင်နက် တူရိယာသံများ ပေါ်ထွက် လာကြပြန်လေသည်။ ဘိသိက်ခံပြီးစ ဖြစ်သော ဦးရစ်တောင် ဘုရင်သည် နေရာမှထလျက် ငယ်ကျွန်တော်များ ခြံရံပြီးလျှင် နန်းမဆောင်ကြီးသို့ လာခဲ့ လေ၏။ နန်းမဆောင်ကြီးထဲ၌ ဦးရစ် တောင် ဘုရင်အား အခြားသော မင်းညီ မင်းသားများနှင့် မှူးမျိုးမတ်နွယ်များက ဝမ်းမြောက် ဝမ်းသာ ဂုဏ်ယူ ချီးကျူး ကြလေသည်။

ထို့နောက်တွင် ကျွန်ုပ်တို့ အား လုံးသည် ဘုရင်သစ်ကို ကျွန်ုပ်တို့နှင့်အတူ ခေါ်ဆောင်ပြီးလျှင် ပြန်လည် ထွက်ခွာ လာခဲ့ကြ လေသည်။ ရွှေနန်းတော် ဒုတိယ နန်းရင်ပြင်သို့ ရောက်လာသော အခါ ဆင်တပ် ဗိုလ်မှူးက ဘုရင်သစ်အား ဆင်ကြီးတကောင်ကို ဆက်သလေသည်။ ဘုရင်၏ ဝတ်လဲတော် အဆင်နှင့် လျော်ညီစွာပင် ဆင်ကိုလည်း ငွေနားကွပ် အနီရောင်ကတ္တီပါသားဖြင့် ဆင်ယင် ပေးထားလေသည်။ ဦးရစ်တောင် ဘုရင် သည် လက်ဆောင်ဆင်ပေါ်သို့ တက်သွား သောအခါ အခြားသော မင်းညီ မင်းသား များနှင့် မှူးမျိုးမတ်နွယ်များကလည်း မိမိ တို့၏ ဆင်များပေါ်သို့ အသီးသီး တက် ကြလေသည်။

နန်းရင်ပြင် အတွင်း၌ လူထု ပရိသတ်၏ အော်ဟစ်ပြောဆို သံများနှင့် တူရိယာသံများမှာ လွန်စွာမှ ဆူညံလျက် ရှိလေသည်။ ဤသို့ ဆင်တပ် မြင်းတပ် အလုံးအရင်းဖြင့် ပွဲကြီးသဘင် ဆင်ယင် ကျင်းပရာတွင် ဆင်များ၏ အန္တရာယ်ကို မရှောင်လွှဲနိုင်သည့် အလျောက် အချို့လူ များ ထိခိုက် ဒါဏ်ရာ ရကြမည်မှာ မလွဲချေ။

ကျွန်ုပ်တို့သည် ရွှေနန်းတော် မုခ်ဝသို့ ရောက်လာခဲ့ကြ၏။ ထိုအချိန် တွင် အမြောက်သံတချက် ကျယ်လောင် စွာ ထွက်ပေါ်လာပြန်၏။ ဤသို့လျှင် အမြောက်သံနှင့် လူသံများ ပွက်ပွက် ညံကာ ရှုတ်ထွေး ပွေလီမ် နေသည့် အထဲမှပင် ကျွန်ုပ်တို့သည် မုခ်တံခါးကို ကျော်ခဲ့ပြီးလျှင် ရွှေမြို့တော် လမ်းမကြီး များပေါ်၌ အောက်ပါအစီအစဉ်အတိုင်း လှည့်လည်လာခဲ့ကြ၏။

ပဋ္ဌမဦးစွာမြင်းတပ်နှင့် မိန်းမစိုး ခါးရှည်ကိုင်တပ်မှူးက ဦးဆောင်လာ၏။ ဤတပ်မှူးမှာ မဟာဗေဒင် ဘာသာဝင် မူဆလင်လူမျိုးဖြစ်လေသည်။ သူသည် ငွေပြားကွပ် အစိမ်းရောင် ဝတ်စုံကို ဝတ်ဆင်ကာ အရေဗျ မြင်းဖြူကြီး ကို စီးလာ၏။ သူ့လက်အောက်တွင် မြင်းစီးသူရဲကောင်း (၆၀၀) ခြောက်ရာ တို့အား တပ်ခွဲ သုံးခုခွဲ၍ အုပ်ချုပ်လာ၏။

ပဋ္ဌမတပ်ခွဲမှ မြင်းစီးသူရဲများမှာ မဂိုအမျိုးသားများ ဖြစ်ကြသည်။ သူတို့သည် ပိုးသားဝတ်စုံအမျိုးမျိုးကို အရောင်အမျိုးမျိုးဖြင့် ဝတ်ဆင်ထားကြလေသည်။ သူတို့၏ ပုခုံးပေါ်တွင် အစိမ်းရောင် ဆေးသုတ်ထားသော လေးများကို လွယ်ထားကြ၏။ သူတို့၏ ကျောသိုင်းခါးပတ်များတွင် မြှားကျည်ထောက်များနှင့် ခါးလွယ်ကောက်များကို ချိတ်ဆွဲထားကြ၏။ ဤတပ်ခွဲမှ မြင်းအားလုံးကို အစိမ်းရောင် ကကြိုးတန်းဆာများဖြင့် ဆင်ယင်ထားလေသည်။

ဒုတိယ တပ်ခွဲမှ မြင်းစီးသူရဲကောင်းများမှာ ပဲခူးသားများ ဖြစ်လေသည်။ သူတို့သည် ခရမ်းရောင် ဝတ်စုံများကို ဝတ်ဆင်ထားကြသည်။ သူတို့၏ ခါးပတ်များတွင် ခါးရှည် ကြီးများ ချိတ်ဆွဲထားပြီး ခါးအိမ်များကို ငွေကွပ်ထားကြ၏။ လက်ထဲတွင် ဒိုင်း၊ လှံများကို ကိုင်ထားကြ၏။ ဒိုင်းလှံများမှာ အလျား (၁၆)လက်မမှ လက်မ(၂၀)အထိ ရှည်၍ အနံ (၇)လက်မ ရှိလေသည်။ အနားပတ်လည်ကို အတွင်းဘက်သို့ ပြန်ကွေးထားပြီး အလွန်မာသောကြောင့် သံမဏိ ဓါး လှံများဖြင့် ထိုးခုတ်သည့်တိုင်အောင် မကျိုးမပေါက်နိုင်ချေ။ ဤတပ်ခွဲမှ မြင်းများအား မြင်းစီးသူရဲများနည်းတူ ခရမ်းရောင် ကကြိုးတန်းဆာများ ဆင်ယင်ပေးထားလေသည်။

တတိယနှင့် နောက်ဆုံး တပ်ခွဲကို မြန်မာ မြင်းစီး သူရဲ များဖြင့် ဖွဲ့စည်းထားသည်။ သူတို့သည် ခါးစီးကိုယ်ကျပ် အင်္ကျီများကို ဝတ်ဆင်၍ မောက်တိုများ ဆောင်းထားကြသည်။ လက်ထဲတွင်မူ ရောင်စုံ အလံကလေးများ တပ်ထားသော လှံတိုများကို စွဲကိုင်ထားကြပြီး ၎င်းတို့၏ မြင်းများကိုလည်း အရောင်မျိုးစုံ ကကြိုးတန်းဆာများဖြင့် ဆင်ယင်ထားသည်။ ၎င်းတို့နောက်မှ ဆင်တပ် (၁၀၀)ကို နှစ်တန်းခွဲ၍ လိုက်ပါစေသည်။

၎င်းတို့၏ နောက်တွင်မူ ဘိသိက် ပွဲတော်သို့ တက်ရောက်သော မင်းညီမင်းသားများ မှူးမျိုး မတ်နွယ်များနှင့် အခြား အရေးပါ အရာရောက်သော ပုဂ္ဂိုလ်များစီးနင်းလိုက်ပါလာသည့် ဆင် (၂၀၀)ကျော်ပင်ဖြစ်၏။

အဆိုပါ လှည့်လည်ပွဲကြီး၏ နောက်ဆုံးတွင် ဦးရစ်တောင်ဘုရင်သည် လက်ဆောင် ဆင်ကြီးကို စီးလျက် ခြေလျင်ငယ် ကျွန်တော် အခြံအရံ (၄၀)တို့နှင့်အတူ လိုက်ပါလာလေသည်။ ဆင်တပ်များအကြားတွင် ဝတ်ကောင်းစားလှနှင့် ပန်းမန်များဖြင့် အလှဆင်ထားကြသော မိန်းမငယ်များနှင့် တူရိယာဂီတသမားများက ကခုန်တီးမှုတ်လျက် ပါလာကြ၏။ ကျွန်ုပ်အနေဖြင့် တအံ့ တသြ ဖြစ်ရသည်မှာ ဤမိန်းမငယ်များသည် စစ်ဆင်ကြီးများအကြား၌ မကြောက်မရွံ့ပဲ ဟန်မပျက်သီဆိုကခုန်နေကြခြင်းပင် ဖြစ်၏။ သို့ရာတွင် ဆင်များအား ဆင်ဦးစီးများက နိုင်နိုင်နင်းနင်း ထိန်းကွပ်လာကြသောကြောင့် မည်သူ့ကိုမျှ ဒုက္ခမပေးကြချေ။

ကျွန်ုပ်တို့သည် ရွှေမြို့တော် လမ်းမကြီးများတလျှောက် ဤသို့လျှင် တခန်းတနား လှည့် လည်ကြပြီးနောက် ညဥ့်အမှောင်ရောက်လာသောအချိန်တွင် ဦးရစ်တောင်ဘုရင်၏ နန်းတော်သို့ ဝင်ကြလေသည်။ ဘုရင်သည် ဆင်ပေါ်မှ ဆင်းပြီးလျှင် ရှေ့ဆုံးမှ ဦးဆောင်၍ ဝင်လေသည်။ လမ်းမတလျှောက်တွင် များစွာသော ဆီမီးခွက်များကို ထိန်းညှိထားလေသည်။ နောက်ဆုံး၌ ကျွန်ုပ်တို့သည် ပိုးဖဲ ကတ္တီပါတို့ဖြင့် အလှဆင်ထားသော ခန်းမဆောင်ကြီးအတွင်းသို့ ရောက်လာကြ၏။ ခေါင်မိုးကိုရွှေချ၍ ရုပ်တုများဖြင့် မွမ်းမံ ချယ်သထား လေသည်။ မျက်နှာကြက်တွင် ဆီမီးခွက်များ ဆွဲချိတ်ထားရာ အဖိုးတန် ဆီမွှေးနံ့များ သင်းပျံ့နေလေသည်။ မြင်ကွင်း တခုလုံးမှာ မီးထိန်ထိန်လင်းကာ အလွန်ပင် သာယာကြည်နူးဖွယ် ကောင်းလှပေ၏။

ခန်းမကြီး တခုလုံးတွင် အဖိုးထိုက်သော ကတ္တီပါ ကော်ဇောကြီးများကို ခင်းထားသည်။ ခန်းမကြီးလေးဘက် မျက်နှာစာတွင် စင်မြင့် များရှိပြီး ကျွန်ုပ်တို့ အားလုံး ထိုင်မိ ကြချိန်တွင် စင်မြင့်များမှ ဂီတသံများ ပေါ်ထွက်လာလေသည်။ ခန်းမဆောင်ကြီး၏ အစွန်တနေရာတွင် အဆန်းတကြယ် အလှဆင်ထားသော မဏ္ဍပ်စင်မြင့်တခု ရှိလေသည်။ ယင်းစင်မြင့်သည်၊ ကြမ်းပြင်မှ ခြောက်လက်မခန့် မြင့်ပြီး အဖိုးတန် ကော်ဇောများ အပြည့်ခင်းထားသည်။ ဘုရင်သစ်သည် စင်မြင့်တွင် ထိုင်သောအခါ စားသောက်ပွဲသဘင် စတင်လေသည်။

စားသောက်ပွဲ ကျင်းပပုံမှာ ဤသို့ ဖြစ်လေသည်။ ပဋ္ဌမဆုံး ငွေထုတ်များ ကိုင်ထားသော အိုးသူကြီး (၆) ယောက် ဝင်လာကြသည်။ ထို့နောက် သန်သန် မာမာ အစေခံ (၃)ယောက်တို့သည် ခြေထောက်ပါသော ငွေလင်ဗန်း (၃)ချပ်ကို ယူကာ ဝင်လာကြသည်။ ၎င်းတို့နောက်မှ အစေခံ (၁၀၀) ဝင်ရောက် လာသည်။ သူတို့သည်လည်း အလားတူ လင်ဗန်းများကို ယူလာကြသည်။ သို့သော် အမျိုး အစားကား တခုနှင့် တခု မတူကြချေ။ သူတို့၏ လင်ဗန်းများပေါ်တွင် ထမင်းဟင်းများ

ထည့်ယူလာကြသည်။

ရခိုင်လူမျိုးတို့သည် အခြားသော အာရှတိုက်သားများနည်းတူ ကြမ်းပြင်တွင်ထိုင်၍ စားသောက်ကြသည်။ သို့သော် ထမင်းဟင်းကိုမူကား လေးလက်မခန့်မြင့်သော ခုံများပေါ်တွင်တင်၍ စားသောက်ကြလေသည်။ ဤစားပွဲခုံများပေါ်တွင် ကြွေပန်းကန်လုံးဟင်းခွက်ပေါင်း (၅)ခွက် (၆)ခွက်ခန့်တင်ထားသည်။ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များအား ကျွေးမွေးသော အခါတွင် ယဉ်ကျေးမှုသဘောအရ သီးသန့်ခုံများဖြင့် ကျွေးမွေး လေ့ ရှိသည်။

ရခိုင်လူမျိုးတို့သည် အိမ်မွေးတိရိစ္ဆာန်နှင့် တောရိုင်းတိရိစ္ဆာန်များ၏အသားကို စားကြ၏။ ထို့ပြင် ဆားဖြင့်နယ်ကြိတ်ထားသော ငါးပိ ကိုလည်း ဟင်းမျိုးစုံတွင် ထည့်ကြသည်။ ပရဆေးရွက် အမျိုးစုံကိုလည်း ချက်၍ စားသောက်ကြသည်။ သူတို့သည်ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အချို့မုန့်များပြုလုပ်ကြသော်လည်း အိန္ဒိယနှင့် ပေါ်တူဂီမုန့်များလောက် မကောင်းကြချေ။ သို့သော် စား၍ကားအရသာရှိ၏။ ဤစားသောက်ပွဲသည် နေမဝင်မီတွင် ပြီးဆုံးသွားလေသည်။ ထို့နောက် လူတိုင်းပင် ကိုယ်စီကိုယ်ငှ အိမ်သို့ပြန်လာကြသည်။

အခြားသော မင်းသား (၁၁) ပါးတို့အားလည်း ဤနည်းအတိုင်းပင် ဘိသိက်သွန်းလေသည်။ ပွဲတော် ကျင်းပပုံများမှာ အားလုံး တပုံစံတည်း ချည်းဖြစ်သဖြင့် ထပ်မံဖော်ပြရန် မလိုတော့ပါ။

(၄)

## ရွှေမြို့တော်ရှုခင်း။

ရခိုင်ဘုရင်၏ မြို့တော်တွင် ယခုကဲ့သို့ ပွဲတော်ရက်များ အတွင်း၌ ကုန်ပစ္စည်းအားလုံးကို အကောက်အခွန်မဆောင်ရဘဲ လွတ်လွတ် လပ်လပ် ရောင်းဝယ်ခွင့် ပြုသောကြောင့် နိုင်ငံခြားသားအများ အပြားပင် လာရောက်၍ ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်ကြပေသည်။ ထိုသူတို့သည် ကုန်ပစ္စည်းများ တင်ဆောင်ကာ ရေယဉ် အမျိုးမျိုးဖြင့် လာရောက်ကြသည်။ ဘင်္ဂလား ပဲခူးနှင့် မုတ္တမ စသော အိမ်နီးခြင်း နိုင်ငံများမှသာမက ဝေးလံသော ယိုးဒယား [ကိုချင်ချိုင်းနား(ချန်ပါ)]နှင့် ကမ္ဘောဒီးယား (ကမ္ဘောဇ) နိုင်ငံများမှပင် လာရောက်ကြလေသည်။ အခွန် အကောက် လွတ်ငြိမ်းသော ဈေးကွက်ကို ခွဲမက်ကြသောကြောင့် အိန္ဒိယပြည် အရပ်နှင့် စူမတ္တရာကျွန်းစု သင်္ဘော များလည်း လာရောက်၍ ကူးသန်း ရောင်းဝယ်ကြသည်။

မြောက်ဦ မြို့တော်သို့ လာရောက်ကြ သူများမှာ မရေ တွက်နိုင်အောင် များပြား လှသောကြောင့် အဝတ်အစားနှင့်ဘာသာစကားကို ခွဲခြားပြီးလျှင် မည်သည့် လူမျိုးဟူ၍ သိနိုင်ဖို့ရန်ပင် မလွယ်ကူလှချေ။ နိုင်ငံခြားသား ပေါင်းစုံတို့သည် မြို့တော်၏ လမ်းမများပေါ်တွင် ဈေးတန်း ကြီးဖွင့်၍ ကုန်ပစ္စည်းပေါင်းများစွာကိုရောင်းချကြ၏။ ရောင်းချသော ကုန် ပစ္စည်းများကို စာရင်းပြုလုပ်၍ကား လုံးဝ မဖြစ်နိုင်ချေ။

အဆိုအပါ ဆိုင်များတွင် စိန်၊ ပတ္တမြား၊ မြ၊ နီလာ၊ ဥဿဖယား၊ ရွှေ၊ ငွေ၊ ခဲမဖြူ၊ လောဟာ၊ ကြေးနီ၊ ကြေးဝါ၊ ငါးကြီးအန်ဖတ်၊ ကတိုး၊ ထင်းရှူးဆီ၊ ပရုပ်၊ ပြဒါး၊ ဘိန်း၊ ဆေးရွက်ကြီး၊ ချိတ်၊ လက်ချား၊ ခဲ၊ ယမ်းစိမ်းနှင့် နံ့သာပေါင်း စသည့် ကုန်ပစ္စည်းများကို အရေအတွက် မြောက်များစွာ ရောင်းချကြရသည်။ ထို့ပြင် ငြုပ်ကောင်း၊ သစ်ကြံပိုး၊ ဖာလာစေ့၊ လေးညှင်းနှင့် ဇာဒိတ်ဖို စသည့်ပရဆေး အမျိုးမျိုးကိုလည်း အများအပြား ရောင်းချကြ လေသည်။ အဖိုးတန် အဝတ် အထည်များနှင့် ဆင်စွယ်၊ ကြွေထည် ပစ္စည်းများကိုလည်း တွေ့ရ၏။စားဘွယ်၊ သောက်ဘွယ် မျိုးစုံကိုလည်း ဤဈေးတွင် အမြောက်အများ ဝယ်ယူရရှိနိုင်လေသည်။

ဈေးလမ်းများတွင် လူသူရှုပ်ထွေးမှု မရှိစေရန် အဝင် အထွက်၌ အစောင့်များဖြင့် ကြီးကြပ်စေ၏။ကုန်းပေါ်မှာ ကဲ့သို့ပင် ရေထဲတွင်လည်း လှေများပေါ်၌ အဆို၊ အတီးများဖြင့် ပျော်မြူးသွားလာ နေကြ၏။

ဆီမီးတန်းဆောင် ထွန်းညှိခြင်း မီးရှူး မီးပန်းများ ဖောက်လွှတ်ခြင်း၊ တီးမှုတ် သီဆိုကခုန်ခြင်း တို့ဖြင့် တညဥ့်လုံး ပျော်ပါး မြူးတူးကြ၏။ ပွဲတော်ရက်များ ကုန်လွန်ခါနီးတွင် မြို့တော် လမ်းမကြီးများ၌ ရွှေပုဝါ၊ ငွေပုဝါများဖြင့် အလှဆင်ကြ၏။ လမ်းအလယ်တွင် အောင်ပွဲ အထိမ်းအမှတ် မုခ်ကြီးများ ဆောက်လုပ်ကြ၏။ ၎င်းတို့၏ သစ်သား၊ သတ္တုတို့ဖြင့် ပြုလုပ်ထားသော နတ်ရုပ် မျိုးစုံကိုလည်း ထားရှိကြ၏။

ဤသို့ဖြင့် နောက်ဆုံး နေ့သို့ ရောက်ရှိခဲ့၏။ ထိုနေ့သည် ရွှေနန်းရှင် ဘုရင်မင်းမြတ်၏ ရာဇ ဘိသေက မင်္ဂလာ မတိုင်မီ အကြိုနေ့ဖြစ်၏။ ရွှေနန်းတော် အတွင်း၌ မုခ်ဝတံတိုင်း ပစ္စင်းရင်တားမကျန် အလံများ၊ ကြက်လျှာများ၊ တံခွန်ကုက္ကားများဖြင့် ပြည့်နှက်လျှက်ရှိရာ လေအလာတွင် အရောင်မျိုးစုံ ဖော်ပြလျှက် တဖြတ်ဖြတ် လွန့်လူးနေကြသည်ကိုရှုမြင်ရသူမှာကြည်နူးစရာ ကောင်းလှပေ၏။

(၅)

## ရွှေနန်းရှင်၏ ဘိသိက်ပွဲတော်

ဇန္နဝါရီလ (၂၃)ရက် နံနက်ခင်းသည် လမ်းဆန်းသာယာ ထွန်းတောက်လာ၏။ ကျယ်လောင် မြည် ဟီးသော

အမြောက်ပစ်ဖောက်သံများက နံနက်ခင်းကို ကြိုဆိုလိုက်ကြ၏။ ထို့နောက် မြို့တော်အနှံ့ရှိ လမ်းတိုင်း ရပ်ကွက်တိုင်းမှ များစွာသော တူရိယာသံများ ပေါ်ထွက်လာလေ၏။ ဤသည်ကား ရွှေနန်းရှင် ဘုရင်မင်းမြတ်၏ ဘိသိက် မင်္ဂလာပွဲတော်ကို ကြိုဆို လိုက်ခြင်းပင် ဖြစ်သတည်း။ မှူးကြီး မတ်ရာ သေနာပတိ အပေါင်းတို့သည် ဝတ်ကောင်း စားလှများကို ဝတ်ဆင်ကာ စစ်သည်ဗိုလ်ပါ ခြံရံလျက် ခန်းမဆောင်ကြီးတခု အတွင်း၌ စုရုံးရောက်ရှိ နေကြလေသည်။ ခန်းမဆောင်ကြီးကို ရွှေချထားသော တိုင်ကြီး (၃၀)တို့ဖြင့် စိုက်ထူကာ အမိုးကိုလည်း ရွှေချထား၏။ ခန်းမနံရံ (၃)ဖက်ကို ဟင်းလင်း ဖွင့်ထားသဖြင့် လေ တဖြူးဖြူး သုတ်ဖြူးလျက်ရှိ၏။ အခြားနံရံတဖက်ကိုမူ ပန်းဆွဲ တံခါးဖြင့် ပိတ်ထားပြီး အလယ်တွင် မှခ်ဝ ဖောက်လုပ်ထား၏။ မှခ်ဝကို ရွှေပန်းများနှင့် ရတနာမျိုးစုံဖြင့် ပြီးသော အစိမ်းရောင်ဖဲထည် ကန့်လန့်ကာများဖြင့် အလှဆင်ထား၏။

အဖိုးတန် ကော်ဇောများဖြင့် ခင်းထားသော ခန်းမဆောင် ထဲတွင် ပရိသတ်အားလုံး နေရာယူပြီးသော အခါ စည်သံ(၅)ချက် ထွက်ပေါ်လာ၏။ ထို့နောက် ခေါင်းလောင်းသံ (၅) ချက်ပေါ်လာပြီး တပြိုင်တည်းတွင် သေနတ်မျိုးစုံ ပစ်ဖောက်သံများ ထွက်ပေါ်လာပြန်၏။ ဤအသံများသည် နာရီဝက်ခန့်ကြာ၏။

ခန်းမဆောင် တခုလုံး တိတ်ဆိတ် သွား၏။ စည်သံ (၃)ချက် ထွက်ပေါ်လာသောအခါ ပရိသတ် အားလုံး ဦးတိုက် ရှိခိုးကြလေ၏။ မှခ်ဝ အလယ်၌ ကန့်လန့်ကာကို ဘေးသို့ ဆွဲကပ်လိုက်ရာ မှခ်ဝသည် ဒိုးယိုပေါက် ဖြစ်သွားလေသည်။ အလယ်တွင် လှေခါး ခြောက်ထစ်ရှိသော ငွေပလ္လင်တခုပေါ် လာ၏။ ပလ္လင်ပေါ်တွင် ရတနာ(၇)ပါးဖြင့် စီချယ်ထားသော ရွှေသလွန်တခုကို တင်ထား၏။

ရွှေသလွန်ကို အချင်းချင်း ကျောခိုင်းနေသော ငွေဆင်ရုပ်လေးခု၏ ကျောက်ကုန်းပေါ်တွင် တင်ထား၏။

ဤသလွန်ပေါ်၌ သီရိသုဓမ္မာ ဘုရင်မင်းမြတ်သည် ရာဇဣန္ဒြေ အပြည့်ဖြင့် ထိုင်နေတော်မူသည် ဘုရင်မင်းမြတ်သည် ပုလဲများဖြင့် စီချယ်ထားသော အပြာရောင် ကတ္တီပါ ဝတ်စုံ ကို ဆင်မြန်းထားလေသည်။ သူ၏နားတော်တွင် တောင်ငူနိုင်ငံမှ ရရှိလာသော စိန်နားဋောင်းကို ဆင်မြန်းထားသည်။

ပလ္လင် လှေကား ရင်းတွင်မူ အထက်က ဖော်ပြခဲ့ပြီးသော မင်းညီမင်းသား (၁၂)ပါးတို့သည် နှစ်တန်းခွဲ၍ ဒူးထောက်ကာ ခစား နေကြလေသည်။ သူတို့၏ ခေါင်းတွင် သရဖူများ ဆောင်းထားပြီး လက်ထဲတွင်မူ ရာဇလှံတံများကို ကိုင်ထားကြ၏။

ဘုရင် မင်းမြတ်၏ သလွန်တဘက် တချက်စီတွင် ချောမော လှပသော အပျိုတော် နှစ်ယောက် ထိုင်နေကြ၏။ သူတို့သည် ရွှေချည်ထိုး အင်္ကျီများ ကို ဝတ်ဆင်ထားပြီး လည်ပင်းတွင် ရွှေပုတီးများ ဆွဲထားကြ၏။ လက်နှစ်ဘက်တွင်လည်း လက်ကောက်များ ဝတ်ထားကြ၏။ သူတို့သည် ယပ်တောင် တခုစီ ကိုင်ကာ ဘုရင် မင်းမြတ်အား ယပ်ခပ် ပေးလျက် ရှိနေ၏။

ထို့နောက်တွင် စင်မြင့် တနေရာတွင် ပုဏ္ဏားတယောက်ရပ်၍ တရား ဟောလေ၏။ တရားဟောချိန်သည် တနာရီမျှ ကြာလေသည်။ ပုဏ္ဏား တရားဟော ပြီးသောအခါ ကန့်လန့်ကာကို ဆွဲ တင်လိုက်လေသည်။ ဤတံခါး တပေါက် ပွင့်လာပြီး ဦးစီး ရှေ့ဆောင်ပုဂ္ဂိုလ်များ လုံကိုင် အမှုထမ်းများနှင့် မှူးမတ်များက မင်းညီမင်းသား (၁၂)ပါးတို့အား စောင့်ကြပ်လျက် ထွက်လာကြလေသည်။

ထို့နောက် ဘုရင် မင်းမြတ်ထွက်တော် မူလာ၏။ ဘုရင် မင်းမြတ်သည် မင်းလုလင် (၈)ယောက်ထမ်းသော ဝေါယဉ်ပေါ်တွင် ထိုင်လျက် နေတော်မူလေသည်။ ဝေါယဉ်နောက်တွင် အသက် (၁၅)နှစ်မှ (၁၈)နှစ်အတွင်းရှိ မင်းလုလင် (၁၁၀)တို့ လိုက်ပါလာကြ၏။ မှူးကြီး မတ်ရာ သေနာပတိများနှင့် စစ်သည်ဗိုလ်ပါ များက ဘုရင် မင်းမြတ်အား ခန်းမထဲမှ စောင့်ဆိုင်းနေကြ၏။ ဘုရင်မင်းမြတ်သည် ဤအခန်းအနားအတွက် အထူး စီစဉ်ထားသော လမ်းကြောင်းအတိုင်း တည်ငြိမ်သော ဣန္ဒြေဖြင့် ဆက်လက် ကြွချီ သွားလေသည်။

နတ်ကွန်းသို့ သွားရာ လမ်း၌ သာသနာပိုင် (၈၀၀၀၀) ရှစ်သောင်းဆရာတော်နှင့် နောက်ပါ သံဃာတော် (၂၀၀၀) နှစ်ထောင်တို့က ရပ်နေတော်မူကြ၏။ ဘုရင်မင်းမြတ်သည် သာသနာပိုင်နှင့် တပည့်သား သံဃာတော်များအား မြင်သောအခါ ဝေါယဉ်မှ ဆင်းပြီးနောက် အရိုအသေ ပြုလေ၏။ ထို့နောက် ဘုရင်မင်းမြတ်သည်၊ လှပသော နန်းယင်ပြင် တံခါးသို့ ဝင်သွား၏။

အစောင့် စစ်သည် များသည် အခြားမည်သူအားမျှ ဤနေရာသို့ဝင်ခွင့် မပြုကြချေ။ သူတို့ကား မယဉ်ကျေးသော်လည်း တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြပေ၏။ ပေါ်တူဂီနှင့်မွတ်ဆလင် အရာရှိများအား အပြင်တွင် နေစေ၏။ ထို့ကြောင့် ဘုရင်မင်းမြတ်အား သာသနာပိုင်ဆရာတော်ကြီးက နတ်ကွန်းအတွင်း၌ "မကိုဋ် သရဖူ" ဆောင်းပေးသည်ကို ကျွန်ုပ်မှာ မြင်ခွင့် မရပါချေ။ ကျွန်ုပ်တို့သည် နှစ်နာရီမျှ ငြီးငွေ့ဖွယ်ရာ စောင့်ဆိုင်း နေကြရ၏။ ထို့နောက် ဘိသိက် မင်္ဂလာသဘင် ပြီးဆုံးကြောင်း ကြေငြာ လိုက်သော မောင်းသံများ အဆက် မပြတ် ထွက်ပေါ်လာလေသည်။ တချိန်တည်းတွင် မြို့တော် တခွင်ရှိ သေနတ်လက်နက်များကို တပြိုင်တည်း

ပစ်ဖေါက်လိုက်သဖြင့် ကမ္ဘာပျက်သကဲ့သို့ ဆူညံသွားလေ၏။

ထို့နောက် ဘုရင်မင်းမြတ်သည် ဘိသိက်ခံ 'သရဖူ'ကို ဆောင်းလျက် နတ်ကွန်းမှ ပြန်ထွက်တော် မူလာ၏။ သရဖူတွင် စိန်၊ ပတ္တမြားနှင့် ကြီးမား သော ပုလဲလုံးကြီးများကို စီချယ် ထားလေသည်။ ဘုရင် မင်းမြတ်သည် နတ်ကွန်းမှ ထွက်လာပြီးနောက် သံဃာ တော်များအား မသိမသာ ဦးခေါင်း ညိတ်၍ အရိုအသေပြုပြီးလျှင် ဆက်လက် ထွက်ခွာ သွားလေ၏။

ထို့နောက် သူသည် အထူး တလည် တန်းဆာဆင်ထားသော ဆင် ပေါ်သို့ တက်လေ၏။ အခြားသော ဘုရင်ငယ် (၁၂)ပါးတို့လည်း မိမိတို့၏ ဆင်များပေါ်သို့ အသီးသီး တက်ကြ လေ ၏။ အခြားသော မင်းညီမင်းသားများနှင့် မှူးမတ်များမှာမူ ဆင်တပ် (၂၀၀) နောက်မှ နှစ်တန်းခွဲ၍ လိုက်ပါသွားကြ ၏။ ၎င်းတို့၏ ရှေ့တွင်မူ ပဲခူး သားများ မြန်မာများနှင့် မဂိုများ ပါဝင်သော မြင်းသည်တော် (၁၅၀၀) တို့သည် လှပသော စစ် ဝတ်စုံများကို ဝတ်ဆင်ကာ တပ်ခွဲ နှစ်ခု ခွဲ၍ ချီတက်သွားကြလေ၏။

မြင်းသည်တော်တို့၏ ရှေ့တွင်ကား တူရိယာ မှုတ်သူများသည် ရှင်မြူး သော တူရိယာများနှင့် တက်ကြွသော တူရိယာ များကို တီးမှုတ်လျက် သွား ကြကုန်၏။

လမ်းမများပေါ်တွင် ပြည်သူ အပေါင်းတို့ တိုးမပေါက်အောင် စုရုံး ရောက်ရှိနေကြသဖြင့် မြင်းသည်တော် များသည် ခက်ခဲစွာဖြင့် ချီတက်သွား ကြရလေ၏။ ဤပွဲတော်တွင် အဓိက မဟုတ်သော်လည်း စိတ်ဝင်စားစရာ ကောင်းလှသော အရာများမှာ နန်းတွင်း သူ မင်းသမီးများနှင့် မှူးကြီး မတ်ရာ ကတော်များ ဝတ်ဆင်ကြသော အဖိုးတန် အဝတ်အစားများနှင့် စိန်၊ ရွှေ၊ ရတနာ လက်ဝတ်လက်စားများပင်တည်း။ ၎င်းအဝတ် အထည်များသည် အလင်း ရောင် နည်းသော ညအချိန်တွင် ဖြစ်သည့် တိုင်အောင် အလွန်တောက်ပ နေကြရာ ကျွန်ုပ်တို့ ဥရောပ အမျိုးသမီး များ၏ အဝတ်အစားများထက် အဆင့် အတန်း မနိမ့်သည်မှာ ထင်ရှားပေ၏။

ဤနည်းဖြင့် လှည့်လည်ပွဲကြီး သည် ရွှေနန်းတော် ဆီသို့ဆက်လက် ချီတက်သွားလေ၏။ ဘုရင် မင်းမြတ် သည် ရွှေနန်းတော်မုခ်တံခါးကို ကျော် လွန်သော အချိန်တွင် ရွှေမြို့တော် တခု လုံးမှ သေနတ်သံ၊ အမြောက်သံများ တပြိုင်နက် မြည်ဟီး ပေါ်ထွက်လာ ပြန် လေသည်။

ဘုရင် မင်းမြတ်သည် ကျယ်ဝန်း သော ခန်းမဆောင်တခုသို့ ရောက်လာ လေသည်။ ထိုနေရာတွင် မိဖုရားကြီး သည် ဘုရင်မင်းမြတ်အား စောင့်ဆိုင်း လျှက် ရှိလေ၏။ မိဖုရားကြီး နှင့် အတူ ရွှေနန်းတော်မှ မောင်းမ မိသံ့ အပေါင်း တို့သည် လှပသော အဝတ် အစားများကို ဝတ်ဆင်ကာ စုရုံးလျှက်ရှိ ကြလေသည်။

ဘုရင် မင်းမြတ်သည် မိဖုရား ကြီး၏ လက်ကိုကိုင်ပြီးလျှင် လက်ျာ ဘက်တွင် နေစေ၍ မိဖုရားကြီးနှင့် အတူ လေသာ ပြူတင်းဝသို့ လျှောက်သွား လေ၏။ ထို့နောက် ဘုရင် မင်းမြတ်နှင့် မိဖုရားတို့သည် များစွာသော ငွေစများကို ပြူတင်းပေါက်မှ ဖြန့်ကြဲတော်မူကြရာ၊ ပြည်သူအများတို့က သောင်းသောင်းဖြဖြ ကောက်ယူ ရှင်မြူးကြလေ၏။

ဤတွင် သိရိသုဓမ္မရာဇာ၏ ဘိသိက်သွန်းပွဲတော်ပြီးဆုံးလေသတည်း။

❖ ❖ ❖

**ဆင်ဖြူတော် သခင်လည်း ဖြစ်တော်မူသော ပဲခူးနှင့်**
**မြန်မာနိုင်ငံ တော်တို့ကိုလည်း ဆက်ခံပိုင်ခွင့်ရှိတော်မူသော**
**ဘင်္ဂလား (၁၂) ပြည်ထောင်မင်း အပေါင်းတို့၏ ဦးညွတ်ရာ**
**အရှင် သခင် လည်း ဖြစ်တော်မူသော ရေမြေသနင်း**
**ဧကရာဇ်မင်းမြတ်လည်း ဖြစ်တော်မူသော ရခိုင့်ပြည့်ရှင် ဆလင်ရှား**
**(သိရိ သုဓမ္မရာဇာ) အမည်တွင်သော ဘဝရှင် မင်းမြတ်ဘုရား၊၊**
**ကျွန်ုပ်တို့၏ ဦးထိပ်သခင် ဘုရင်ဧကရာဇ်မင်းမြတ်ဖြစ်တော်မူသော**
**အရှင်မင်းမြတ်သည် ဤကမ္ဘာ မြေပြင်ရှိ မင်းအပေါင်းတို့ထက် ဘုန်းတန်ခိုး**
**အာဏာစက် ထက်မြက် ထွန်းတောက် နိုင်ပါစေ သတည်း၊၊**

### "ဒွါရဝတီ (သံတွဲ) ဆက် မှတ်ချက် ဖျေးဦးဝေသာလီ ဆက်ဆဝထီ မင်းများ"

| ဦးရေ | မင်းအမည် | နန်းတက် | နန်းကျ | နန်းစံ | မှတ်ချက်။ |
|---|---|---|---|---|---|
| ၁ | ဝါသုဒေဝမင်း | မပါ | မပါ | မပါ | ဘီစီ– ၃၃၂၅ မတိုင်မီ၊ |
| ၁ | ဗြဟ္မကာရာဇာမင်း | ။ | ။ | ။ | ။ |
| ၅ | ဗြဟ္မသုန္ဒရမင်း | ။ | ။ | ။ | ။ |
| ၁၅ | ဗြဟ္မသိန္ဓိမင်း | ။ | ။ | ။ | ။ |
| ၁ | သရဘန်မင်း | ။ | ။ | ။ | ။ |

ပေါင်း – ၂၃ ဦး။

### "ဓညဝတီ (ပဌမ)ဆက်မင်းများ။"

| ဦးရေ | မင်းအမည် | နန်းတက် | နန်းကျ | နန်းစံ | မှတ်ချက်။ |
|---|---|---|---|---|---|
| ၁ | မာရယုမင်း | ၃၃၂၅ | ၃၂၆၃ | ၆၂ | ဘီ – စီ |
| ၂ | မာရ ဇေတုမင်း | ၃၂၆၃ | ၃၂၃၁ | ၃၂ | (၁)၏သား၊ |
| ၃ | မာရအုံမင်း | ၃၂၃၁ | ၃၁၇၈ | ၅၃ | (၂)၏သား၊ |
| ၄ | မာရရွယ်မင်း | ၃၁၇၈ | ၃၁၃၀ | ၄၈ | (၃)၏သား၊ |
| ၅ | မာရတင်မင်း | ၃၁၃၀ | ၃၀၇၅ | ၅၅ | (၄)၏သား၊ |
| ၆ | မာရဇိန်မင်း | ၃၀၇၅ | ၃၀၄၂ | ၃၃ | (၅)၏သား၊ |
| ၇ | မာရတင်မင်း | ၃၀၄၂ | ၃၀၂၀ | ၂၂ | (၆)၏သား၊ |
| ၁ | ငဆက်အို (မျိုးခြား) | ၃၀၂၀ | ၂၉၉၉ | ၂၁ | မျိုးခြား (မင်း) |
| ၈ | ဒေါလစန္ဒရားမင်း | ၂၉၉၉ | ၂၉၅၉ | ၄၀ | (၇)၏သား၊ |
| ၉ | သောလစန္ဒရား | ၂၉၅၉ | ၂၉၂၆ | ၃၃ | (၈)၏သား၊ |
| ၁၀ | သူရိယစန္ဒရား | ၂၉၂၆ | ၂၈၈၉ | ၃၇ | (၉)၏သား၊ |
| ၁၁ | ကာလစန္ဒရား | ၂၈၈၉ | ၂၈၄၉ | ၄၀ | (၁၀)၏သား၊ |
| ၁၂ | တဋ္ဌန္ဒရား | ၂၈၄၉ | ၂၈၁၈ | ၃၁ | (၁၁)၏သား၊ |
| ၁၃ | မဓုစန္ဒရား | ၂၈၁၈ | ၂၇၉၇ | ၂၁ | (၁၂)၏သား၊ |
| ၁၄ | ဇေယျစန္ဒရား | ၂၇၉၇ | ၂၇၅၇ | ၄၀ | (၁၃)၏သား၊ |
| ၁၅ | မောက္ခစန္ဒရား | ၂၇၅၇ | ၂၇၃၁ | ၂၆ | (၁၄)၏သား၊ |
| ၁၆ | ဂုနစန္ဒရား | ၂၇၃၁ | ၂၇၁၉ | ၁၂ | (၁၅)၏သား၊ |
| ၃ | မျိုးခြားအမတ် (၃)ဦး | ၂၇၁၉ | ၂၇၁၈ | | တလပိုင်းသာ စံရသည်။ |
| ၁၇ | ကံရာဇာကြီး | ၂၇၁၈ | ၂၆၇၇ | ၄၁ | (၁၆)၏သား၊ |
| ၁၈ | ကံရာဇာငယ် | ၂၆၇၇ | ၂၆၄၁ | ၃၆ | (၁၇)၏သား၊ |
| ၁၉ | ဣန္ဒသူရိယ | ၂၆၄၁ | ၂၆၀၆ | ၃၅ | (၁၈)၏သား၊ |
| ၂၀ | အသူရိန္ဒသူရိယ | ၂၆၀၆ | ၂၅၇၆ | ၃၀ | (၁၉)၏သား၊ |
| ၂၁ | သာရမိတ္တ | ၂၅၇၆ | ၂၅၄၈ | ၂၈ | (၂၀)၏သား၊ |
| ၂၂ | သူရိယမင်း | ၂၅၄၈ | ၂၅၁၅ | ၃၁ | (၂၁)၏သား၊ |
| ၂၃ | မင်းထီး | ၂၅၁၇ | ၂၄၉၅ | ၂၂ | (၂၂)၏သား၊ |
| ၂၄ | မင်းပါ | ၂၄၉၅ | ၂၄၇၃ | ၂၂ | (၂၃)၏သား၊ |
| ၂၅ | စည်ပေါင်သူ | ၂၄၇၃ | ၂၄၄၅ | ၂၈ | (၂၄)၏သား၊ |
| ၂၆ | တံတိုင်းသင် | ၂၄၄၅ | ၂၄၁၄ | ၃၁ | (၂၅)၏ညီ၊ |

| | | | | | |
|---|---|---|---|---|---|
| ၂၇ | ကျော်ခေါင်စည် | ၂၄၁၄ | ၂၃၆၁ | ၅၃ | (၂၆)၏သား၊ |
| ၂၈ | သူရိယ စန္ဒမိတ္တ | ၂၃၆၁ | ၂၃၄၀ | ၂၁ | (၂၇)၏သား၊ |
| ၂၉ | အနန္တဘာယ | ၂၃၄၀ | ၂၃၁၀ | ၃၀ | (၂၈)၏သား၊ |
| ၃၀ | လက်ျာစည်သူ | ၂၃၁၀ | ၂၂၈၀ | ၃၀ | (၂၉)၏သား၊ |
| ၃၁ | သီဟကုဠိ | ၂၂၈၀ | ၂၂၃၇ | ၄၃ | (၃၀)၏သား၊ |
| ၃၂ | မင်းဘုန်းသန် | ၂၂၃၇ | ၂၂၀၆ | ၃၁ | (၃၁)၏သား၊ |
| ၃၃ | သက္ကမွေး | ၂၂၀၆ | ၂၁၅၇ | ၄၉ | (၃၂)၏သား၊ |
| ၃၄ | ဇေယျ နန္ဒသူ | ၂၁၅၇ | ၂၁၀၅ | ၅၂ | (၃၃)၏သား၊ |
| ၃၅ | တက္ကသူ | ၂၁၀၅ | ၂၀၅၉ | ၄၆ | (၃၄)၏သား၊ |
| ၃၆ | လက္ခဏ | ၂၀၅၉ | ၂၀၂၂ | ၃၇ | (၃၅)၏သား |
| ၃၇ | ဂုဏရာဇ် | ၂၀၂၂ | ၁၉၈၀ | ၄၂ | (၃၆)၏သား၊ |
| ၃၈ | သီဝရာဇ် | ၁၉၈၀ | ၁၉၃၉ | ၄၁ | (၃၇)၏သား၊ |
| ၃၉ | မင်းလှမွေး | ၁၉၃၉ | ၁၉၁၈ | ၂၁ | (၃၈)၏သား၊ |
| ၄၀ | ပူရိန္ဒ | ၁၉၁၈ | ၁၈၅၈ | ၆၀ | (၃၉)၏သား၊ |
| ၄၁ | မင်းသိဒ္ဓက် | ၁၈၅၈ | ၁၈၃၆ | ၂၂ | (၄၀)၏သား၊ |
| ၄၂ | မင်းလှကြီး | ၁၈၃၆ | ၁၇၈၉ | ၄၇ | (၄၁)၏သား၊ |
| ၄၃ | ထွေးလုပ်ကြီး | ၁၇၈၉ | ၁၇၆၅ | ၂၄ | (၄၂)၏သား၊ |
| ၄၄ | စေရာဇ် | ၁၇၆၅ | ၁၇၂၇ | ၃၈ | (၄၃)၏သား၊ |
| ၄၅ | ချက်နှာဝန်း | ၁၇၂၇ | ၁၇၀၃ | ၂၄ | (၄၄)၏သား၊ |
| ၄၆ | လက်ရုံးကြီး | ၁၇၀၃ | ၁၆၇၆ | ၂၇ | (၄၅)၏သား၊ |
| ၄၇ | သီရိကမ္ဘသုန္ဒရ | ၁၆၇၆ | ၁၆၄၆ | ၃၀ | (၄၆)၏သား၊ |
| ၄၈ | နန္ဒကောဘာယ | ၁၆၄၆ | ၁၆၁၉ | ၂၇ | (၄၇)၏သား၊ |
| ၄၉ | မင်းနံ့ဖြူ | ၁၆၁၉ | ၁၅၉၉ | ၂၀ | (၄၈)၏သား၊ |
| ၅၀ | မင်းနံ့လှ | ၁၅၉၉ | ၁၅၇၁ | ၂၈ | (၄၉)၏သား၊ |
| ၅၁ | မင်းခေါင်ငယ် | ၁၅၇၁ | ၁၅၅၁ | ၂၀ | (၅၀)၏သား၊ |
| ၅၂ | လောက်ခေါင်ရာဇာ | ၁၅၅၁ | ၁၅၃၆ | ၁၅ | (၅၁)၏သား၊ |
| ၅၃ | မင်းသီဟ | ၁၅၃၆ | ၁၅၁၅ | ၂၁ | (၅၂)၏သား၊ |
| ၅၄ | မင်းငယ်ပျော်လှစည်သူ | ၁၅၁၅ | ၁၅၀၈ | ၇ | (၅၃)၏သား၊ |
| ၃ | မျိုးခြားအမတ် (၃)ဦး | ၁၅၀၈ | ၁၅၀၇ | ၁ –လ | တဦးစီလပိုင်းစံရသည်။ |

## “ဓညဝတီ (ဒုတိယ)ခေတ် မင်းများ”

| ဦးရေ | မင်းအမည် | နန်းတက် | နန်းကျ | နန်းစံ | မှတ်ချက်။ |
|---|---|---|---|---|---|
| ၁ | ကမ္မရာဇာ (ကံရာဇာကြီး) | ၁၅၀၇ | ၁၄၇၀ | ၃၇ | အချို့ကကံရာဇာကြီးဟုခေါ်သည် |
| ၂ | သီလရာဇာ | ၁၄၇၀ | ၁၄၂၉ | ၄၁ | (၁)၏သား၊ |
| ၃ | ဝါသုရ | ၁၄၂၉ | ၁၃၉၈ | ၃၁ | (၂)၏သား၊ |
| ၄ | နန္ဒသူရိယ | ၁၃၉၈ | ၁၃၅၈ | ၄၀ | (၃)၏သား၊ |
| ၅ | သူရိယနန္ဒ | ၁၃၅၈ | ၁၃၂၆ | ၃၂ | (၄)၏သား၊ |
| ၆ | သူရနန္ဒ | ၁၃၂၆ | ၁၃၁၃ | ၂၃ | (၅)၏သား၊ |

| | | | | | |
|---|---|---|---|---|---|
| ၇ | စန္ဒမာဂု | ၁၃၁၃ | ၁၂၇၁ | ၃၂ | ( ၆)၏သား၊ |
| ၈ | သီရိစန္ဒာ | ၁၂၇၁ | ၁၂၃၁ | ၄၀ | ( ၇)၏သား၊ |
| ၉ | သီဟရာဇာ | ၁၂၃၁ | ၁၁၈၅ | ၄၆ | ( ၈)၏သား၊ |
| ၁၀ | သီဟဟနူ | ၁၁၈၅ | ၁၁၆၅ | ၂၀ | ( ၉)၏သား၊ |
| ၁၁ | ပယာက | ၁၁၆၅ | ၁၁၃၄ | ၃၁ | (၁၀)၏သား၊ |
| ၁၂ | နီလဂုဏ် | ၁၁၃၄ | ၁၀၉၃ | ၄၁ | (၁၁)၏သား၊ |
| ၁၃ | ရောဟဂုဏ် | ၁၀၉၃ | ၁၀၆၃ | ၃၀ | (၁၂)၏သား၊ |
| ၁၄ | သီရိဂုဏ် | ၁၀၆၃ | ၁၀၉၃ | ၂၄ | (၁၃)၏သား၊ |
| ၁၅ | သမံဇာ | ၁၀၃၉ | ၁၀၀၄ | ၃၅ | (၁၄)၏တူ၊ |
| ၁၆ | သုဝဏ္ဏကုမ္မာ | ၁၀၀၄ | ၉၈၄ | ၂၀ | (၁၅)၏သား၊ |
| ၁၇ | သက်တင်ဖြူ | ၉၈၄ | ၉၄၄ | ၄၀ | (၁၆)၏သား၊ |
| ၁၈ | သက်တင်ဦး | ၉၄၄ | ၉၀၂ | ၄၂ | (၁၇)၏သား၊ |
| ၁၉ | ဇေတာဝန် | ၉၀၂ | ၈၆၆ | ၃၆ | (၁၈)၏သား၊ |
| ၂၀ | မုဋ္ဌိယ | ၈၆၆ | ၈၃၉ | ၂၇ | (၁၉)၏သား၊ |
| ၂၁ | ကုမ္မရာဝိသုက | ၈၃၉ | ၇၆၂ | ၇၇ | (၂၀)၏သား၊ |
| ၂၂ | ဝါသုမဏ္ဍလ | ၇၆၂ | ၇၂၈ | ၃၄ | (၂၁)၏သား၊ |
| ၂၃ | ပုရိန္ဒ | ၇၂၈ | ၆၉၇ | ၃၁ | (၂၂)၏သား၊ |
| ၂၄ | ရာလမာယု | ၆၉၇ | ၆၇၅ | ၂၂ | (၂၃)၏သား၊ |
| ၂၅ | နာလမာယု | ၆၇၅ | ၆၄၄ | ၃၁ | (၂၄)၏သား၊ |
| ၂၆ | ဝရတကုနိ | ၆၄၄ | ၆၂၂ | ၂၂ | (၂၅)၏သား၊ |
| ၂၇ | ဝိသုရာဇာ | ၆၂၂ | ၆၁၀ | ၁၂ | (၂၆)၏သား၊ |
| ၂၈ | သီရိရာဇာ | ၆၁၀ | ၅၈၀ | ၃၀ | (၂၇)၏သား၊ |

## "ဝေသာလီ (ဒုတိယ)ဆက်မင်းများ"

| ဦးရေ | မင်းအမည် | နန်းတက် | နန်ကျ | နန်းစံ | မှတ်ချက်။ |
|---|---|---|---|---|---|
| ၁ | စန္ဒာသူရိယမင်း | ၅၈၀ | ၅၂၇ | ၅၃ | သီရိရာဇာ၏သား၊ |
| ၂ | သူရိယာဓိပတိ | ၅၂၇ | ၄၈၀ | ၄၇ | ( ၁)၏သား၊ |
| ၃ | သူရိယာပတိပါတ် | ၄၈၀ | ၄၂၄ | ၅၆ | ( ၂)၏သား၊ |
| ၄ | သူရိယရူပ | ၄၂၄ | ၃၇၉ | ၄၅ | ( ၃)၏သား၊ |
| ၅ | သူရိယစန္ဒာလ | ၃၇၉ | ၃၁၅ | ၆၄ | ( ၄)၏သား၊ |
| ၆ | သူရိယစက္က | ၃၁၅ | ၂၇၁ | ၄၄ | ( ၅)၏သား၊ |
| ၇ | သူရိယနထ | ၂၇၁ | ၂၉၉ | ၄၂ | ( ၆)၏သား၊ |
| ၈ | သူရိယဝံသ | ၂၂၉ | ၁၈၉ | ၄၀ | ( ၇)၏သား၊ |
| ၉ | သူရိယဗန္ဓ | ၁၈၉ | ၁၆၃ | ၂၆ | ( ၈)၏သား၊ |
| ၁၀ | သူရိယကလျာဏ | ၁၆၃ | ၁၂၅ | ၃၈ | ( ၉)၏သား၊ |
| ၁၁ | သူရိယ မုခ | ၁၂၆ | ၉၅ | ၃၀ | (၁၀)၏သား၊ |
| ၁၂ | သူရိယတေဇ | ၉၅ | ၄၅ | ၅၀ | (၁၁)၏သား၊ |
| ၁၃ | သူရိယ ပုည | ၄၅ | ၁၀ | | ၂၅ (၁၂)၏သား၊ |
| ၁၄ | သူရိယ ကုလ | ဘီစီ ၁၀ | အေဒီ၂၆ | | ၃၆ (၁၃)၏သား၊ |

| | | | | | |
|---|---|---|---|---|---|
| ၁၅ | သူရိယပဘာ | ၂၆ | ၈၀ | ၅၄ | (၁၄)၏သား၊ |
| ၁၆ | သူရိယ စိတ္တရ | ၈၀ | ၁၁၆ | ၃၆ | (၁၅)၏သား၊ |
| ၁၇ | သူရိယ ဇေဌ | ၁၁၆ | ၁၃၈ | ၂၂ | (၁၆)၏သား၊ |
| ၁၈ | သူရိယဝိမလ | ၁၃၈ | ၁၅၆ | ၁၈ | (၁၇)၏သား၊ |
| ၁၉ | သူရိယ ရေနု | ၁၅၆ | ၁၇၈ | ၂၂ | (၁၈)၏သား၊ |
| ၂၀ | သူရိယ ကံသ | ၁၇၈ | ၁၉၄ | ၁၆ | (၁၉)၏သား၊ |
| ၂၁ | သူရိယ သကျ | ၁၉၄ | ၂၀၂ | ၈ | (၂၀)၏ ဘထွေး၊ |
| ၂၂ | သူရိယသီရိ | ၂၀၂ | ၂၂၂ | ၂၀ | (၂၁)၏သား၊ |
| ၂၃ | သူရိယကေသိ | ၂၂၂ | ၂၄၁ | ၂၁ | (၂၂)၏သား၊ |
| ၂၄ | သူရိယ ကုမ္ဘာ | ၂၄၁ | ၂၇၃ | ၃၂ | (၂၃)၏သား၊ |
| ၂၅ | သူရိယကေတု | ၂၇၃ | ၃၂၇ | ၅၄ | (၂၄)၏သား၊ |

## "ဝေသာလီ ကျောက်လှေကား ခေတ်နှင့် ဓမ္မဝက်ခေတ်မင်းများ"

| ဦးရေ | မင်းအမည် | နန်းတက် | နန်းကျ | နန်းစံ | မှတ်ချက်။ |
|---|---|---|---|---|---|
| ၁ | မဟာစန္ဒရား | ၃၂၇ | ၃၈၄ | ၅၇ | သူရိယကေတု၏သား၊ |
| ၂ | သူရိယ စန္ဒရား | ၃၈၄ | ၄၃၃ | ၄၉ | ( ၁)၏သား၊ |
| ၃ | မောလ စန္ဒရား | ၄၃၃ | ၄၈၁ | ၄၈ | ( ၂)၏သား၊ |
| ၄ | ပေါလ စန္ဒရား | ၄၈၁ | ၅၂၇ | ၄၆ | ( ၃)၏သား၊ |
| ၅ | ကာလ စန္ဒရား | ၅၂၇ | ၅၇၆ | ၄၉ | ( ၄)၏သား၊ |
| ၆ | ထုလ စန္ဒရား | ၅၇၆ | ၅၉၅ | ၁၉ | ( ၅)၏သား၊ |
| ၇ | သီရိ စန္ဒရား | ၅၉၅ | ၆၆၇ | ၇၂ | ( ၆)၏သား၊ |
| ၈ | သင်္ဂ စန္ဒရား | ၆၆၇ | ၇၃၃ | ၆၆ | ( ၇)၏သား၊ |
| ၉ | စူဠ စန္ဒရား | ၇၃၃ | ၇၆၉ | ၃၆ | ( ၈)၏သား၊ |
| ၁ | အမြတူဖြို | ၇၆၉ | ၇၇၆ | ၇ | မျိုးခြားမင်း၊ |
| ၂ | ပဲဖြူ | ၇၇၆ | ၇၉၃ | ၁၇ | မြတူ၏ ညီသား၊ |
| | မင်းမရှိကြားလွတ် | ၇၉၃ | ၇၉၄ | ၁ | မင်းမရှိ၊ |
| ၁၀ | ငတုံမင်း | ၇၉၄ | ၈၁၈ | ၂၄ | စူဠ စန္ဒကူးသား၊ |

## "ပဉ္စာမြို့ခေတ် မင်းများ"

| ဦးရေ | မင်းအမည် | နန်းတက် | နန်းကျ | နန်းစံ | မှတ်ချက်။ |
|---|---|---|---|---|---|
| ၁ | ခေတ္တသင် | ၈၁၈(အေဒီ) | ၈၂၈ | ၁၀ | စူဠစန္ဒရားတူ စန္ဒကူးသား |
| ၂ | စန္ဒသင် | ၈၂၈ | ၈၄၃ | ၁၅ | ခေတ္တာသင်ညီ၊ |
| ၃ | မင်းသင်ဖြူ | ၈၄၃ | ၈၇၃ | ၃၀ | ( ၁)၏သား၊ |
| ၄ | နာဂသူရိယ | ၈၇၃ | ၉၀၄ | ၃၀ | ( ၂)၏သား၊ |
| ၄ | သူရိယ ရာဇာ | ၉၀၄ | ၉၃၆ | ၃၂ | ( ၃)၏သား၊ |
| ၅ | ပုဏ္ဏက | ၉၃၆ | ၉၆၉ | ၃၃ | ( ၄)၏သား၊ |

| | | | | | |
|---|---|---|---|---|---|
| ၆ | မင်းကြီးဖြူ | ၉၆၉ | ၉၈၄ | ၁၅ | (၅)၏သား၊ |
| ၁ | စည်သဘင် | ၉၈၄ | ၉၈၆ | ၂ | မျိုးခြားမင်း။ |
| ၇ | မင်းနု | ၉၈၆ | ၁၀၁၄ | ၂၈ | မင်းကြီးဖြူ၏သား၊ |
| ၈ | မင်းလာတော် | ၁၀၁၄ | ၁၀၃၄ | ၂၀ | |
| ၉ | မင်းကုလား | ၁၀၃၄ | ၁၀၆၂ | ၂၈ | (၈)၏သား၊ |
| ၁၀ | မင်းဘီလူး | ၁၀၆၂ | ၁၀၆၈ | ၆ | (၉)၏သား၊ |
| ၁ | ဝရောင်းငှက်အသခ်ယာ | ၁၀၆၈ | ၁၀၇၆ | ၈ | ကြားမင်း။ |
| ၂ | မင်းဘုန်းသန် | ၁၀၇၆ | ၁၀၉၀ | ၁၄ | အသခ်ရာသား၊ |
| ၃ | မင်းမတ် | ၁၀၉၀ | ၁၁၀၃ | ၁၃ | (၂)၏သား၊ |

## "ပဌမ ပရိန်ခေတ်မင်းများ"

| ဦးရေ | မင်းအမည် | နန်းတက် | နန်းကျ | နန်းစံ | မှတ်ချက်။ |
|---|---|---|---|---|---|
| ၁ | လက်ျာမင်းနန် | ၁၁၀၃ | ၁၁၀၉ | ၆ | မင်းဘီလူးမြေး၊ |
| ၂ | မင်းသီဟ | ၁၁၀၉ | ၁၁၁၀ | ၁ | (၁)၏သား၊ |
| ၃ | ရာဇာကြီး | ၁၁၁၀ | ၁၁၁၃ | ၃ | (၂)၏သား၊ |
| ၄ | သကျာဝင်ကြီး | ၁၁၁၃ | ၁၁၁၅ | ၂ | (၃)၏သား၊ |
| ၅ | သကျာဝင်ငယ် | ၁၁၁၅ | ၁၁၁၈ | ၃ | (၄)၏သား၊ |
| ၆ | ကောလိယ | ၁၁၁၈ | ၁၁၂၃ | ၅ | (၅)၏သား၊ |

## "ဒုတိယ ပရိန်ခေတ်မင်းများ။"

| ဦးရေ | မင်းအမည် | နန်းတက် | နန်းကျ | နန်းစံ | မှတ်ချက်။ |
|---|---|---|---|---|---|
| ၁ | ဒသရာဇာ | ၁၁၂၃ | ၁၁၃၉ | ၁၆ | ကောလိယသား။ |
| ၂ | အနန္တသီရိ | ၁၁၃၉ | ၁၁၄၂ | ၃ | (၁)၏သား၊ |
| ၃ | မင်းဖုန်းစား | ၁၁၄၂ | ၁၁၄၉ | ၇ | အနန္တသီရိ၏ညီ၊ |
| ၄ | ပဋ္ဌာလဝက် | ၁၁၄၉ | ၁၁၅၁ | ၂ | (၃)၏သား၊ |
| ၅ | ဓနရူပေါ | ၁၁၅၁ | ၁၁၆၀ | ၉ | (၄)၏သား၊ |
| ၆ | စလင်ကာဗိုလ်အမတ် | ၁၁၆၀ | ၁၁၆၁ | ၁ | (၅)၏သား၊ |
| ၇ | မဋ္ဌူသင် | ၁၁၆၁ | ၁၁၆၆ | ၅ | ဓနရူပေါသား၊ |
| ၈ | ငရုံမံ | ၁၁၆၆ | ၁၁၆၈ | ၂ | (၇)၏သား၊ |
| ၉ | မင်းပုဂံ | ၁၁၆၈ | ၁၁၇၀ | ၂ | (၈)၏သား၊ |
| ၁၀ | ငရက္ခိုင် | ၁၁၇၀ | ၁၁၇၃ | ၃ | (၉)၏သား၊ |
| ၁၁ | မင်းကြုံ | ၁၁၇၃ | ၁၁၈၅ | ၁၂ | (၁၀)၏သား၊ |
| ၁၂ | မင်းဆူ | ၁၁၈၅ | ၁၁၉၀ | ၅ | (၁၁)၏သား၊ |
| ၁၃ | ရွှေသင် | ၁၁၉၀ | ၁၁၉၃ | ၃ | (၁၂)၏သား၊ |
| ၁၄ | မင်းခေါင်ကြီး | ၁၁၉၃ | ၁၁၉၉ | ၆ | ရွှေသင်၏ညီ၊ |
| ၁၅ | မင်းခေါင်ငယ် | ၁၁၉၉ | ၁၂၀၄ | ၅ | (၁၄)၏သား၊ |
| ၁၆ | ကမ္ဘာလောင်ကြီး | ၁၂၀၄ | ၁၂၁၀ | ၆ | (၁၅)၏သား၊ |

| | | | | | |
|---|---|---|---|---|---|
| ၁၇ | ကမ္ဘာလောင်ငယ် | ၁၂၁၀ | ၁၂၂၀ | ၁၀ | (၁၆)၏သား၊ |
| ၁၈ | သကျဝင်ကြီး | ၁၂၂၀ | ၁၂၂၂ | ၂ | (၁၇)၏သား၊ |
| ၁၉ | သကျဝင်ငယ် | ၁၂၂၂ | ၁၂၃၂ | ၁၀ | (၁၈)၏သား၊ |
| ၂၀ | သနပင်ဖြူ | ၁၂၃၂ | ၁၂၃၅ | ၃ | (၁၉)၏သား၊ |
| ၂၁ | နယ်သိမ်း | ၁၂၃၅ | ၁၂၄၆ | ၁၁ | (၂၀)၏သား၊ |
| ၂၂ | ငနလုံး | ၁၂၄၆ | ၁၂၅၀ | ၄ | (၂၁)၏သား၊ |

## "လောင်းကြက်ခေတ်မင်းများ"

| ဦးရေ | မင်းအမည် | နန်းတက် | နန်းကျ | နန်းစံ | မှတ်ချက်။ |
|---|---|---|---|---|---|
| ၁ | အလောမာဖြူ | ၁၂၅၀ | ၁၂၅၆ | ၆ | ငနလုံးသား၊ |
| ၂ | ရာဇသူကြီး | ၁၂၅၆ | ၁၂၅၈ | ၂ | ( ၁)၏သား၊ |
| ၃ | စောလူး | ၁၂၅၈ | ၁၂၆၁ | ၃ | ( ၂)၏သား၊ |
| ၄ | ဥစ္စနာကြီး | ၁၂၆၁ | ၁၂၆၉ | ၈ | ( ၃)၏သား၊ |
| ၅ | စောမွန်ကြီး | ၁၂၆၉ | ၁၂၇၃ | ၄ | ( ၄)၏သား၊ |
| ၆ | နန်းကျကြီး | ၁၂၇၃ | ၁၂၇၇ | ၄ | ( ၅)၏သား၊ |
| ၇ | မင်းဘီလူး | ၁၂၇၇ | ၁၂၈၁ | ၄ | ( ၆)၏သား၊ |
| ၈ | စည်သဘင်အမတ်ကြီး | ၁၂၈၁ | ၁၂၈၃ | ၂ | |
| ၉ | မင်းထီး | ၁၂၈၃ | ၁၃၈၉ | ၁၀၆ | မင်းဘီလူးသား၊ |
| ၁၀ | ဥစ္စာနာငယ် | ၁၃၈၉ | ၁၃၉၁ | ၂ | ( ၉)၏သား၊ |
| ၁၁ | သိဝရာဇ် | ၁၃၉၁ | ၁၃၉၂ | ၁ | (၁၀)၏ညီ၊ |
| ၁၂ | နန်းကျငယ် | ၁၃၉၂ | ၁၃၉၄ | ၂ | (၁၁)၏ညီ၊ |
| ၁၃ | ရာဇသူ | ၁၃၉၄ | ၁၃၉၆ | ၂ | (၁၂)၏သား၊ |
| ၁၄ | စည်သဘင်အမတ် | ၁၃၉၆ | ၁၃၉၇ | ၁ | |
| ၁၅ | မြင်စည်စားအမတ် | ၁၃၉၇ | ၁၃၉၇ | ၅-လ | |
| ၁၆ | ရာဇသူမင်း | ၁၃၉၇ | ၁၄၀၁ | ၄ | |
| ၁၇ | သိင်္ဂသူ | ၁၄၀၁ | ၁၄၀၄ | ၃ | (၁၆)၏ညီ၊ |

## "မြောက်ဦး (ပဌမ)ခေတ်မင်းများ"

| ဦးရေ | မင်းအမည် | နန်းတက် | နန်းကျ | နန်းစံ | မှတ်ချက်။ |
|---|---|---|---|---|---|
| ၁ | စောမွန် | ၁၄၀၄ | ၁၄၃၃ | ၂၉ | ရာဇသူ၏သား၊ |
| ၂ | အလီခင် | ၁၄၃၃ | ၁၄၅၈ | ၂၅ | ( ၁)၏ညီ၊ |
| ၃ | ဘစောဖြူကုလမသျှာ | ၁၄၅၈ | ၁၄၈၁ | ၂၃ | ( ၂)၏သား၊ |
| ၄ | မင်းဒေါလျှာ/ဆင်ဖြူရှင် | ၁၄၈၁ | ၁၄၉၁ | ၁၀ | ( ၃)၏သား၊ |
| ၅ | မင်းညို | ၁၄၉၁ | ၁၄၉၃ | ၂ | ( ၄)၏ ပထွေး၊ |
| ၆ | ရန်အောင် | ၁၄၉၃ | ၁၄၉၄ | ၆ -လ | ဒေါလျှားသား၊ |
| ၇ | စလင်္ကာသူ | ၁၄၉၄ | ၁၅၀၁ | ၇ | ( ၆)၏ ဦးကြီး၊ |
| ၈ | မင်းရာဇာ | ၁၅၀၁ | ၁၅၁၃ | ၁၂ | ( ၇)၏သား၊ |
| ၉ | ကဇာပတိ | ၁၅၁၃ | ၁၅၁၅ | ၂ | ( ၈)၏သား၊ |

| | | | | | |
|---|---|---|---|---|---|
| ၁၀ | မင်းစောအို | ၁၅၁၅ | ၁၅၁၅ | ၆ –လ | မင်းရာဇာ၏ ပထွေး၊ |
| ၁၁ | သဇာတာ | ၁၅၁၅ | ၁၅၂၁ | ၆ | ဒေါလျာသား၊ |
| ၁၂ | မင်းခေါင်ရာဇာ | ၁၅၂၁ | ၁၅၃၁ | ၁၀ | (၁၁)၏ညီ။ |

## "မြောက်ဦ (ဒုတိယ)ခေတ်မင်းများ"

| ဦးရေ | မင်းအမည် | နန်းတက် | နန်းကျ | နန်းစံ | မှတ်ချက်။ |
|---|---|---|---|---|---|
| ၁ | မင်းဗာကြီး | ၁၅၃၁ | ၁၅၅၃ | ၂၂ | မင်းရာဇာသား၊ |
| ၂ | မင်းတိက္ခာ | ၁၅၅၃ | ၁၅၅၆ | ၃ | (၁)၏သား၊ |
| ၃ | မင်းစောလှ | ၁၅၅၆ | ၁၅၆၄ | ၈နှ | (၂)၏သား၊ |
| ၄ | စကြာဝဒေး | ၁၅၆၄ | ၁၅၇၁ | ၇ | (၃)၏ညီ၊ |
| ၅ | မင်းဖလောင်း | ၁၅၇၁ | ၁၅၉၃ | ၂၂ | မင်းဗာသား၊ |
| ၆ | မင်းရာဇာ | ၁၅၉၃ | ၁၆၁၂ | ၁၉ | (၅)၏သား၊ |
| ၇ | မင်းခမောင်း | ၁၆၁၂ | ၁၆၂၂ | ၁၀ | (၆)၏သား၊ |
| ၈ | သီရိသုဓမ္မရာဇာ | ၁၆၂၂ | ၁၆၃၈ | ၁၆ | (၇)၏သား၊ |
| ၉ | မင်းစနေ | ၁၆၃၈ | ၁၆၃၈ | ၂၀ရက် | (၈)၏သား၊ |

"ရေမရှိသော ကန်၊ အဆန် မရှိသော စပါး
တရား မရှိသော မင်း၊ အိုးမရှိသော မီး ၊
အုပ်ချုပ်နေသမျှ ကာလပတ်လုံး ပြည်ရွာ မသာယာ၊
အိုး မရှိသော မီး သည် အလာမရောက်"

## "မြောက်ဦး (ဒုတိယ)ခေတ်မင်းများ"

| ဦးရေ | မင်းအမည် | နန်းတက် | နန်းကျ | နန်းစံ | မှတ်ချက်။ |
|---|---|---|---|---|---|
| ၁ | နရပတိမင်း/ကုသလ | ၁၆၃၈ | ၁၆၄၅ | ၇ | |
| ၂ | သတိုးဓမ္မရာဇာ | ၁၆၄၅ | ၁၆၅၂ | ၇ | ( ၁)၏သား၊ |
| ၃ | စန္ဒသုဓမ္မရာဇာ | ၁၆၅၂ | ၁၆၇၄ | ၂၂ | ( ၂)၏သား၊ |
| ၄ | ဥက္ကာဗလ | ၁၆၇၄ | ၁၆၈၅ | ၁၁ | ( ၃)၏သား၊ |
| ၅ | ဝရဓမ္မရာဇာ | ၁၆၈၅ | ၁၆၉၂ | ၇ | ( ၄)၏ညီ၊ |
| ၆ | မဏိသုဓမ္မရာဇာ | ၁၆၉၂ | ၁၆၉၄ | ၂ | ( ၅)၏ နောင်၊ |
| ၇ | စန္ဒသူရိယဓမ္မရာဇာ | ၁၆၉၄ | ၁၆၉၆ | ၂ | ( ၆)ညီ၊ |
| ၈ | ငတုံနော်ရထာ | ၁၆၉၆ | ၁၆၉၆ | ၃၇-ရက် | ( ၇)၏သား၊ |
| ၉ | မာရုပ္ပိယ | ၁၉၆၉ | ၁၉၆၇ | ၁ | ရဟန်းလူထွက်၊ |
| ၁၀ | လာလကဏ္ဍတ် | ၁၉၆၇ | ၁၉၆၈ | ၁ | ရဟန်းလူထွက်၊ |
| ၁၁ | ရွှေဝါနရာဓိပတိ | ၁၆၉၈ | ၁၇၀၀ | ၂ | မင်းသား၊ |
| ၁၂ | စန္ဒဝိမလဓမ္မရာဇာ ကျော်သိင်္ဂ | ၁၇၀၀ | ၁၇၀၆ | ၆ | |
| ၁၃ | သူရိယရာဇာသတိုးလှ | ၁၇၀၆ | ၁၇၁၀ | ၄ | |
| ၁၄ | စန္ဒဝိဇာရာဇာတဏ္ဍဗိုလ် | ၁၇၁၀ | ၁၇၃၁ | ၂၁ | |
| ၁၅ | သာမစန္ဒသူရိယရာဇာ | ၁၇၃၁ | ၁၇၃၄ | ၃ | (၁၄)၏သားမက်၊ |
| ၁၆ | နရာအဓိပတိ | ၁၇၃၄ | ၁၇၃၅ | ၁ | (၁၅)၏သား၊ |
| ၁၇ | နဝမဝရရာဇာ | ၁၇၃၅ | ၁၇၃၇ | ၂ | (၁၆)၏ညီ၊ |
| ၁၈ | စန္ဒဝိဇယ | ၁၇၃၇ | ၁၇၃၇ | ၈-လ | (၁၇)ဘကြီးသားညီ၊ |
| ၁၉ | သူရတန်ရာဇာ/ကုလား ၁ | ၁၇၃၇ | ၁၇၃၇ | ၃-ရက် | |
| ၂၀ | မေတ္တာရာဇ် | ၁၇၃၇ | ၁၇၄၂ | ၅ | စန္ဒဝိဇယညီ၊ |
| ၂၁ | နရအဘယရာဇာ | ၁၇၄၂ | ၁၇၆၁ | ၁၉ | (၂၀)၏ ပထွေး၊ |
| ၂၂ | သိရိသုရာဇာ | ၁၇၆၁ | ၁၇၆၁ | ၃-လ | (၂၁)၏သား၊ |
| ၂၃ | စန္ဒပရမရာဇာ | ၁၇၆၁ | ၁၇၆၄ | ၃ | (၂၂)၏ညီ၊ |
| ၂၄ | အဘယ မဟာရာဇာ | ၁၇၆၄ | ၁၇၇၃ | ၉ | (၂၃)၏ ယောက်ဖ၊ |
| ၂၅ | ဒါးပိုင်သောကြာ/ စန္ဒသုမန | ၁၇၇၃ | ၁၇၃၇ | ၄ | |
| ၂၆ | စန္ဒဝိမလ/အမတ်ပိုးရွှေ | ၁၇၇၇ | ၁၇၇၇ | ၄၀-ရက် | |
| ၂၇ | စန္ဒသတိဿရာဇာ/ အောင်စုန် | ၁၇၇၇ | ၁၇၈၂ | ၅ | |
| ၂၈ | သမ္မတမင်း/ သတိုးအောင် | ၁၇၈၂ | ၁၇၈၄ | ၂ | (၂၇)၏တူမလင်၊ |

# မြောက်ဦးမြို့စနစ်ပုံ။


ရေကန်
စားကျက်မြေ
လယ်မြေ
ရေကန်
မြို့တံခါး
ရေကန်
ရှစ်သောင်း ဘုရား
နန်းမြို့
ပေါ်တူဂီရပ်ကွက်
ဆင်ဖြူတော်တံခါး
လယ်မြေ
လယ်မြေ
လယ်မြေ

# မြောက်ဦးခေတ်
# ရခိုင်လက်နက် နိုင်ငံတော်
# မြေပုံ ။



# ကျွန်ပြုခံ ရခိုင်နိုင်ငံ

ရခိုင်လူမျိုးများသည် ဘီစီ (၆၀၀၀)ခန့်မှစ၍ ရခိုင်ပြည်တွင် အခြေချနေထိုင်လာကြသည်။ ဘီစီ(၃၀၀၀)ကျော်တွင် "မြို့ပြ နိုင်ငံ" ထူထောင်ပြီး ပဒေသရာဇ်စံနစ် တိုးတက် ထွန်းကားလာခဲ့သည်။ ရခိုင်နိုင်ငံတော်တွင်ရခိုင်လူမျိုးတို့သည် ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦး ခေတ်လေးလီပိုင်းခြားကာ နေထိုင်လာခဲ့ကြ၏။မြောက်ဦးခေတ်တွင် တိုးတက်မှု အထွဋ်အထိပ်သို့ရောက်ရှိခဲ့လေသည်။ ရခိုင်နိုင်ငံတော်သည်ကမ္ဘာ့အလယ်တွင် သီးခြားကင်းလွတ်စွာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးသောအမှီအခိုကင်းသော အချုပ်အခြာအာဏာပိုင်ဆိုင်သော လွတ်လပ်သော နိုင်ငံတနိုင်ငံဖြစ်သည်။

မြောက်ဦးခေတ်တွင် ရခိုင်နိုင်ငံတော်၌ ယဉ်ကျေးမှုအဆင့်အတန်း အထူးမြင့်မား တိုးတက် လာနေပြီ ဖြစ်သည်။ ထိုအချိန်၌ အေဒီ (၁၆၃၈)ခုနှစ်တွင် နန်းတက်သော နရပတိကြီး(ကုသလ)မင်းမှ အေဒီ(၁၇၈၂)တွင် နန်းတက်သော မဟာသမတမင်းအထိ တိုင်းပြည်ကို အုပ်ချုပ်ကြသောမြောက်ဦး ခေတ်နှောင်းဘုရင်များ လက်ထက်တွင် အရည်အချင်းရှိသော ဘုရင်များ လက်ထက်၌ တိုင်းပြည်တွင်း စည်းလုံး ညီညွတ်ရေး၊ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံခြားရေး စသည်များတွင် တိုးတက်မှု ရှိခဲ့၏။ အရည်အချင်း နည်းသော ဘုရင်များလက်ထက်၌ တိုင်းပြည်ငြိမ်းအေးမှုမရှိဘဲ တိုးတက်မှုနှေးကွေးလျှက်ရှိနေသည်။ ဤဖြစ်ရပ်များသည် ရခိုင်ပြည်၏ ပြည်တွင်းရေးသက်သက်သာဖြစ်ပါသည်။

## မဟာသမ္မတမင်း (၁၇၈၂- ၁၇၈၄)

ရခိုင်သက္ကရာဇ် (၁၁၄၆)၊ အေဒီ (၁၇၈၂)ခုနှစ်တွင် နန်းတက်သော မဟာသမ္မတမင်းသည်၊ ၎င်းနန်းမတက် မီကပင် ရခိုင်ပြည်၏ နန်းတွင်းရေးမှာ မငြိမ်သက်မှုများ ပေါ်ပေါက်လျှက် ရှိနေပြီး အမျိုးသား စည်းလုံး ညီညွတ်မှုမှာ ပြိုကွဲလျှက်ရှိနေ၏။ အမျိုးသား စည်းလုံး ညီညွတ်မှုမရှိလျှင် နိုင်ငံလွတ်လပ်ရေး ဆုံးရှုံးနိုင်သည်ဖြစ်၍ မဟာသမ္မတမင်းသည်၊ တိုင်းပြည်စည်းလုံး ညီညွတ်ရေးကို နည်းလမ်းမျိုးစုံဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သည်။ အိမ်ရှေ့မင်း ညီတော် ချစ်လှရွှေကို ဦးဆောင်စေ၍ နိုင်ငံအနှံ့အပြားသို့ စေလွှတ်ပြီး ပြန်လည်စည်းရုံးတော် မူစေသည်။ ကိုယ်တော်တိုင် ရခိုင်နိုင်ငံတော်၏ မြို့တော် မြောက်ဦးကိုလည်း နံ့ကျုံး၊ ရေကျုံး၊ ကျုံးခြောက်၊ ကျုံးပင်လယ်၊ တံခါးကြီး၊ တံခါးငယ်၊ တံခါးကောက်၊ တံခါးကွေ့၊ မလွယ်ပေါက်၊ သူရဲခို၊သူရဲတန်းဆောင်၊ ပြအိုး၊ ပစ္စင်၊ ရင်တား တို့ကို ခိုင်ခန့်စွာ ဆောက်လုပ်ပြုပြင်လေသည်။ မဟာသမ္မတမင်းသည်။ ရှေးရခိုင်မင်းများကဲ့သို့ အာဏာကို တဦးတယောက်တည်း မကျင့်သုံးဘဲ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး အာဏာများကို မှူးမတ်ပညာရှိများနှင့် တိုင်ပင်ကျင့်သုံးတော်မူ၍ နိုင်ငံတော်အုပ်ချုပ်ရေးကို ပြုပြင်ပြောင်းလဲစေသည်။ ညီလာခံတွင် ယခုခေတ် ပါလီမာန်ဒီမိုကရေစီ အသွင်သဏ္ဍာန်ဆောင်သော ညီလာခံသဘင်ကို ကျင်းပပြီး၊ မင်း၊ မှူးမတ် အချင်းချင်းတိုင်ပင်ညှိနှိုင်းလျှက် တိုင်းပြည်ရေးရာများကို ဆုံးဖြတ်ကြလေသည်။ ရခိုင်နိုင်ငံတော်တွင် မဟာသမ္မတမင်းလက်ထက်၌ အာရှတိုက်၏ ဒီမိုကရေစီရောင်ခြည်မှာ ယှက်သန်းစပြုနေပြီဟု ဆိုနိုင်ပါသည်။

## သံဒေဖောက်ပြန် ရခိုင်ကျွန်

ဦးသံဒေသည် မင်းပြားနယ် ငစင်ရိုင်းချောင်း ကျွန်းသားတယောက်ဖြစ်သည်။ ၎င်းသည်မဟာသမ္မတမင်း မတိုင်မီ မေတ္တာရာဇ်မင်း (၁၇၃၂-၁၇၄၂) လက်ထက်တွင် ဓါးပိုင်ကြီးအဖြစ် အမှုတော် ထမ်းဆောင်ခဲ့သည်။ ၎င်းသည် မိမိဇာတိဌာနေ ငစင်ရိုင်းချောင်း ကျွန်း ကို အခြေပြုလျှက် မေတ္တာရာဇ်မင်းကိုပုန်ကန်ခြားနားခဲ့သည်။ မဟာသမ္မတမင်း နန်းတက်သောအခါတွင်လည်း ပုန်ကန်ခြားနားပြန်သည်။ မကြာသောအချိန်အတွင်း မဟာသမ္မတမင်းထံ သစ္စာတော်ခံလေသောကြောင့် သံဒေအား ကုလားတန်မြစ်ဝှမ်းစား အရာကိုပေး၍ သူကောင်းပြုခဲ့လေသည်။ သံဒေသည် ကုလားတန်မြစ်ဝှမ်းမှ ကောက်ခံရရှိသောအခွန်ဘဏ္ဍာတို့ကို သိမ်းယူပြီး မကြာမီပင် မဟာသမ္မတမင်းအား ဆက်လက်ပုန်ကန်ခြားနားပြန်၏။ သံဒေသည်မဟာသမ္မတမင်းမတိုင်မီတွင်၎င်း၊ မဟာသမ္မတမင်း လက်ထက်တွင်၎င်း အကြိမ်ကြိမ်ပုန်ကန်ခြားနား ခဲ့သော်လည်းမဟာ သမ္မတမင်းသည် ထိုကဲ့သို့ရာဇဝင်လူဆိုးအား သူကောင်းပြုခဲ့ခြင်းမှာ မဟာသမ္မတမင်း လက်ထက် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေး ကိုသော်၎င်း၊ မဟာသမ္မတမင်း၏ စိတ်ရင်းစေတနာကိုသော်၎င်း၊ မှန်းဆ

သိသာနိုင်၏။ သို့ရာတွင်သစ္စာဖောက် တယောက်အား ထိုကဲ့သို့ဆက်လက်သူ ကောင်းပြုခဲ့ခြင်းသည် ဘုရင်နှင့် မှူးမတ် ပညာရှိတို့၏ ပျော့ကွက်၊ဟာကွက်တခု ပင်ဖြစ်ပါသည်။

သံဒေတို့အုပ်စုသည်မဟာသမ္မတမင်းကို ခြားနားပုန်ကန်နေသော်လည်း ထိရောက်မှု မရှိပေ။ထို့ကြောင့် သံဒေ မောင်ထွန်းစံ တို့သည် ဗမာ (မြန်မာ) နယ်ချဲ့ပဒေသရာဇ်ဘုရင် မောင်ဝိုင်း ထံ သွားရောက်ပြီး ရခိုင်ပြည်ကိုစစ်ချီသိမ်းပိုက်၍ ရခိုင်ဘုရင်တပါး တင်ပေးပါရန် ပင့်ခေါ်လျှောက်ထားကြလေသည်။ မဟာသမ္မတမင်း လက်ထက်တွင်မိသားစု ပြဿနာကို မိသားစုနည်းဖြင့် ဖြေရှင်းရန် အတွက် ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းရန် နန်းတော်ညီလာခံ၌ ဒီမိုကရေစီအခွင့် အရေးကို အပြည့်အဝ ပေးထားပြီး ဖြစ်သော်လည်း သံဒေတို့ လူစုသည် နယ်ချဲ့လူမျိုးခြားနှင့် ပူးပေါင်း၍ ရခိုင်ပြည်နှင့် ရခိုင်လူမျိုးတခုလုံးအား ကျွန်လူ့ဘောင်သို့ပို့ဆောင်ပေးခဲ့ခြင်း ပင်ဖြစ်သည်။

ဗမာ (မြန်မာ) သက္ကရာဇ် ဘုရင် မောင်ဝိုင်းသည် ထိုအချိန်က အင်္ဂလိပ်၊ ပြင်သစ်၊ စပိန် အစရှိသော နယ်ချဲ့ ပဒေသရာဇ်များကို အားကျပြီး ရခိုင်ပြည် ကို နယ်ချဲ့လိုသဖြင့် အမျိုးသား သစ္စာ ဖောက် သံဒေတို့အားဆုလာဘ်များစွာ ပေးပြီး၊ ကြိုဆိုလေသည်။ ရခိုင်ပြည်ကို တိုက်ခိုက်သိမ်းယူရန် အစီအစဉ်များကို လည်းစီစဉ်လေသည်။

ရခိုင်ဘုရင် မေတ္တရာဇ်မင်း (၁၇၃၇ - ၁၇၄၂) လက်ထက် အင်းဝမှ ဦးစံဦး၊ ဦးရွှေကျော်၊ဦးပုညိုတို့ ဦးဆောင် သော ဗမာ (မြန်မာ) လူမျိုးတထောင်တို့ ရခိုင်နိုင်ငံသို့ ထွက်ပြေးခိုလှုံလာကြသည်။ ဦးစံဦးတို့ကအင်းဝကို တိုက်ခိုက်သိမ်း ပိုက်လျှင် အလွယ်တကူ ရနိုင်ကြောင်း ရခိုင်ဘုရင်ကို တင်လျှောက်ကြသည်။ ရခိုင်ဘုရင်မှ တိုက်ခိုက်သိမ်းပိုက် လို သော်လည်း ရခိုင်ပညာရှိ အမတ်ကြီးများ က ကျိုးကြောင်း ဆီလျော်စွာ ထောက်ပြ ကြပြီး သူတပါးပြည်တွင်းရေးကို ဝင်မ စွက်သင့်ကြောင်း လျှောက်ထားကြ၍ အင်းဝသို့ တိုက်မည့် အစီအစဉ်ကို ဖျက် သိမ်းလိုက်သည်။ ခိုလှုံလာကြသော ဦးစံဦးတို့ ဦးဆောင်သည့် လူတထောင်ကို ကောင်းမွန်စွာ နေရာချထားပေးလေ သည်။ ဦးစံဦး၊ ဦးရွှေကျော်၊ ဦးပုညိုတို့ကို လည်း နယ်စား၊ ရွာစားများ ပေးထား လေသည်။ ရခိုင်ပညာရှိများ ဗမာ (မြန်မာ) များ အပေါ်သဘောထား မှန် ကန်ကြောင်း ပြသော သာဓကတခုဖြစ် သည်။

ရခိုင်ဘုရင် နရအဘယရာဇာ (၁၇၄၂ - ၁၇၆၁) လက်ထက်တွင် အင်းဝ မှ မင်းကြီး နန္ဒကျော်ထင်နှင့်၎င်း၏ညီ အပါအဝင် အမတ် (၃)ယောက်နှင့် နောက်ပါ လူ(၂၀၀)ရခိုင်ပြည်သို့ခိုလှုံလာ ကြသည်။

ရခိုင်ဘုရင်မှကောင်းမွန်စွာစောင့်ရှောက် ထား လေသည်။ ဗမာ(မြန်မာ) ပြည်တွင်း ရေးတွင် ဝင်ရောက်စွက်ဖက်ရန် မကြံ ရွယ်ခဲ့ပေ။ ဤအထောက်အထားများ သည် ရခိုင်သမိုင်းတွင် ရှိသကဲ့သို့ ဗမာ (မြန်မာ) သမိုင်းတွင်လည်းရှိမည်ဖြစ် သည်။ မင်းကြီးနန္ဒကျော်ထင်၏သမီး မိပန်းရုံသည် ရခိုင်နန်းတွင်းတွင် စာဆို ပညာရှိအမတ်တယောက်အဖြစ်ထင်ရှား ခဲ့သည်။

ဗမာ (မြန်မာ) ဘုရင်မောင်ဝိုင်း သည်ကား ရခိုင်ဘုရင်နှင့် ရခိုင်ပညာရှိ များ သဘောထားခဲ့သကဲ့သို့ မဟုတ်မူ၍ ရခိုင်အမျိုးသား သစ္စာဖောက် သံဒေတို့ ကို အသုံးချကာ ရခိုင်ပြည်နှင့် ရခိုင် လူမျိုးကို ကျွန်သဘောက်မီးလောင်တိုက် သို့ပို့ဆောင်ရန် အစီအစဉ်များကို တခုပြီးတခု ရေးဆွဲစီမံ စိုင်းပြင်းလျှက် ရှိလေတော့သည်။

## ဗမာ (မြန်မာ) ပဒေသရာဇ် ဘုရင်မောင်ဝိုင်း၏ ရခိုင်ပြည်ကို နယ်ချဲ့ကျူးကျော် သိမ်းပိုက်မှု အတွက် သွေးတိုး စမ်း ပြင်ဆင်မှုများ။

မြန်မာ (ဗမာ) ပဒေသရာဇ် ဘုရင်မောင်ဝိုင်းသည် သူ့ခမည်း တော်၊ နောင်တော်များ လက်ထက် ကပင် ကျူးကျော်နယ် ချဲ့မှု မပြုလုပ်ခဲ့သော ရခိုင် နိုင်ငံကို တိုက်ခိုက်နယ်ချဲ့ရန် မဝံ့ မရဲဖြစ်နေသည်။ ရခိုင်ပြည်သည်လည်း ရခိုင်ရိုးမတောင်တန်းကြီး ကာဆီးထား သဖြင့်၎င်း၊ မြောက်ဉ ခေတ်တွင် တိုက် ခိုက်ရေး စွမ်းအား ကောင်းသည်ကို သိရှိ ထားသဖြင့် ၎င်းအခြေအနေ မှန်ကို လေ့လာရန် လိုအပ်နေ၍ အမျိုးသား သစ္စာဖောက် ဦးသံဒေ၊ မောင်ထွန်းစံ ဆိုသူတို့၏ ရခိုင် ပြည်ကို သိမ်းပိုက်ပြီး ရခိုင်ဘုရင်တပါး တင်ပေးရန် လျှောက် ထားသည်ကို ချက်ချင်းဂတိ မပေးသေး ပေ။ ရခိုင်ပြည်သို့ သူလျှို များစေလွှတ်ပြီး အခြေအနေအရပ်ရပ်ကို လေ့လာ စုံစမ်း စေလေသည်။

ဗမာ (မြန်မာ) ပဒေသရာဇ် ဘုရင်မောင်ဝိုင်းသည် ရခိုင် ပြည်သို့ နယ်ချဲ့မကျူးကျော်မီကြိုတင်ပြင်ဆင်စီ မံချက်မှာ မှော်အတတ်ပညာ၊ စုန်းကဝေ အတတ်ပညာ၊ အင်းအိုင် မန္တာန်အတတ် ပညာ၊ ယတြာပညာ၊ 'နံ' နှိမ့်ပညာ စသော အတတ်ပညာတတ်သည့် သူများ နှင့် အောက်လမ်းဆရာများကို ရခိုင်ပြည် သို့ စေလွှတ်လိုက်လေသည်။ ၎င်းအတတ် ပညာတတ်သူများသည် မဟာမုနိ ကုန်း တော်ပေါ်သို့ တက်ရောက်ပြီး မဟာမုနိ ရုပ်ရှင်တော်၏ တန်ခိုးတော် ယုတ်ညံ့ သွားစေအောင် ၎င်းတို့အတတ်ဖြင့် ပြုလုပ်ကြလေသည်။ မဟာမုနိကုန်းတော် ပေါ်တွင်၎င်း၊ အခြားသင့်လျော်သော

နေရာများတွင်ငင်း ကျားရုပ်၊ မယ်ကုဝန်ရုပ်၊ငရုံရုပ်၊ ဦးမင်းကျော်ရုပ် စသည်တို့ကိုထားပြီး အမွှေးနံ့သာ ဆီမီး စသည်များကို ထွန်းလျှက် စစ်အောင်နိုင်ရန်ဆုတောင်း နံ့နှိမ်ကြသည်။ ထို့အပြင် သူလျှိုများသည် ရခိုင်ပြည်သူများ အကြားသို့ ဝင်ရောက်ပြီး ရခိုင်ဘုရင်ကိုရခိုင် ပြည်သူများအထင်အမြင်မှားအောင် မှုုးမတ်အချင်းချင်း အထင်အမြင်မှားအောင် အယုံသွင်းသွေးခွဲကြသည်။တီးတိုးကောလ ဟာလသတင်းများ လွှင့်ထုတ်ကြသည်။ ဤသို့ အချိန်ယူ လုပ်ဆောင်ကြပြီးနောက် ဗမာ (မြန်မာ)ပြည်သို့ ပြန်သွားကြသည်။ ငင်းသူလျှိုများသည် ဘုရင် မောင်ဝိုင်းအား ရခိုင်ပြည်ကို တိုက်ခိုက်သိမ်းပိုက်ပါက အလွယ်တကူ ရရှိနိုင်ကြောင်း တင်လျှောက်ကြလေသည်။

ဗမာ(မြန်မာ) ဘုရင်မောင်ဝိုင်းသည် ရခိုင်ပြည်သူတို့၏ ဂိုဏ်းဂဏစိတ်၊ ဒေသစိတ် ပြင်းထန်ပြီး တဦးနှင့်တဦး အယုံအကြည်ကင်းမဲ့ကာ စည်းလုံးညီညွတ်မှုအားနည်းနေသည်ကို သိရှိရ၍ မြောက်ဉခေတ်နှောင်း ရခိုင်သမိုင်း၏ အားနည်းချက်ကို အခွင့်ကောင်းယူလျှက် ရခိုင်ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်ရန် ဆုံးဖြတ်ချက်ချပြီး အမျိုးသားသစ္စာဖောက် "သံဒေ"မောင်ထွန်းစံတို့ကို ခေါ်ယူ တွေ့ဆုံ၍ ရခိုင်ပြည်ကို ချီတက်တိုက်ခိုက်သိမ်းပိုက် မည်ဖြစ်ကြောင်း ပြောပြလေတော့သည်။

## ရခိုင်ပြည်ကို ကျူးကျော် နယ်ချဲ့မှု စတင်ခြင်း။

ဗမာ (မြန်မာ) ပဒေသရာဇ် ဘုရင် မောင်ဝိုင်းသည် ငင်း၏သားအိမ်ရှေ့ဉပရာဇာ မောင်ပေါ်အား ဗိုလ်မှုုးအချုပ်ခန့်၍ ရခိုင်ပြည်ကို ကျူးကျော်နယ်ချဲ့ တိုက်ခိုက်ရန် တာဝန်ပေးလေသည်။ အိမ်ရှေ့မင်း မောင်ပေါ်သည် စစ်သည်များကို စုစည်း၍ ရခိုင်သက္ကရာဇ် (၁၁၄၆)ခု၊ ခရစ်သက္ကရာဇ် (၁၇၈၄) တန်ဆောင်မုန်း လတွင် စစ်ကြောင်းကြီးလေးကြောင်းဖွဲ့ကာ ချီတက် စေလေသည်။ ငင်းတို့ချီတက်ရာ လမ်းကြောင်းများမှာ မင်းဘူး အထက် မိုးကောင်းတောင်ကိုဖြတ်၍ တကြောင်း၊ အောင်လံ၊ သရက်၊ ကြံခင်းမှ အမ်း တောင်ကြားလမ်းကိုဖြတ်၍ တကြောင်း၊ ပြည်၊ ပန်းတောင်းမှ တောင်ကုတ်တောင်ကြားလမ်းကို ဖြတ်၍တကြောင်း၊ ပုသိမ်၊ မော်တင်စွန်း၊နဂါးနစ်အငူကို ဖြတ်ကျော်ပြီး ပင်လယ်ပြင်မှတကြောင်း၊ စစ်ကြောင်းကြီး (၄)ကြောင်းဖြင့် ရခိုင်ပြည်ကို စစ်မကြေငြာဘဲ ကျူးကျော်နယ်ချဲ့တိုက်ခိုက်လေတော့သည်။ ဗမာ (မြန်မာ) ဘုရင်တပ်တွင် စစ်သည်အင်အား ကြည်း၊ ရေအင်အားတသိန်းကျော် ရှိသည်။ အရံတပ်အင်အားလည်း အရံသင့် ရှိနေသည်။

## ရခိုင်ဘုရင့်တပ်မတော်မှ ကျူးကျော်စစ်ကို ခုခံတွန်းလှန်ခြင်း။

ရခိုင်ဘုရင် မဟာသမ္မတ မင်း၏ တပ်များသည်လည်း ရေကြောင်း၊ ကြည်းကြောင်းများဖြင့် ကျူးကျော်လာသော ဗမာ (မြန်မာ) နယ်ချဲ့တပ်များကို အပြင်းအထန် ခုခံတွန်းလှန်ကြသည်။ တဘက်နှင့်တဘက် အကြိတ်အနယ် တိုက်ခိုက်ကြရသဖြင့် နှစ်ဘက်တပ်များ ထိခိုက်သေကြေ ဒါဏ်ရာရကြသည်။ ရခိုင်ဘုရင် မဟာ သမ္မတမင်း၏ စစ်အင်အားသည် ရခိုင်ပြည် တောင်ပိုင်းတွင် အင်အားကောင်းသဖြင့် ဗမာ (မြန်မာ) နယ်ချဲ့တပ်များ အထိနာကြသည်။ ငင်းတို့ ထင်ထားသည့်အတိုင်း ရခိုင်နိုင်ငံတော်အား လွယ်လင့်တကူ မသိမ်းပိုက်နိုင်ကြပေ။ စွမ်းရည်သတ္တိနှင့် ပြည့်စုံသော ရခိုင်အာဇာနည်သူရဲကောင်းတို့၏ ဂုဏ်ရောင် ပြောင်မြောက်သော ခုခံတိုက်ခိုက်မှုတို့ကို ရင်ဆိုင်ကြရသည်။ နှစ်ဘက် စလုံး အမြောက် လက်နက်ကြီးများကို အသုံးပြုကြသည်။

ရခိုင်ဘုရင် တပ်မတော်မှ လက်ပစ် ဗုံးကိုပါ သုံးစွဲ၍ ဗမာ (မြန်မာ) တပ်များ အထိနာကြသည်။ ဗမာ (မြန်မာ) တို့ဘက်မှ အကျအဆုံးများသော်လည်း အရံပါလာသောတပ်များဖြင့် အစားထိုး နိုင်ကြသည်။ ရခိုင်တို့တွင် မှုုကားစည်းရုံးရေး ပျက်ပြားကာ တဦးကို တဦး ယုံကြည်မှုကင်းမဲ့နေကြ၍ မဟာသမ္မတမင်းကို ထောက်ခံနေသောရဲမက်စစ်သည်များလောက်သာ တိုက်ခိုက်နေရ၍ အင်အား ထပ်မဖြည့်နိုင်သဖြင့် အရေးနိမ့်ရလေသည်။ ဗမာ(မြန်မာ) တို့လက်အောက်သို့ ရခိုင်ပြည်တောင်ပိုင်း ကျဆုံးရလေသည်။

## ရခိုင်ဘုရင် မဟာသမ္မတမင်း စစ်ကြေငြာခြင်း။

ရခိုင်ပြည်တောင်ပိုင်း သံတွဲ၊ ရမ်းဗြဲ၊ အမ်း၊ ကျဆုံးပြီးနောက် မောင်ပေါ်သည်၊ အမျိုးသားသစ္စာဖောက်ဦးသံဒေနှင့် မောင်ထွန်းစံတို့ကိုခေါ်ယူပြီး၊ လောင်းကြက်မြို့ဟောင်းတွင် တပ်အခိုင်အလုံချကာ မြောက်ဉမြို့ကို ချိမ်း ခြောက်လေ တော့သည်။ ဗမာ (မြန်မာ) ရေတပ်သည်လည်း လေးမြို့မြစ် ပိုးခြေကျွန်းတွင် အခြေစိုက်ထားလေသည် ဤသို့မြောက်ဉမြို့တော်ကို ဗမာ (မြန်မာ) တပ်မှ ဝိုင်းဝန်းထားစဉ် ရခိုင်ဘုရင်၏ မှုုးမတ်အချို့က ဗမာ (မြန်မာ) ဘုရင်အား လက်ဆောင်ပဏ္ဏာသမီးကညာဆက်သပြီး မဟာမိတ်ဖွဲ့ပါဟု မဟာသမ္မတမင်းကို လျှောက်ထား စာင်ပြလာကြလေသည်။ "မဟာသမ္မတမင်းက ပြန်လည်ပြောကြားသည်မှာ ရှေ့ဘိုးလောင်းတော်၊ ဘေးလောင်းတော်တို့လက်ထက်တွင် ရခိုင်ပြည်သို့

စစ်ချီလာကြသော၊ ရန်သူတို့ကို လက်ဆောင် ပဏ္ဏာ သမီးကညာ ဆက်သ၍ စစ်ပြေငြိမ်းရဘူးသည်မရှိ။ ငါ့လက်ထက်ကျမှသာ သမီးကညာဆက်ရချေသော် နောင်အစဉ်အလာ ရာဇဝင် ရိုင်းမည်" ဟု မိန့်တော်မူပြီး စစ်ကြေငြာ၍ စစ်ပြိုင်ဆိုင်တိုက်ခိုက်လေသည်။

**" မဟာ သမ္မတမင်းက ပြန်လည် ပြောကြားသည့်မှာ ရှေ့ဘိုးလောင်း တော်၊ ဘေးလောင်းတော်တို့ လက်ထက်တွင် ရခိုင်ပြည်သို့ စစ်ချီလာကြသော၊ ရန်သူတို့ကို လက် ဆောင် ပဏ္ဏာ သမီးကညာ ဆက်သ၍ စစ်ပြေငြိမ်းရဘူးသည် မရှိ၊ ငါ့လက် ထက်ကျမှသာ သမီးကညာဆက်ရချေသော် နောင်အစဉ်အလာ ရာဇဝင် ရိုင်းမည်"**

သူ့ကျွန်မခံ ဇာတိသွေး ဇာတိမာန်ဖြင့် ဗမာ (မြန်မာ) ပဒေသရာဇ်တပ်များကို တိုက်ထုတ်တော်လှန်ပြီးနိုင်ငံနှင့် လူမျိုးအတွက် မဟာသမ္မတမင်း၏ ဆောင်ရွက်ချက်သည်ကား ရခိုင့်သမိုင်း အဆက်ဆက်တွင် မော်ကွန်းတံခွန် ထွန်းလျှံနေမည်သာတည်း။ မျိုးခြားနယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် ဇာတိသွေးဇာတိမာန်ဖြင့် မဟာသမ္မတမင်းဆောင်ရွက်ချက်များကို ရမ်းဗြဲတောင်ကျောင်း ဆရာတော် ဦးစန္ဒမာလာ လင်္ကာရ၏ ရခိုင်ရာဇဝင် သစ်ကျမ်းတွင် ဤသို့ဖော်ပြထား၏။

"ရခိုင်ဘုရင် မဟာသမ္မတ မင်းသည်၊ ရခိုင်သက္ကရာဇ် (၁၁၄၆) ပြာသိုလ်လ ခရစ်သက္ကရာဇ် (၁၇၈၄)ဒီဇင်ဘာလတွင် လောင်းကြက်မြို့ပေါင်း၌ လာရောက်တပ်စွဲလျက်ရှိသော ရန်သူ ဗမာ (မြန်မာ) တပ်များအားတိုက်ခိုက်နှိမ်နင်းရန် ညီတော် အိမ်ရှေ့မင်း ချစ်လှရွှေအား ဗိုလ်ချုပ်ခန့်၍ လက်ဝဲ မြန်ထွန်းဖောင် လက်ျာမြန်မောင်ထွေး လက်ဝဲဝင်းမှူး၊ ထွန်းဝေ၊ လက်ျာဝင်းမှူး ညိုရောင်၊ အိမ်ရှေ့ဝင်းမှူး ရှောက်ပြေး၊ အနောက်ဝင်းမှူးရောက်မစည်း၊ အစရှိသော မှူးတော် မတ်တော်များကို ပြောင်းလက်နက်တင်လှေပေါင်း (၈၀)နှင့် ရေကြောင်းမှ ချီစေ၍ ကိုယ်တော်တိုင်လည်း ကိုယ်ရံကြီး ထွန်းခိုင်၊ ဆင်ကဲကြီး ထွန်းပေါ်၊ ရမ်းဗြဲစား ခြေဝန်း၊တောင်ဘက်စား ဥဂ္ဂါးရွှေ၊ သေနာပတိ ရေဖျွတ်၊ ကုန်းဖျွတ် အပေါင်းတို့ဖြင့် ခြံရံလျက် မြောက်စည်၊ တိုက်စည်တို့ကို ထိန့်ရိုက်အောင် တီးခတ်စေ၍ ကြည်းကြောင်း မှ ချီတော်မူသည်ဟူ၍ရှင်း၊ ...

တဖန် တန်းလွဲမြို့ပိုင် တောင်မင်းကျော်ထွေးသည်၊ (၁၁၄၆)ခုနတ်တော်လတွင် နောင်တော်စားပိုင် ကြီးစံပေါ်ရွှေ၊ ရမ်းဗြဲစား ပေါလုံး၊ လမုစား လှခိုင်၊ ရမ်းဗြဲယ်စား ထွန်းအောင်၊ ရမ်းဗြဲကျွန်းအရှေ့ဘက်ဆိပ် စရပ်လေးရွာသူကြီးတို့နှင့်အတူ တန်းလွဲမြို့ တောင်ဘက် ချွေတုန်းပြင်ရှိ ရန်သူ ဗမာ (မြန်မာ) တပ်များကိုတိုက် ခိုက်ရာတွင် ရခိုင်သူရဲကောင်း (၃၀၀၀) ကျော်ပါရှိခဲ့သည်ဟူ၍ရှင်း မဟာသမ္မတမင်း၏ တပ်အင်အားကို ဖော်ပြထားသည်။ လောင်းကြက်မြို့ ပေါင်းတိုက်ပွဲတွင် မဟာသမ္မတမင်း၏ တပ်နှင့် ဗမာ (မြန်မာ) တပ်များအကြိတ် အနယ် တိုက်ခိုက်ကြသည်။ အင်အားခြင်းမမျှ၍ မဟာသမ္မတမင်း၏ တပ်များ အရေးနိမ့် ဆုတ်ခွာခဲ့ကြသော်လည်း မြောက်ဥ မြို့တော် မှ တဖန် ခုခံတိုက်ခိုက်ရန် ကြိုးစား ဆောင်ရွက်ခဲ့ကြ ပြန်လေသည်။ သို့ရာတွင် အကြောင်းမလှသဖြင့် အားမတန် မာန်လျှော့ကာ မဟာသမ္မတ ရာဇာသည် မြောက်ဥမြို့မှဆုတ်ခွာ လိုက်သည်။ ရခိုင်သက္ကရာဇ်(၁၁၄၆)ခု ပြာသိုလ်လပြည့်ကျော်(၇) ရက် စနေနေ့ (၁၇၈၄) ဒီဇင်ဘာလတွင်မြောက်ဥမြို့တော် ကျဆုံးလေ၏။ မဟာသမ္မတရာဇာသည်လည်း မိမိအင်အားရှိရာ ရခိုင်ပြည် တောင်ပိုင်းသို့ ထွက်ခွာပြီးတောနက် တနေရာတွင် ခိုလှုံနေစဉ် ရခိုင်သစ္စာဖောက်များ၏ လမ်းပြမှုကြောင့် နောက်တလ ကျော် အကြာတွင် အဖမ်းခံရလေသည်။ ရခိုင်ပြည်သည်လည်း ထီးကျိုး စည်ပေါက် လူမျိုးခြားလက်အောက်သို့ ရောက်ခဲ့ရ လေသည်။

## အောင်နိုင်သူ ဗမာ (မြန်မာ) များ၏ ရက်စက်ယုတ်မာမှုများ။

ရခိုင်သက္ကရာဇ် (၁၁၄၆)ခု ပြာသိုလ်လပြည့်ကျော် (၇) ရက်စနေနေ့ အေဒီ(၁၇၈၄) ဒီဇင်ဘာလတွင် ရခိုင်တပြည်လုံး ဗမာ (မြန်မာ) နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရသည်။ ရခိုင်ပြည်ကို ကျူးကျော်အောင်နိုင်သော ဗမာ (မြန်မာ) ပဒေသရာဇ် လက်ဝယ်ခံများသည် ရခိုင်လူမျိုးတို့ကို မြေလှန်စံနစ်ကျင့်သုံးပြီး၊ သတ်ဖြတ်နည်းမျိုးစုံနှင့် သတ်ဖြတ်ကြ၊ ညှင်းပန်းနှိပ်စက်ကြသည်။ နောင့်တချိန်တွင် ပြန်လည် မတုန့်ပြန်နိုင်အောင် ဖော်ပြပါ လုပ်ဆောင်ချက်များကို လုပ်ဆောင်ကြသည်။

၁။ မဟာသမ္မတမင်းနှင့် မိဖုရား၊ သားတော် သမီးတော်များ။
၂။ မှူးတော် မတ်တော် ပရောဟိတ် ပညာရှိများ။
၃။ ရဟန်းပညာရှိ လူပညာရှိများ။
၄။ လက်မှုပညာသည်များ။ ( ပန်းတိမ်၊ ပန်းရံ၊ လက်သမား)
၅။ မဟာမုနိရုပ်ပွားတော်နှင့် အခြား

ရုပ်တုများ။
၆။ ဘုရင့်ဘဏ္ဍာတိုက်မှ အဖိုးမဖြတ်နိုင်သောပတ္တမြားနှင့်နန်းစဉ်ရတနာများ။
၇။ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊နက္ခတ်ကျမ်းစသည့် ပုရပိုဒ်များ။
၈။ ရခိုင်သမိုင်းစဉ်ကို ပြုစုထားသည့် ပုရပိုက်များ။
၉။ သံဃာရနာတင် ပိဋကသုံးပုံ ပုရပိုက်များ။
၁၀။ ရခိုင့်နန်းတော်မှ ကြေးပြား အမိုးများ။
၁၁။ အလျား အတောင် (၂၀) လုံးပတ် (၆)တောင်ရှိ အမြောက်ကြီးများနှင့် အမြောက်(၂၀၀၀)၊ စိန်ပြောင်း အလက် (၁၀၀၀၀)စသော သက်ရှိသက်မဲ့ မြောက်များစွာတို့ကို ဗမာ (မြန်မာ) ပြည်သို့ ယူသွားကြသည်။ မြန်မာမှ ပြုလုပ် ကြလေသည်။

မြောက်ဦး မြို့တော်ရှိ ရခိုင့်နန်းတော်ကို ရခိုင်လူမျိုးများ တွေ့မြင်နေရလျှင် ဇာတိသွေး ဇာတိမာန် တက်လာမည်ကို စိုးရိမ်၍ နန်းတော်တခုလုံးကို အစအန ရှာမရအောင် မီးရှို့ဖျက်ဆီးပစ်လိုက်ကြသည်။ အခြားမိဖုရားအိမ်ရှေ့မင်း မင်းသမီးများ အိမ်တော်၊ ဘုန်းကြီးကျောင်းများ စေတီပုထိုးများ ၎င်းတို့မသယ်ဆောင်နိုင်သော သက်ရှိသက်မဲ့ ပစ္စည်းဟူသမျှကို မီးရှို့ဖျက်ဆီးပစ်ခဲ့ကြသည်။

မှတ်ချက်။ ။ ဗမာ (မြန်မာ) ဘုရင်သီပေါမင်း၏ မန္တလေး နန်းတော်ကို အင်္ဂလိပ်က ရှေးလက်ရာမပျက် ထားရှိခဲ့ကြသည်ကို ယနေ့တိုင် တွေ့မြင်နိုင်သည်။ သီပေါဘုရင်နှင့် မိဖုရားကိုလည်း ကွယ်လွန်သည်အထိ ကောင်းမွန်စွာ ထားရှိခဲ့သည်။ ထီးသုံး နန်းသုံး ပစ္စည်းအချို့ကိုလည်း လွတ်လပ်ရေးရကြသည့်အခါ အင်္ဂလိပ်ကပြန်လည် ပေးအပ်ခဲ့သည်။ ရခိုင်များ အဖို့တွင်ကား ရှေးလက်ရာထီးသုံးနန်းသုံးများကို အစအနရှာမရခြင်း၊ မြန်မာမှုပြုလိုက်ခြင်းသည် ရခိုင်လူမျိုးများ၏ ခံစားချက်ကို မည်သို့ ဖြေဖျောက်ပေးနိုင်ကြပါမည်နည်း။ ?

မဟာမုနိရုပ်ရှင်တော်ကို ဗုဒ္ဓဂေါတမ သက်ရှိထင်ရှားရှိစဉ်ကပင် ရခိုင်ဘုရင် မဟာ စန္ဒသူရိယမင်း၏ တောင်းပန် လျှောက်ထားချက်အရ ဘုရားရှင်ကိုယ်တော်တိုင် ရှေ့မှောက်တွင် သွန်းလုပ်ပြီး ရခိုင်ဘုရင် အဆက်ဆက်ကမ္ဘာ့ ဗုဒ္ဓဘာသာဝင်များနှင့် ရခိုင်ပြည်သူများအထွဋ်အမြတ် ကိုးကွယ်ခဲ့သော ဘုရားကို ရခိုင်သမိုင်း သုတေသီများက ဗမာ (မြန်မာ) များယူ ဆောင်၍ မရကြောင်း၊ အခြားတနေရာမှ သဏ္ဍာန်တူဘုရားတပါးကို ယူဆောင်သွား(ပင့်ဆောင်သွား) ကြကြောင်း မှတ်တမ်းတင်ကြသည်ကို တွေ့ရပါသည်။ ရုပ်ရှင်တော် မဟာမုနိသည်သာသနာ (၅၀၀၀)ကာလပတ်လုံး ဓညဝတီ ရခိုင်ပြည်၌ ကိန်းဝပ်တော်မူလိမ့်မည်ဟူသော ရှင်တော်ဗုဒ္ဓ၏ ဗျာဒိတ်ခတ် မိန့်မှက်တော်မူခဲ့သည်ကို ထောက်ထား၍ ရခိုင့်သမိုင်း သုတေသီတို့၏ အဆိုအမိန့်သည်သာ ပို၍မှန်ကန်လိမ့်မည်ပင် ဖြစ်ပါသည်။

မဟာမုနိ ရုပ်တုတော်ကို ဖောင်တွင် တင်ပြီး ရခိုင်လူမျိုး အားကောင်းမောင်းသန်များကို လှော်ခတ်စေ၍ တောင်ကုတ်သို့ ရောက်အောင် သယ်ဆောင်ကြရသည်။ တောင်ကုတ်တွင် ရထားပြုလုပ်ပြီး ရထားပေါ်တင်၍ ရခိုင်လူမျိုးများကိုပင် ဆွဲငင်ယူစေသည်။ လမ်းခရီးတွင် ရခိုင်များထွက်ပြေးကြရာ ရခိုင်လူမျိုးများသည် အစဉ်အလာ နားပေါက်ထားရှိကြသဖြင့် နားပေါက်များတွင် ကြိမ်လုံးငယ်သွင်းပြီး စီတန်း၍ ဆွဲယူ စေသည်။ တောင်ကုတ် တောင်ကြားလမ်းမှ ဆွဲယူကြပြီး ဧရာဝတီ မြစ်တွင်းရှိဖောင်ပေါ်သို့ တင်၍ စစ်ကိုင်း ဆိပ်ကမ်းထိအောင် ရခိုင် သုံ့ပန်းများလှော်ခတ် ဆွဲငယ်ကြရသည်။ စစ်ကိုင်း ဆိပ်ကမ်းသို့ ရခိုင်သက္ကရာဇ် (၁၁၄၇)ခု တပို့တွဲလဆုတ် (၁၂)ရက်နေ့ ရောက်ရှိသည်။ ဆိပ်ကမ်းမှ ယခု မဟာမုနိ ကိန်းဝပ်တော်မူရာသို့ ရောက်အောင် ရခိုင်များပါဝင် ဆွဲယူကြရ သည်။

ပါလာသော ရခိုင်သုံ့ပန်းများ အချို့ကိုလည်း မဟာမုနိဘုရားတွင် ဘုရားကျွန်အဖြစ် လှူဒါန်းမှုကို ခံကြရလေသည်။ ရခိုင်လူမျိုးများကို တိရိစ္ဆာန်ပမာ ပြုမူခြင်းဖြစ်သည်ဟု ရခိုင်တိုင်းရင်းသားများ ဤနေ့တိုင် ခံစားနေကြရပေသည်။

ရခိုင်ပြည်ကို နယ်ချဲ့ကျူးကျော်သိမ်းပိုက်ပြီး မင်းကြီးမင်းခေါင်ကျော်ဆိုသူအား နောက်လိုက်နောက်ပါ ရဲမက် (၁၀၀၀၀)နှင့် ရခိုင်ပြည်သူများကို ဖိနှိပ်ကျွန်ပြုရန် တာဝန်ပေးထားခဲ့သည်။ မင်းခေါင်ကျော်ဆိုသူသည် နာဇီဟစ်တလာထက် စောပြီး ဖက်ဆစ်စနစ်ကို ကျင့်သုံးခဲ့သည်။ ရခိုင်လူမျိုးများကို ကျူးပင်ခုတ် ကျူငုတ်မကျန် သတ်ဖြတ်နည်းမျိုးစုံဖြင့် သတ်ဖြတ်ခဲ့ကြသည်။ ကလေးငယ်များကို အပေါ်သို့မြှောက်ပြီး ဓါးကစားသည်။ ဆုံတွင် ထည့်ပြီး ထောင်းထုသည်။ ကိုယ်ဝန်ဆောင်မိန်းမများအား ဝမ်းကို ဓါးနှင့်ထိုးခွဲကြသည်။ မြောက်များစွာသော ရခိုင်လူထုကို ကစ္ဆပနဒီ (ကုလားတန်) မြစ်ကမ်းတွင် ခြံစည်းရိုးခတ်စေပြီး ခြံထဲတွင် လှောင်ထားသည်။ ဒီရေတက်လာလျှင် ခြံထဲမှ ထွက်လာသူများကို ဓါးနှင့် လှံနှင့် ထိုးခုတ်ကြသည်။ မထွက်ရဲသူများ ရေနစ်သေဆုံးကြရသည်။ ရေနစ် မွန်းသည့်အခါ လက်များက အပေါ်သို့ထောင်ပြီး အော်ဟစ်ကြသည်။ယနေ့ထိ ၎င်းနေရာကို လက်ဖန်ပြ (လက်ပန်ပြား) ဟုခေါ်တွင်နေကြသည်။

ရခိုင်ဘုရင်နန်းတော်မှ ယူခဲ့သည့် အမိုး၊ ကြေးဝါပြား များကို

ကမ္ဘာတွင် တတိယအကြီးဆုံး ခေါင်းလောင်းဟု ဗမာ (မြန်မာ) များ ဝင့်ကြွားနေသည့် မင်းကွန်းခေါင်းလောင်းကြီးကို သွန်းလုပ်ခဲ့သည်။ ကြေးချိန်(၅၅၅၅၅) ငါးသိန်း ငါးသောင်း ငါးထောင် ငါးရာ ငါးဆယ့် ငါး ပိဿာရှိသည်။ ၎င်းခေါင်းလောင်းကို သွန်းလုပ်ရာတွင် ရခိုင်သုံ့ပန်းများကို ခိုင်းစေခဲ့သည်။ မွန်းကွန်းစေတီ တည်ရာတွင်လည်း ရခိုင်သုံ့ပန်း (၃၀၀၀) သုံးထောင် ခိုင်းစေခဲ့သည်။ မတ္တီလာကန်ကို ဆည်ဖို့တူးဖော်ရာတွင်လည်း ရခိုင်သုံ့ပန်းမြောက်များစွာကို ခိုင်းစေသည်။ မသေရုံ အစားအစာကျွေးသဖြင့် ရောဂါဝင်ပြီး အများအပြားသေဆုံးကုန်ကြသည်။ သေဆုံးသောအလောင်းများကို မိတ္ထီလာကန်ဘောင်ကြီးတွင်မြှုပ်နှံခဲ့၏။ ရှည်လျားသောမိတ္ထီလာကန်ဘောင်ရိုးမှာ ရခိုင်တိုင်းရင်းသားများ၏ အရိုးစုများနှင့် ပြည့်နက်နေမည်သာဖြစ်ပါသည်။ ယိုးဒယားသို့ စစ်ချီတက်ရာတွင် ရခိုင်သုံ့ပန်း (၆၀၀၀) အသုံးပြုခဲ့ကြသည်။

ဗမာ (မြန်မာ) ပဒေသရာဇ် ဘုရင်မောင်ဝိုင်းသည် ( ၁၇၉၀–၁၇၉၇ ) နှစ်အတွင်း မင်းကွန်းစေတီ တည်စဉ်က ချွေးတပ်သား ရရှိရေးအတွက် ရခိုင်ဖောက်ပြန်ရေးသမား ဦးသံဒေတို့ကပင် စီစဉ်ဆောင်ရွက် ပေးခဲ့ရ၏။ မင်းကွန်းစေတီကြီးသာ ပြီးစီးခဲ့ပါလျှင် အမြင့်ပေ (၅၀၀)ကျော် ရှိပေလိမ့်မည်။ အပြီးတည်ပါက တိုင်းပြည်ပျက်မည်ဟု အတိတ်တဘောင်များ ထွက်ရှိသဖြင့် မပြီးမစီး တပိုင်းတစ ထားရှိခဲ့ရသော မင်းကွန်းစေတီသည် မန္တလေးမြို့နှင့် အလှမ်းမကွာသော စစ်ကိုင်းမြို့နယ်တွင် တွေ့မြင်နိုင်၏။ ထိုစေတီ၏ ပတ်ဝန်းကျင်တွင် လွန်ခဲ့သော အနှစ် (၂၀၀) လောက်က အတင်းအကြပ် အလုပ်ခိုင်းစေခြင်းခံရသော ရခိုင် တိုင်းရင်းသားများ၏ အရိုးများသည် ယခုတိုင်ပြည့်နှက် နေမည် ဖြစ်သည်။

ဗမာ (မြန်မာ) ပဒေသရာဇ် နယ်ချဲ့တို့၏ ရက်စက်မှု အစွမ်းကုန်ပြကျင့်ကြသည်မှာ မြောက်ဦးမြို့တော် အနီးရှိ အရိုးပုံတောင်ကြီးတွင် ရခိုင်တိုင်းရင်းသား အရိုးစု အရိုးဆွေများကို ယနေ့တိုင်တွေ့မြင်နေရသည်။ ထို့ကြောင့် အရိုးပုံတောင်ဟု ယခုတိုင် ခေါ်တွင်နေသည်။ ပုဏ္ဏားကျွန်းမြို့နယ် ယိုးချောင်းရှိ " သားပုံ" ကျေးရွာမှာလည်း ရခိုင်တိုင်းရင်းသား များကို အစုလိုက်အပြုံလိုက်သတ်ခဲ့ကြသဖြင့် "သားပုံ"ဟု ခေါ်တွင်သည်။ ကာလရှည်လျားလာသဖြင့် "သပုံ"ဟု ခေါ်တွင်နေလေသည်။

## ကျွန်ပြုခံရခိုင်နိုင်ငံ

ရခိုင်၊ ဗမာ (မြန်မာ) စစ်ပွဲတွင် ပြည်သူနှစ်သောင်းခန့်နှင့် ရဲမက် သုံးသောင်းခန့် သေဆုံးခဲ့ကြရပြီး ပြည်သူနှစ်သောင်းနှင့် ရဲမက် နှစ်သောင်း (၂၀၀၀၀၀) ခန့် မသန်မစွမ်း ဒုက္ခဖြစ်ခဲ့ရသည်။ ရခိုင်ပြည်သူ တသိန်းကျော် အိုးမဲ့ အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ပြည်သူလူထု တသိန်းကျော်မှာ အဘရခိုင်နိုင်ငံတော်ကို စွန့်ခွာပြီး ယခု ဘင်္ဂလားဒေ့ရှ်ထဲသို့ ပြေးဝင်ခိုလှုံခဲ့ရကြောင်း သမိုင်းမှတ်တမ်းများတွင် ဖော်ပြထားသည်။

ဗမာ( မြန်မာ) နယ်ချဲ့ ပဒေသရာဇ် ကျူးကျော်ရေးသမားတို့၏ ရက်စက်ယုတ်မာခဲ့သည်ကို ရခိုင်သမိုင်းမှတ်တမ်း လင်္ကာကျမ်းတွင် ဤသို့ဖော်ပြထားသည်။

"ပုံဘိတောင်နှယ်၊ ကောင်ပုတ်ဝယ်ကား၊ လူငယ်တသောင်း၊ လူကြီးပေါင်းမူ၊ ရှစ်သောင်းအစွန်း၊ တသိန်းမှန်၏။ မယွန်းထိုခါ သေကုန်ပါ၏။ ဒွာရာသံတွဲ၊ မြို့ရမ်းဖြဲနှင့် မြစ်ထဲဝမျှောင်၊ ကျွန်းမန်အောင်၌၊ ဖမ်းနှောင်ကြိုးသွင်း၊ ယူလေခြင်းကား၊ သတင်းစကား၊ နားသာကြား၏။ သက်ထား အကောင်၊ ဖူးဖူးရောင်သား၊ ပုတ်ပောင်နံစော်၊ ရုပ်ခန္ဓာကိုယ်၊ ကာကင်္ဂြင်းတ၊ သိန်းစွန်မှသည်၊ ခွေးကစလျက်၊ ကျားသစ်ဝက်များ၊ စားကြဖန်ဖန်၊ ကိုက်ကြဟန်ကို၊ အကျန်လူများ၊ မြင်လေပြောမူ၊ ဘုရားတရား၊ သံဃာအားကို၊ ဝပ်တွားကော်ရော်၊ ပူဇော်ရည်ရွတ်၊ နဖူးခတ်သည်၊ရင်ဘတ်လက်တင်၊ ခတ်တီး ...တည်း။"

ဤကဗျာလင်္ကာအရ ဗမာ (မြန်မာ) ပဒေသရာဇ် နယ်ချဲ့ လူသတ်သမား ဖက်ဆစ် ဘီလူးများသည် မြောက်ဦးမြို့တော် တမြို့တည်း မှာပင် ရဟန်းလူရှင် တသိန်းကျော် ကို သတ် ဖြတ် ခဲ့သည်ဟု ဆိုနိုင်သည်။ ထိုခေတ် မြောက်ဦးမြို့တော်၏ လူနေ အိမ်ခြေ စာရင်းကို "ပန်းမ္ဘကြျကြျမွီး၊အိမ်ခြီ စာရင်းပီး။" ဟု ရခိုင်သမိုင်း သုတေသီ တဦး၏ မှတ်တမ်းအရ ပိဋကတ်သင်္ချာ နည်းဖြင့် ပြောင်းပြန်ရေးချသော် ငါးသိန်း တသောင်း တထောင် ရှစ်ရာ ငါးဆယ့် ငါး (၅၁၁၈၅၅) အိမ်ခြေစာရင်းဖြစ်သည်။ တအိမ်လျှင် ဖျမ်းမျှလူဦးရေ (၅)ယောက်နှုန်း သတ်မှတ်လျှင် မြောက်ဦးမြို့တော် လူဦးရေသည် (၂၅၅၉၂၇၅) နှစ်သန်း ငါးသိန်း ငါးသောင်း ကိုးထောင် နှစ်ရာ ခုနှစ်ဆယ့်ငါး ရှိပေမည်။ မြောက်ဦးမြို့တော်တွင် ထင်ရှားသော ဘုန်းတော်ကြီးကျောင်း (၃၀)နှင့် ကျောင်းငယ် (၃၇၀၀) သုံးထောင်ခုနှစ်ရာကျော်ရှိကြောင်းကိုလည်း ထိုမှတ်တမ်းတွင် ပြဆိုထားသည်။ ထို့ကြောင့် မြောက်ဦးမြို့တော် တမြို့တည်းမှာပင် ရဟန်းရှင်လူ တသိန်းကျော် အသတ်ခံခဲ့ရကြောင်း မှတ်တမ်းတွင် ဖော်ပြထားပါသည်။

### "ပန်းမ္ဘကြျကြျမွီး၊ အိမ်ခြီ စာရင်းပီး။"

တဖန် ထိုလင်္ကာတွင် "ဒွာရာ၊ သံတွဲ၊ မြို့ရမ်းဖြဲနှင့် မြစ်ထဲဝမျှောင်၊

## မြန်မာဘုရင် မောင်ဝိုင်းသည် ငွေ (၁၀၀၀) တရားစရိတ်ပေး၍ ကွာ ရှင်းစေပြီး သိမ်းပိုက် လေသည်။

ကျွန်းမာန်အောင်၌၊ ဖမ်းနှောင်ကြိုးသွင်း၊ ယူလေခြင်းကား၊ သတင်းစကား၊ နားသာကြား၏။ စတ်ထားအကောင်၊ ဖူးဖူးရောင်သား၊"ဟု ဆိုထားပြန်ရာ ဒွာရာဝတီ သံတွဲ၊ ရမ္မာဝတီ ရမ်းဗြဲကျွန်း မြစ်ထဲဝမျှောင်နှင့် မေဃဝတီ မာန်အောင်ကျွန်းတို့မှ လူအမြောက်အများကို ဖမ်းယူသွားကြောင်း၊ ယင်းဒေသမှ လူအမြောက်အများ ကိုလည်း သတ်ဖြတ်ခဲ့ကြောင်း၊ ထိုကဗျာ လင်္ကာအရ သိသာနိုင်ပါ၏။ ထို့ကြောင့် ရခိုင်သက္ကရာဇ် (၁၁၄၆) အေဒီ (၁၇၈၄)ခုနှစ်တွင် ဗမာ (မြန်မာ) ပဒေသရာဇ် နယ်ချဲ့တို့က ရခိုင်နိုင်ငံသား များကို အစုလိုက် အပြုံလိုက် မြောက်များစွာ သတ်ဖြတ်မှုကြီးဖြစ်သည်ဟု ရခိုင်သမိုင်း သုတေသီတို့က မှတ်တမ်းတင်ထားကြသည်။

## ဗမာ (မြန်မာ) ပဒေသရာဇ် ဘုရင် မောင်ဝိုင်း၏ ယုတ်မာမှု။

ဗမာ (မြန်မာ) ပဒေသရာဇ် မောင်ဝိုင်းသည် သံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသည့် ရခိုင်ဘုရင် မဟာသမ္မတမင်းကို ၎င်း၏ညီ ပခန်းမင်း၏ အိမ်၌ထားရှိလေသည်။ တနေ့သောအခါ ရခိုင်ဘုရင်အား "ရခိုင်ပြည်တွင် ပိဋကတ်၊ ဗေဒင် သိမြင်လိမ္မာသောသူများ မရှိလေသလော"ဟု ဗမာ (မြန်မာ)ဘုရင် မောင်ဝိုင်းက မေးရာ ရခိုင်ဘုရင် မဟာသမ္မတမင်းက "အမရပူရမင်းမှာ၊ ပိဋကတ်ဗေဒင်၊ ကျွမ်းကျင်လိမ္မာသူ မရှိလေသောကြောင့်၊ သူတပါးနိုင်ငံကို ကျူးကျော်နယ်ချဲ့ တိုက်ဖျက်လေသလော"ဟူ၍ ပြန်၍ မေးတော်မူ၏။ ဗမာ (မြန်မာ) ဘုရင်မောင်ဝိုင်းလည်း နှုတ်ဆိတ်နေသည်ဟု ရခိုင်သမိုင်းဆရာများ မှတ်တမ်းတင်ထားသည်ကို တွေ့ရှိရပေသည်။ နောင်လာ နောက်သား ရခိုင်တိုင်းရင်းသားများကို နှိုးဆော်ခဲ့သည့် အသံပင်ဖြစ်သည်။

ရခိုင်ဘုရင် မဟာသမ္မတမင်း၏ မိဖုရား မြသန္တာသည် ရုပ်ရည်လှပ တင့်တယ်သောကြောင့် မြန်မာဘုရင် မောင်ဝိုင်းသည် ငွေ(၁၀၀၀) တရားစရိတ်ပေး၍ ကွာ ရှင်းစေပြီး သိမ်းပိုက် လေသည်။ မိဖုရား မြသန္တာသည်လည်း ဗမာ (မြန်မာ) ဘုရင်၏ မိဖုရားအဖြစ်ကို မခံယူဘဲ မိမိကိုယ်ကို အဆုံးစီရင်သည်ဟု သမိုင်းသုတေသီများ၏ မှတ်တမ်းတွင် ဖော်ပြကြသည်။ မိဖုရားမြသန္တာသည် ရခိုင်အမျိုး ဂုဏ်သိက္ခာအား နောက်ဆုံးအချိန်အထိ ပြသသွားသည်ကို ရခိုင်ပြည်သားများအတွက် စံထားရမည့် အချက်ဖြစ်ပေသည်။ အကျဉ်းခံ သံ့ပန်း ရခိုင်ဘုရင်မဟာသမ္မတ မင်းသည်လည်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲခြင်း ကြီးစွာဖြင့် အမရပူရ ရောက်ပြီး (၂)နှစ်တွင် နတ်ရွာစံလေသည်။ မဟာသမ္မတမင်း နတ်ရွာစံ သည်နှင့် ရခိုင်ပြည်တွင် ရခိုင်မင်းဆက် နိဂုံးချုပ် လေတော့သည်။

အမျိုးသား သစ္စာဖောက် ဦးသံဒေ ဆိုသူနှင့် အပေါင်းပါ တစုတို့ကြောင့် ရခိုင်နိုင်ငံတော်နှင့် ရခိုင် တိုင်းရင်း သားလူမျိုးများသည်၊ လူမျိုးခြားဗမာ(မြန်မာ) ပဒေသရာဇ် ကိုလိုနီနယ်ချဲ့ လက်အောက် ကျရောက် ခဲ့ရသည်။ တဖန် အင်္ဂလိပ်၊ ဖဆပလ၊ မဆလ၊ နဝတ တို့လက်အောက် ကျရောက်ခဲ့ရာ ယခုဆိုလျှင် အနှစ်(၂၁၀)ကျော် ကျွန်သက်တမ်း ရှည်ကြာလာပြီ ဖြစ်သည်။ နောင်ကို မည်သည့် အတိုင်းအတာ အထိ ကျွန်သက်ရှည်ကြာ နေမည်ကို ကားမသိနိုင်သေးပေ။ အဆုံးအဖြတ် ပေးနိုင်ရန်မှာ ရခိုင်ပြည်သူများ စုစည်းညီညွတ်မှုအား အပေါ်မှာ အဆုံးအဖြတ် ပေးမည်သာ ဖြစ်ပေ တော့သည်။

**"အမရပူရမင်းမှာ၊<br>ပိဋကတ်ဗေဒင်၊<br>ကျွမ်းကျင်လိမ္မာသူ<br>မရှိလေသောကြောင့်၊<br>သူတပါးနိုင်ငံကို<br>ကျူးကျော်နယ်ချဲ့<br>တိုက်ဖျက်လေသလော"**

အကိုးအကားပြုချက်။

(၁) ရခိုင်နိုင်ငံသမိုင်းသစ် ပိုးလှအောင်၊

(၂) ရခိုင်ရာဇဝင်သစ်ကျမ်း ရမ်းဗြဲ တောင်ကျောင်းဆရာတော် ဦးစန္ဒမာလာ လင်္ကာရ၊

(၃) ဓညဝတီ ရာဇဝင်သစ်ကျမ်း ပဲခူးမင်း ကျောင်းဆရာတော်၊

(၄) ဂစ္စပနဒီနှင့် သူ့ကျွန်မခံ သမိုင်းပေးတာဝန် တက္ကသိုလ်ကျော်လင်းခိုင် (လက်နှိပ်စက်မူ)၊

(၅) ဗုဒ္ဓဂေါတမနှင့် စန္ဒသူရိယဘုရင် ဦးလှထွန်းဖြူ၊

ဂစ္စပခိုင်လင်းအောင်။

မိဖုရားမြသန္တာသည် ရခိုင်အမျိုး ဂုဏ်သိက္ခာအား နောက်ဆုံး အချိန်အထိ ပြသသွားသည်ကို ရခိုင် ပြည်သားများအတွက် စံထားရမည့် အချက် ဖြစ်ပေသည်။ အကျဉ်းခံ သံ့ပန်း ရခိုင် ဘုရင်မဟာသမ္မတ မင်းသည်လည်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲခြင်း ကြီးစွာဖြင့် အမရပူရ ရောက်ပြီး (၂)နှစ်တွင် နတ်ရွာ စံလေသည်။ မဟာသမ္မတမင်း နတ်ရွာစံ သည်နှင့် ရခိုင်ပြည်တွင် ရခိုင်မင်းဆက် နိဂုံးချုပ် လေတော့သည်။

## ရခိုင်ပြည်မြောက်ဦးမြို့တော်၌ ဗမာ(မြန်မာ) ပဒေသရာဇ်တို့၏ ရခိုင်နိုင်ငံသားများအပေါ် ဖိနှိပ်ကျွန်ပြုရန် တာဝန်ပေးခံရသော ဗမာ(မြန်မာ)လူမျိုး မြို့ဝန် (၉)ယောက်၏ အမည်စာရင်း။

| စဉ် | မြို့ဝန်အမည် | နှစ် | ရခိုင်သက္ကရာဇ်။ |
|---|---|---|---|
| ၁ | အနှပကျန် | ၄ | ၁၁၄၆ မှ ၁၁၅၀ ထိ၊ |
| ၂ | အနောက်ဘက်တိုက်ဝန် | ၂ | ၁၁၅၀ မှ ၁၁၅၂ ထိ၊ |
| ၃ | ပုသိမ်ဝန် | ၁ | ၁၁၅၂ မှ ၁၁၅၃ ထိ၊ |
| ၄ | တိုင်းတားဝန် အာဏာကျော်ထင် | ၂ | ၁၁၅၃ မှ ၁၁၅၅ ထိ၊ |
| ၅ | မောင်ကျော်လှ | ၂ | ၁၁၅၅ မှ ၁၁၅၇ ထိ၊ |
| ၆ | စိန်ဘူး | ၁၈ | ၁၁၅၇ မှ ၁၁၇၅ ထိ၊ |
| ၇ | နော်ရထာ | ၆ | ၁၁၇၅ မှ ၁၁၈၁ ထိ၊ |
| ၈ | မောင်ကြာရိုး | ၃ | ၁၁၈၁ မှ ၁၁၈၄ ထိ၊ |
| ၉ | တရုပ်ဝန် စံပျော် | ၂ | ၁၁၈၄ မှ ၁၁၈၆ ထိ၊ |

## ရခိုင်နိုင်ငံ ရမ်းဗြဲမြို့၌ ဗမာ (မြန်မာ) ပဒေသရာဇ်တို့၏ ရခိုင်နိုင်ငံသားများအပေါ် ဖိနှိပ် ကျွန်ပြုရန် တာဝန်ပေးခံရသော ဗမာ (မြန်မာ) လူမျိုး မြို့ဝန် (၂၁)ယောက်၏ အမည်စာရင်း။

| စဉ် | မြို့ဝန်အမည် | နှစ် | ရခိုင်သက္ကရာဇ်။ |
|---|---|---|---|
| ၁ | နရသမိုင်းကျော် | ၁ | ၁၁၄၇ |
| ၂ | ရဲတိုက်ဝန် | ၂ | ၁၁၄၈ မှ ၁၁၄၉ ထိ၊ |
| ၃ | လကျာ်ရွှေတောင် | ၃ | ၁၁၅၀ မှ ၁၁၅၂ ထိ၊ |
| ၄ | မဘဲစား | ၃ | ၁၁၅၃ မှ ၁၁၅၅ ထိ၊ |
| ၅ | တိုင်းတားဝန် | ၂ | ၁၁၅၆ မှ ၁၁၅၇ ထိ၊ |
| ၆ | လယ်ကိုင်းစား | ၂ | ၁၁၅၈ မှ ၁၁၅၉ ထိ၊ |
| ၇ | သမန်းရဲဖျား | ၁ | ၁၁၆၀ မှ ၁၁၆၀ ထိ၊ |
| ၈ | လယ်ကိုင်စား | ၃ | ၁၁၆၁ မှ ၁၁၆၃ ထိ၊ |
| ၉ | ရဲမက်တံခွန် | ၁ | ၁၁၆၄ မှ ၁၁၆၄ ထိ၊ |
| ၁၀ | ကျော်ထင်ရာဇာ | ၃ | ၁၁၆၅ မှ ၁၁၆၇ ထိ၊ |
| ၁၁ | သာဝတ္တီစား | ၃ | ၁၁၆၈ မှ ၁၁၇၀ ထိ၊ |
| ၁၂ | ရွှေတော်သီဟ | ၂ | ၁၁၇၁ မှ ၁၁၇၂ ထိ၊ |
| ၁၃ | လကျာ်စည်သူ | ၄ | ၁၁၇၃ မှ ၁၁၇၆ ထိ၊ |
| ၁၄ | နေမျိုးသူရ | ၄ | ၁၁၇၇ မှ ၁၁၈၀ ထိ၊ |
| ၁၅ | မဟာနော်ရထာ | ၁ | ၁၁၈၁ မှ ၁၁၈၁ ထိ၊ |
| ၁၆ | မောင်ရွှေအိုး | ၁ | ၁၁၈၂ မှ ၁၁၈၂ ထိ၊ |
| ၁၇ | ရွှေဒါးမှူး | ၁ | ၁၁၈၃ မှ ၁၁၈၃ ထိ၊ |
| ၁၈ | ရဲမက်ကျော်ထင် | ၁ | ၁၁၈၄ မှ ၁၁၈၄ ထိ၊ |
| ၁၉ | ဒါဝတ်ကယ် | ၁ | ၁၁၈၅ မှ ၁၁၈၅ ထိ၊ |
| ၂၀ | မောင်သာကြွယ် | ၁ | ၁၁၈၆ မှ ၁၁၈၆ ထိ၊ |
| ၂၁ | မောင်စံရာ | ၁ | ၁၁၈၇ မှ ၁၁၈၇ ထိ ဖြစ်သည်။ |

လူမျိုး တမျိုး၏ ဘာသာ၊ ဓလေ့၊ စာပေယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာတို့သည် ရှိကြစမြဲပင် ဖြစ်သည်။ လူမျိုးတိုင်း၏ အလေ့အထ စရိုက်မျိုးစုံတို့သည် ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုတို့၏ မူလသော့ချက်ဖြစ်ပေသည်။ အပြန်အလှန်အားဖြင့် အကျိုးပြုနေကြသည်။ စာပေမြင့်မားမှ ယဉ်ကျေးမှု တိုးတက်နိုင်သလို ယဉ်ကျေးမှု ဖွံ့ဖြိုးမှ စာပေထွန်းကားနိုင်သည်။ အတတ်ပညာ၊ စာပေ ယဉ်ကျေးမှု တိုးတက်မြင့်မားလာခြင်းသည် လူသားတို့၏ အတွင်းစိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုပင် မဟုတ်ပါလော။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံအားလုံး တညီတညွတ်တည်း တိုးတက်နေသည်ကား မဟုတ်။ တချို့နိုင်ငံများ ခေတ်မီတိုးတက်နေကြသော်လည်း ကျန်နိုင်ငံများမှာ ခေတ်နောက်ကျနေဆဲပင်ဖြစ်သည်။

အထူးသဖြင့် အာဏာရှင်များ၊ မဟာလူမျိုးကြီးဝါဒီ အုပ်ချုပ်သူများ၊ ဒီမိုကရေစီကင်းမဲ့သော နိုင်ငံများ၊ နယ်ချဲ့ကိုလိုနီ ဝါဒီ အစိုးရများ၊ သွေးစုတ်ခံ၊ အဖိနှိပ်ခံ နိုင်ငံများ၊ မတိုးတက်ဘဲ ခေတ်နောက်ကျ ကျန်နေဆဲဖြစ်သည်။ ယင်းအတ္တဝါဒီတို့၏ သွေးနှောစံနစ် အနိုင်ကျင့်နည်းဗျူဟာများကြောင့် တိုင်းပြည်ပျောက်၊ လူမျိုးပြို၊ ယဉ်ကျေးမှု အားလုံးဆိတ်ကွယ်ပျက်သုန်းရမည်။ စိတ်မချမ်းမြေ့ဘွယ်၊ ရင်နင့်ဘွယ်များ ကြုံတွေ့နေရသည်မှာ ဒုံးပျံခေတ်၊ ဂြိုလ်တုခေတ်၊ အနုမြူခေတ်တို့၏ (၂၀)ရာစု အနိဋ္ဌာရုံ သက်သက်နှင့် အကျိုးဆက်များ ဖြစ်ပေသည်။ ယနေ့ ရခိုင်သား / သမီးတို့ အားလုံး မိမိ၏အကြောင်း၊ ကိုယ့်တိုင်းပြည် အဖြစ်အပျက်၊ ကိုယ့်လူမျိုး၊ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု ထုံးတမ်း စဉ်လာ များကို သိထားရန်မှာ တာဝန် တရပ်အဖြစ် သဘောပေါက် နားလည်ထားရန် လိုအပ်ပေသည်။

“ကျွန်နှင့် သူကောင်း အတူ ပေါင်း၊”
“သူကောင်း ကျွန်တော် နံ့ လိမ့်မည်။”
“ကျွန်က သူကောင်းဖြစ်”
ပြည်ရွာမအီးချမ်း [မအေးချမ်း]။

ကျနော်တို့ ရခိုင်လူမျိုး၊ ရခိုင်ပြည်နှင့် ရခိုင်ရိုးရာယဉ်ကျေးမှု၊ အနုပညာ၊ စာပေ၊ ကဗျာ၊ လင်္ကာ၊ ကျောက်စာ၊ ပေစာ၊ ပုရပိုက်စာ၊ ခေါင်းလောင်းစာ၊ မှင်စာ၊ ချေင်း၊ သမိုင်းလင်္ကာ၊ ရာဇဝင်လင်္ကာ၊ သာချင်း၊ ပုံပြင်၊ စကားပုံ၊ တဘောင် စသည်တို့မှာကား နှစ်ပေါင်း (၂၀၀)ကျော်ရှည်လျားသော လက်အောက်ခံ ကျွန်ဘဝနှင့် အတူ လောင်းရိပ်မိပြီး မှေးမှိန် နေရဆဲ ဖြစ်သည်။ မျက်မှောက်ခေတ် လူငယ်များဆိုလျှင် ဗမာသမိုင်းကိုပင် ကိုယ့်သမိုင်း ထင်လိုထင်၊ ကိုယ့်ယဉ်ကျေးမှုကို ဗမာ့ ယဉ်ကျေးမှု မှတ်လိုမှတ် အလွဲလွဲ အမှားမှား၊ ဂယောင် ချောက်ရှား၊ အိုးနင်း ခွက်နင်း ဖြစ်နေကြသည်မှာ စိတ်မချမ်းမြေ့စွာဖြင့် တွေ့နေရသည်။

ရခိုင်ပြည်၊ ရခိုင်လူမျိုး တို့တွင် ရှေးအခါက ရခိုင်သမိုင်း၊ ရခိုင်လူ့ဘောင်

တွင် ကိုယ့်မင်း၊ ကိုယ့်ချင်း၊ ကိုယ့်ထီး၊ ကိုယ့်နန်း ကိုယ်ကြငှန်းဖြင့် ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဘာသာ၊ သာသနာ၊ စာပေ၊ ဓလေ့ထုံးတမ်းနှင့်အညီ ကိုယ့်ကြမ္မာ ကိုယ် ဖန်တီးနေထိုင်ခဲ့ကြရသည်။ စကားပုံ၊ ပုံပြင်၊ တဘောင်၊ ဇမ်းခြင်း၊ မော်ကွန်း၊ သာခြင်း၊ လျှောက်ထုံး၊ သိုက်သမိုင်း၊ အကာယတြာကျမ်း၊ ဆယ့်နှစ် ရာသီဘွဲ့ စသည့် အတိုင်းအဆမရှိသော ရခိုင် ယဉ်ကျေးမှု ထွန်းကားခဲ့သည်မှာ သမိုင်း မှတ်တမ်း အများအပြားတို့တွင် တွေ့ရှိနိုင်သည်။

ရခိုင်စကားပုံနှင့် တဘောင်များကို အသုံးပြုကြရာတွင် အမျိုးမျိုး ကွဲပြားလျက်ရှိသည်ကို တွေ့ရသည်။ ဘုရင်မင်းများနှင့် ပတ်သက်လျှင် "ရာဇပုံ" ပြည်သူများနှင့် ပတ်သက်လျှင် "ထုံးပုံ" တိုင်းရေး ပြည်ရေးနှင့် ပတ်သက်လျှင် ဆိုးသည် ဖြစ်စေ၊ ကောင်းသည် ဖြစ်စေ နမိတ် ပြောဆိုခြင်းများကို "တဘောင်" ဟူ၍ ဖော်ပြကြသည်။

စာကားပုံများကို အသုံးပြုရာတွင် ရေးသားသည့်စာပေများ၊ ပြောကြားသည့် စကားများကို ပိုမိုလေးနက်စေရန် ဥပမာအဖြစ်ငှင်း၊ စကားတန်းဆာဆင်၍ ငှင်း အသုံးပြုကြသည်ကို တွေ့ရှိရသည်။ စကားပုံများမှာ နေထိုင်ရာဒေသ ကူးလူးဆက်ဆံရသည့် ပတ်ဝန်းကျင် လှုပ်ရှားမှုတို့မှစ၍ ဓလေ့၊ စရိုက်အတွေးအခေါ်နှင့် ရိုးရာယဉ်ကျေးမှုမှ အခြေခံ ပေါ်ပေါက်လာသည်။ တနည်းအားဖြင့် ရခိုင် ယဉ်ကျေးမှု၏ သမိုင်းအစိတ် အပိုင်းများဟု ခေါ်နိုင်သည်။ ရခိုင်လူမျိုးတို့၏ မူလဗီဇကို ဖော်ညွှန်းပြလိုသည့် စကား ပုံပြင်များမှာ "ရခိုင်ကျင့်ထုံး (၁၀၃)" ရခိုင်အစအဖွဲ့န က" "ရခိုင်အစ မြို့က၊ ရခိုင်အစရိုကြိုင်က" ရခိုင်အက ဆတ်မက (သကျမက) "ရခိုင်အစ မာရယုက" ရခိုင်လူမျိုးတို့ ဆင်းသက်လာပုံကို ပုံပြင်စကားစု အဖြစ် တွေ့ရသည်။

ရခိုင်ပြည် ရခိုင်လူမျိုးတို့၏ ပုံပြင် စကားစု၊ တဘောင် စသည်များ၊ ယဉ်ကျေးမှု စကားစုများသည်၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ ဘုရင်မင်းမြတ်အရေးနှင့် တိုင်းရေး ပြည်ရေး စသည်တို့မှာ အလွန်များပြားပြီး ရေးမဆွကပင် ပေါ်ပေါက်ထွန်းကားခဲ့သည်။ ရခိုင့် ဓလေ့စရိုက်ကို ဖော်ကျူးညွှန်ပြဆဲရှိသည်။

ဤစကားပုံများ၊ ပုံပြင်များ၊ တဘောင်များဖော်ပြရာတွင် အများကြားဖူးနေကြ၊ ဖတ်ဖူး၊ သိဖူးသူများ သေးသေးကွဲကွဲ အဓိပ္ပါယ်မပေါက်သူများအားလုံး နားလည်အောင်နှင့် ဤစကားပုံများ ဖြစ်ပေါ်လာရခြင်း၏ ခေတ်အဆက်ဆက်နှင့် ရည်ရွယ်ချက်၊ ဦးတည်ချက်များကိုသာ ဖော်ပြလိုက်ရခြင်းဖြစ်သည်။

"ကျွန်နှင့် သူကောင်း အတူပေါင်း၊" "သူကောင်း ကျွန်စော် နံ့လိမ့်မည်။" "ကျွန်က သူကောင်းဖြစ်" ပြည်ရွာမအီးချမ်း (မအေးချမ်း)။

ဤစကားပုံမှာ ခရစ်သက္ကရာဇ် (၁၆၂၂) ခုနှစ်တွင် ရခိုင် ထီးနန်းကို စိုးစံခဲ့သော မဟာသီရိ သုဓမ္မ ရာဇာမင်းသည်၊ ပင်းဝါစားအမတ်ကြီး၏သမီး "ဝါလှဖြူ"ကို ကောက်ယူ၍ နတ်ရှင်မယ်ဟူသော ဘွဲ့အမည်ပေးပြီး မိဖုရားတင်မြှောက်ခဲ့သည်။ ဝါလှဖြူမှာ မင်းကြီးအား ချစ်ခင်နှစ်သက်မှုမရှိဘဲ ငယ်ရွယ်သူ လောင်းကြက် မြို့စား၊ (ကုသလ) ခေါ် (ငခွီးချေ) ကိုသာလျှင် တပ်မက် စွဲမက်လျှက် ရှိခဲ့သည်။ ဝါလှဖြူနှင့် လောင်းကြက်မြို့စား ငခွီးချေတို့က (၂)ဦးပေါင်း၍ အင်း၊ အိုင်၊ မန္တာန်တို့ဖြင့် ကြံစည်သတ် ဖြတ်မှုကြောင့် မင်းကြီး နတ်ရွာစံကံတော်ကုန် ခဲ့ရသည်ကို အကြောင်းပြု၍ ရခိုင်ပြည်သူ ပြည်သားတို့က ပုံပြင်နှိုင်း၍ငှင်း "တဘောင်" ဖြင့်ငှင်း ရှေ့ပြေးနမိတ် ဖော်ကျူးခြင်းကို တွေ့ရသည်။ အမျိုး ညံ့သော သူနှင့် မြင့်မြတ်သော ဘုရင် ပေါင်းသင်း နေထိုင် ရခြင်းဖြင့် မျိုးညံ့သူသည် မြင့်မြတ်သွား သကဲ့သို့ မြင့်မြတ် သူသည်လည်း အမျိုး ညံ့သော ကျွန် အနံ့ ရစေလိမ့်မည်။ တဖန် အမျိုးညံ့များ ဘုရင်ဖြစ်ပါက တတိုင်းပြည်လုံး မအေးချမ်းကြောင်းကို ဖော်ပြထားသည်။

တဖန် ကုလားနှင့်ပတ်သက်၍ ရခိုင် ပြည်သူလူထု အချို့နှင့် မြန်မာတနိုင်ငံလုံးရှိ ကုလားများ မြန်မာပြည်သူများတို့သည် ရခိုင်ပုံပြင်၊ ရခိုင်တဘောင်များ အဓိပ္ပါယ်ကို သဲသဲကွဲကွဲ ရှင်းရှင်းလင်းလင်း မသိကြ နားမလည်ကြသဖြင့် တချို့နေရာအရပ်ဒေသများတွင် သို့လော သို့လော အနှိမ်ခံ၍ အပေါ်စီး ရေးသားထား သည်ဟု ထင်ကြပေမည်။ တချို့ မြန်မာစကားပုံများတွင် ရခိုင် လေသံကို မီအောင် မရေးနိုင်ဘဲ ရေးသားထားသူ၏ အယူအဆ သက်သက်ဖြင့် ရေးသားထားသဖြင့် ရခိုင် စကားပုံ၏ ဦးတည်ချက် ရည်ရွယ်ချက်မှာ ကွဲရာတခြား၊ ချရာတဖုံ ဖြစ်ခဲ့ရသည်။ "ကုလားချင်းအတူတူ" ဘာဘူကုလား "အသာခံရေ" ဤစကားပုံမှာ လွယ်သည် နားလည်လောက်သည်။ "အသာခံရေ"အသာစီးရတာကို ဆိုလိုသည်။

"ကုလားတိုက်"

"ကျားဝင် ဝင်လို"

ကုလားလူမျိုးတို့ နေထိုင်ရာရပ်ကွက်၊ ကျေးရွာများတွင် ကုလားများများရှိက၊ များများဆူညံသည်။ ရခိုင်ပြည်သည် ကျား၊ ဆင်များ ပေါများ၍ ကုလားရွာ တရွာကို 'ကျား'ဝင်ခဲ့လျှင် အရှေ့၊ အနောက်၊ တောင်၊ မြောက်ရှိ ရွာသူ ရွာသားများ အော်သံ၊ ဆူသံ၊ ခေါ်သံများ ပွက်ပွက်ရိုက်အောင် ဖြစ်စေသည်ကို အကြောင်းပြု၍ စကားပုံဖြင့် အသုံးပြုသည်။

"ကုလားအို"

"နွားကျောင်း ကျ"

ရခိုင် တပြည်လုံးရှိ ကုလား

အဘိုးကြီးများသည် နွား နောက်က လိုက်ရသည်။ နွား ကျောင်းရသည်။ တနည်းအားဖြင့် ကုလား သား သမီးများသည်၊ ဖခင်အိုကြီးအား အလုပ် မခိုင်းလို၍ အေးအေး ဆေးဆေး နွားကျောင်း ခိုင်းတာလည်း ဖြစ်နိုင်သည်။

"ကုလားပုဇွန်"

"ဆယ့်နှစ် တန်"

ဤစကားပုံမှာ သာမန် ရိုးရိုး မဟုတ် သမိုင်းနှင့် ယှဉ်တွဲလာသော တဘောင် ဖြစ်သည်။ သက္ကရာဇ် (၈၉၃) ခုနှစ်တွင် နန်းစံ ခဲ့သော ရခိုင်ဘုရင် မင်းဘာကြီးသည် မင်းစောမွန်လက်ထက်က ကုလားမင်းသို့ ပေးအပ် ခဲ့ရသော ဘင်္ဂါ (၁၂) မြို့ကို ပြန်ရလို၍ စနည်းတဘောင် နာစေရာ "ကုလား ပုဇွန်" "တဆယ့်နှစ်တန်"တဘောင်ကို နာကြားခဲ့ရသည်။ အဓိပ္ပါယ်မှာ ထို(၁၂)ချက်သည် မင်းဘာကြီး လက်ထက်တွင် ဖြစ်ပါသည်။ ချီတက်တိုက်ခိုက်လျှင် ဘင်္ဂါ (၁၂)မြို့ကို ပြန်လည် ရလိမ့်မည်ဟူ၏။

"ကုလားကို နိုင်လို" "စဖို့မှာ မီးထည့်" ဝသဲ့တောင်ကို ထီးတင်" "ကုလားရှင်ပြု"

ကုလားကို နိုင်လို စားဖို့မှာ မီးထည့် အဓိပ္ပါယ်ကား၊ သင်္ဘောဆိပ်ဖြစ်သော ဘောင်းထွက်အရပ်သည် စားဖိုမီးဖိုချောင်ကဲ့သို့ ဖြစ်သည်။ သို့ဖြစ်၍ ကုလားများကို ဘောင်းထွက် အရပ်တွင် ထားရမည်။ "ဝသေ့တောင်ကို ထီးတင် အလိုကား ဝသဲ့တောင်ထိပ်၌ နံတော်ဘုရား တည်ရမည်။ "ကုလား ရှင်ပြု ဆိုသည်မှာ "ရှိရှိသမျှ ကုလား တို့ကို ခေါင်းတုံး၊ ရိတ်စေရမည်။

မြန်မာစကားပုံ၌ "ကုလား မနိုင် ရခိုင်မဲ" စာရေးသူသည် ရခိုင်စကားပုံကို ထပ်တူ ကူးယူခဲ့ဟန် ဖြစ်သည်။ သို့သော် ရခိုင်လေသံကို မီအောင် မရေးနိုင်ခဲ့။ ထို့ကြောင့် အဓိပ္ပါယ် ချော်လွဲခဲ့ရသည်။ စင်စစ် ရခိုင် စကားပုံမှာ ကုလားမနိုင် ရခိုင်ကိုမိန်း (မေး)ဖြစ်ပါသည်။

ဤစကားပုံမှာ ရခိုင်မင်းဆက် မင်းမျိုးလက်ထက်ကပင် ပေါ်ပေါက်ခဲ့၍ ရခိုင်သမိုင်းဝင် ဖြစ်လေသည်။ကုလားနှင့် ရခိုင်တို့သည် နယ်ခြားချင်းစပ်၊ အိမ်နီးခြင်း နိုင်ငံဖြစ်သည်။ အထူးသဖြင့် ရခိုင်ဘုရင်များသည် ကုလားပြည်အား အစဉ်အမြဲ ဆိုသလို တိုက်ခိုက်သိမ်းသွင်း နိုင်ခဲ့သည်။ ကုလားပြည်မှာ ရခိုင်တို့ လက်အောက် မကြာခဏ ရောက်ခဲ့ရသည်။ ထို့ကြောင့် ကုလားပြည်နှင့် ကုလားလူမျိုးတို့ကို တိုက်ခိုက်သိမ်းသွင်း အနိုင်ယူလိုသော် စစ်ပညာ ကျွမ်းကျင်သော ရခိုင် တို့ကို မေးမြန်းရန်ဖြစ်သည်။

"ကုလားမှာ မြီ" "သက်မှာ ခြီ" "ကုလား ပျက်ကေ" သက်အလွယ် ဤပုံပြင် ကား အလွန် ရေးကျခဲ့သည်။ ရခိုင်ဘုရင်မင်းတို့သည် အေဒီ (၇၈၈– ၁၀၁၈) ခုနှစ်အထိ ဘင်္ဂါ (၁၂)မြို့ကို ပိုင်ဆိုင်စိုးမိုးအုပ်ချုပ်ခဲ့ရသည်။ ၎င်းဘင်္ဂါ (၁၂)မြို့များကလည်း အခါအခွင့်ရတိုင်း ပုန်ကန် ခြားနား ထကြွလေ့ရှိသည်။

ရခိုင်ဘုရင် မင်းထီး လက်ထက်တွင် မောက်သူဇာမြို့ကို ကုလားနှင့် သက်ပေါင်းပြီး ဒေလီပဆာမင်းထံ ခိုလှုံပုန်ကန်ကြသည်။ ဘုရင်မင်းထီး၏ စစ်သူကြီး ဓမ္မဇေယျနှင့် ကိုယ်ရံကြီး ပြသတ – တို့ စစ်သည်များစွာနှင့် ချီတက် တိုက်ခိုက်ရာတွင် စစ်အောင်နိုင်ရေး အတွက် ညှိနှိုင်း ဆွေးနွေးကြရာ"ကုလားမှာမြီ" "သက်မှာခြီ" ကုလားပျက်ကေ "သက်အလွယ်" အဓိပ္ပါယ်အားဖြင့် ကုလားမှာ အဓိကကျပြီး သက်မှာ သာမညသာ ဖြစ်ကြောင်းသဘောပေါက်သဖြင့် ကုလားကို ဦးစွာ တိုက်ခိုက်ပြီးမှ သက်ကို နောက်မှ တိုက်ခိုက်ရာ အနိုင်ရရှိခဲ့သည်။

ရခိုင်လူမျိုးတို့သည် မိမိတို့၏ အမွေအနှစ်ဖြစ်သော ရခိုင်ပြည်နှင့် ရခိုင်ရိုးရာ စာပေသမိုင်း ယဉ်ကျေးမှု ဓလေ့ထုံးတမ်း စဉ်လာများကို သိချင်၊ မြင်ချင်၊ ကြားချင်၊ လေ့လာသင်ကြားချင်ကြမည်မှာ မလွဲမသွေဖြစ်ပေသည်။ သို့သော် နှစ်ပေါင်းနှစ်ရာကျော် မြန်မာကိုလိုနီဘဝဖြင့် အနင်းခံ၊ အသတ်ခံ၊ အနှိပ်စက်ခံ၊ အညှင်းဆဲခံ သံသရာ ဂယက်ဝဲမှ ပြေးထွက်နိုင်မလား။? "ဒါမှမဟုတ် ဆက်လက်ပြီး လည်ဆင်းခံကြမလား၊" တွေးမဝံ့ အောင် ရင်လေးရပေသည်။

ကျနော်တို့ ရခိုင်ပြည်နှင့် ရခိုင်လူမျိုးတို့၏ ဘဝအခြေအနေ အရပ်ရပ်ကား၊ အမတ်ကြီး မဟာပညာကျော် လျှောက်ထုံး၏ "ရေမရှိသော ကန်၊ အဆန် မရှိသော စပါး" တရား မရှိသော မင်း၊ အခိုးမရှိသော မီး ၊ အုပ်ချုပ်နေသမျှ ကာလပတ်လုံး ပြည်ရွာ မသာယာ၊ အခိုးမရှိသော မီး သည် အရာမရောက်" ဤလျှောက်ထုံးကို စံယူ၍ အနာဂါတ်ရခိုင်ပြည်နှင့် ရခိုင်လူမျိုးတို့၏ ကံကြမ္မာလမ်းကြောင်း သစ်ကို ရှာဖွေပြီး ရခိုင်ပြည်ကို နယ်ချဲ့တို့စိုးမိုးအုပ်ချုပ်စဉ်က နယ်ချဲ့ဒါဏ်မခံလို၍ တော်လှန်ရေး သူရဲကောင်းများဖြစ်ကြသော မင်းသားကြီးရွှေဘန်း၊ ဒေဝန်း၊ အောင်ကျောရှီး၊ မြို့သူကြီးအောင်ကျော်ဇံတို့သည် နယ်ချဲ့တို့အား တော်လှန်ခဲ့ကြရာ ပုဏ္ဏားကျွန်း မြို့အရောက်တွင် အမျိုးသား သစ္စာဖောက် စံရဖွေနှင့် အပေါင်းပါ တကျိပ် ခြောက်ယောက်တို့က ဗြိတိသျှနယ်ချဲ့ထံ သတင်းပေး၍ ဖမ်းဆီးခြင်း ခံခဲ့ရသည်။ မင်းသားကြီး ရွှေဘန်းက စံရဖွေအား "တသက်စာကို တထပ်စာထင်" "ခွီး အမြင်နန့်" ကြုံးဝါးသည့်စကားပုံအား ဂုဏ်ပြု မှတ်တမ်းတင်ရင်း အဆုံးသတ် နိဂုံးရပ်ပြီး ရခိုင်စကားပုံနှင့်တဘောင်အကြောင်း သိကောင်းစရာ အဖြာဖြာများ ဆက်လက်ကြိုးပမ်းပါဦးမည်။

**ခိုင်စံထွန်းအောင်၊**

၁၈/၇/၉၅။

# ရိုဟင်ဂျာအမည်ခံ ဘင်္ဂါလီကုလားမျိုးစာတမ်း

မူရင်းစာမျက်နှာ ( ၁၁၈ )မှ (၁၅၂) ထိမှကူးယူ၏။

၁၉ ။ ပါတီစုံ ဒီမိုကရေစီ ရွေးကောက် ပွဲ အတွက် လှုပ်ရှားလာကြသော မူဆလင် ပါတီများ။

၁၉း၀ ။ ကျောင်းသားများ ဦးဆောင်၍ မြန်မာတနိုင်ငံလုံး လူထု၊ လူတန်းစား ပေါင်းစုံ ပါဝင်ဆန္ဒပြ ထကြွခဲ့ကြသော တပါတီ အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုအုံကြွမှုကြီးသည် မဆလ အစိုးရကို ပြုတ်ကျစေခဲ့သော်လည်း ၁၉၈၈– ခု၊ စက်တင်ဘာ (၁၈ )ရက် နေ့တွင် ဗိုလ်ချုပ်ကြီးစောမောင် ခေါင်းဆောင်သော စစ်တပ် အာဏာသိမ်းမှုကြောင့် ပြိုကွဲသွားခဲ့ရ လေသည်။ စစ်အစိုးရသည် တနိုင်ငံလုံးကို စစ်အုပ်ချုပ်ရေး ကြေငြာပြီး အုပ်ချုပ်ခဲ့သည်။ သို့သော် ပြည်သူတို့ လိုလားသော ပါတီစုံ ဒီမိုကရေစီ စနစ်ကို လက်ခံ၍ ၁၉၉၀ ခုနှစ် မေလ ( ၂၇ )ရက် ၌ ပါတီစုံ ရွေးကောက်ပွဲ ကျင်းပ ပေးမည်ဟု ဂတိပြုခဲ့ရလေသည်။

(က) အမျိုးသားပါတီ။

၁၉း၁။ စစ်အစိုးရ၏ စီစဉ် ဖိတ်ခေါ်ချက်အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ကြရာ ပါတီပေါင်း နှစ်ရာကျော် ပေါ်ထွက်မှတ်ပုံတင်လာခဲ့ကြသည်။ ယင်းပါတီများ ထဲ၌ မူဆလင်ပါတီ အမျိုးမျိုးလည်း ပါဝင်ခဲ့သည်။၎င်းတို့အနက် အမျိုးသားပါတီမှ မိမိ၏ မူဝါဒကို စံနစ်တကျ တင်ပြခဲ့သော ပါတီတခု ဖြစ်သည်။

အမျိုးသားပါတီသည် ၃၁၊ ၃ ၊ ၈၉ နေ့စွဲဖြင့် “ ရိုဟင်ဂျာ နိုင်ငံရေးသမိုင်းနှင့် အနာဂါတ်ရခိုင်ပြည် ” ဟူသော စာတမ်း တခုကို (ကန့်သတ် ထုတ်ဝေခဲ့သည်။) ယင်းစာတမ်း ( လက်စွဲစာစောင် အတွဲ–၁ )အမှာစာ၌ အမျိုးသားပါတီသည် ရခိုင်သမိုင်းတွင် စန္ဒဝံသအဖြစ် စတင်ပေါ်လာ၍ ယခုအခါ ( ရိုဟင်ဂျာ )ဟု ခေါ်သူများကို ရခိုင်တိုင်းရင်းသား လူမျိုးအဖြစ် ယုံကြည် လက်ခံသည်ဟု ဖေါ်ပြထားသည်။ ဤဖေါ်ပြချက်အရ အမျိုးသားပါတီသည် ရိုဟင် ဂျာ အမည်ခံ စစ်တကောင်းသား ဘင်္ဂါလီ မူဆလင်များကို ကိုယ်စားပြုကြောင်း သိရသည်။

၎င်းစာစောင်၌ “ ရခိုင်နှင့် အမှာညီအကို ”ဟုခေါင်းစဉ်တပ်ထားသည်။ ရိုဟင်ဂျာ သမိုင်းလိမ် အသစ်စက်စက် တခုကို တင်ပြခဲ့သည်။ လက်စွဲစာစောင် အတွဲ (၅)နှင့် (၆)တို့၌လည်း ဆက်လက် ဖြည့်စွက် တင်ပြခဲ့လေသည်။ ဖြည့်စွက် စာစောင် အတွဲ (၁)၌ တင်ပြသော သမိုင်းလိမ်သစ်ကို မူရင်းအတိုင်း လေ့လာနိုင်အောင် နောက်ဆက်တွဲ (  )တွင် ဖေါ်ပြထားပါသည်။

အမျိုးသားပါတီက လက်စွဲစာစောင် ( ၁ )၊ ( ၅ )နှင့် ( ၆ ) တို့၌ တင်ပြခဲ့သော ရိုဟင်ဂျာ သမိုင်းလိမ်များမှ လိုရင်းအချက်များကို ကောက်နုတ်လိုက်လျှင် အောက်ပါအတိုင်း ရရှိလာပါသည်။

( ၁ ) ခရစ်တော်မပေါ်မီ နှစ်ပေါင်း (၃၀၀၀)နှင့် (၅၀၀၀)အတွင်းက အာရီယန် လူမျိုးတို့သည် ပရီးမီးယားကုန်းပြင်မြင့်မှ အိန္ဒိယပြည်ထဲသို့ တသုတ်ပြီးတသုတ် ဝင်လာခဲ့ကြသည်။ ယင်းတို့အထဲမှ အချို့သည် အရှေ့ဘင်္ဂါနယ် (ရှေးခေတ် ရခိုင်တောင်ကုန်းဒေသ )ထိ ပြန့်နှံ့နေထိုင်ခဲ့ကြ၍၊ အင်ဒိုအာရီယာန် ဟုခေါ်သည်။

( ၂ ) ဝေသာလီ ခေတ်တွင် အာရီယာန်အမည်မှ ရက္ခိုင်လူမျိုးအမည် ခေါ်တွင်လာခဲ့သည်။

( ၃ ) ဗုဒ္ဓဘာသာ မပေါ်မီက ထိုသူတို့ သည် နတ်ကိုးကွယ် ကြသည်။ အာရီယာန်များအနက် အုပ်စု တစုက (နေ)နတ်ကို ကိုးကွယ်၍၊ ကျန်အုပ်စု တစုက (လ)နတ်ကို ကိုးကွယ်ကြသည်။ နေ– နတ်ကို ကိုးကွယ်သူများကို သူရိယဝံသ ခေါ်၍ လ–နတ်ကို ကိုးကွယ်သူများကို စန္ဒဝံသ ဟုခေါ်ကြသည်။

( ၄ ) အိန္ဒိယပြည် အင်ဒိုအာရီယာန် တို့တွင်လည်း သူရိယဝံသနှင့်စန္ဒဝံသ ဟူ၍ အုပ်စုနှစ်ခု ရှိခဲ့သည်။ အာသောကမင်းနှင့် အနွယ်တော်တို့သည် သူရိယဝံသ အုပ်စု ဖြစ်၍၊ ဗုဒ္ဓဘာသာကို ပြောင်းလဲကိုးကွယ်သည်။ စန္ဒြဂုပ္တ အနွယ်တော်တို့သည် စန္ဒဝံသ လူမျိုးအုပ်စု ဖြစ်သည်။

(၅) ရခိုင်ပြည်၌ စန္ဒသူရိယမင်းနှင့် အနွယ်တော်တို့သည် သူရိယဝံသဖြစ်၍ ဗုဒ္ဓဘာသာကို ပြောင်းလဲ ကိုးကွယ်လာကြသည်။ စန္ဒြဂုပ္တ အနွယ်တော်တို့သည် စန္ဒဝံသအုပ်စု ဖြစ်၍ အစ္စလမ်ဘာသာကို ကိုးကွယ်လာကြရာမှ ယခုအခါ ရိုဟင်ဂျာလူမျိုး ခေါ်တွင်လာ ကြသည်။

(၆) နေနှင့် လသည် အာရီယာန်လူမျိုးတို့၏ အမွန်မြတ်ဆုံးသော တံဆိပ်အမှတ် အသားများ ဖြစ်သည်။ ဝေသာလီခေတ် အေဒီ (၄)ရာစု နောက်ပိုင်းတွင် ဝေသာလီ ဒင်္ဂါးများ၌ နေနှင့် လ တံဆိပ်အမှတ် အသားကို တွေ့မြင်ရသည်။

(၇) အိန္ဒိယ၏ မြောက်ပိုင်း ဖြဟ္မီအက္ခရာနှင့် ရေးထိုးထားသော ကျောက်စာနှင့် ကမ္ပည်းစာများကို ရခိုင်ပြည် ဓညဝတီခေတ်၌ တွေ့ရသည်။ ထို့ကြောင့် ရခိုင်ရှေးဦးလူများသည် အာရီယာန် အနွယ်ဝင်များ ဖြစ်ကြောင်းကို ပေါ်လွင်လှပါသည်။

(၈) ရခိုင်ပြည် လူဦးရေ အများဆုံး တိုင်းရင်းသားများမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်သောရခိုင် (မောက်လူမျိုး)နှင့် ဒုတိယ အများဆုံးမှာ ထိုစဉ်က ရခိုင်ဘင်္ဂလီခေါ်ပြီး၊ ယခုအခါ ရိုဟင်ဂျာဟု ခေါ်သူ တိုင်းရင်းသားများ ဖြစ်၍ ၎င်းတို့သည် အစ္စလာမ်ဘာသာကို အားလုံး လိုလို ကိုးကွယ် ကြသည်။

(၉) ရှေးဦးကာလ၌ ရခိုင်နှင့် ရိုဟင်ဂျာတို့ကို အင်ဒိုအာရီယာန် ဟု တပေါင်းတည်း ခေါ်သည်။ နောက်ပိုင်းတွင် သူရိယဝံသ အမည်မှ မောက်၊ ထို့နောက် အာရကန်ဟု ခေါ်ပြီး ယခု ရခိုင်ဟု ခေါ်သည်။

(၁၀) ထိုအတူ အာရီယာန် လူမျိုးနွယ်မှ စန္ဒဝံသဟူ၍ လည်းကောင်း၊ အစ္စလမ်ဘာသာကို ပြောင်းလဲ ကိုးကွယ်လာကြ သောအခါ လွန်ခဲ့သည့် နှစ်ပေါင်း (၁၂၀၀)ကျော်က ရခိုင်ဘင်္ဂလီ ဟူ၍ လည်းကောင်း၊ နောက်ပိုင်းတွင် အာရပ်လူမျိုး တို့က (ရာဟမ်း)လူမျိုး ခေါ်ကြသဖြင့် ထိုနာမည်ကို ယူ၍ ရိုဟင်ဂျာ ဟုခေါ်လာကြသည်။ ယခုအခါ နောက်ဆုံးအမည်ဖြစ်သော ရိုဟင်ဂျာအမည်နှင့်ပင် လူမျိုးထွန်းကားလျက် ရှိပါသည်။

(၁၁) ရခိုင်ပြည်သား (ရိုဟင်ဂျာ +ရခိုင်အပါအဝင်)တို့ အပေါ်တွင် အိန္ဒိယယဉ်ကျေးမှုများစွာ လွှမ်းမိုးလာခဲ့ကြောင်း တွေ့ရပါသည်။ ပုံစံအားဖြင့် သက္ကရာဇ် (၇၈၃ မှ ၉၅၇ ထိ)ရခိုင်မင်းများ၏ အမည်ရှေ့၌ ချန္ဒရာ အမည်တပ်ခြင်း၊ သိဝလုံပုံနှင့် နာဂရီ အရေးအသားများကို ဒင်္ဂါးများ၌ ဖော်ပြခြင်း တို့ဖြစ်သည်။

(၁၂) ၁၀–ရာစု နောက်ပိုင်း၌ ရခိုင်တပြည်လုံးတွင် ဗုဒ္ဓဘာသာ လွှမ်းမိုးခဲ့သည်။ ထို့အတူ အိန္ဒိယကို ဖြတ်သန်း၍ ပြန့်နှံ့ လာခဲ့သော အစ္စလာမ်ဘာသာ သာသနာသည်လည်း ရခိုင်ကမ်းရိုးတန်းများမှ တဆင့် တပြည်လုံးကို ပြန့်သွားခဲ့ပါသည်။

မဟာအက္ကဘာဘုရင်ကြီး စွမ်းဆောင်မှုကြောင့် အစ္စလာမ်ဘာသာသည် အိန္ဒိယ ယဉ်ကျေးမှုနှင့်အတူ ရခိုင်ကမ်းရိုးတန်းများနှင့် ရခိုင်ပြည်အနှံ့သို့ ရောက်ရှိလာသည်။

(၁၃) ရခိုင်ပြည်သား ရိုဟင်ဂျာတို့၏ ဘာသာမှာ ဗုဒ္ဓဘာသာကဲ့သို့ပင် အိန္ဒိယမှ တဆင့် ပြန့်ပွါးလာသော အစ္စလာမ် ဘာသာ အမျိုးအစား ဖြစ်သည်။ အာရပ်မှ ရခိုင်ပြည်သို့ ခုန်ပျံလာသော အစ္စလမ်ဘာသာ အမျိုးအစား မဟုတ်ချေ။

(၁၄) ယခုခေတ် ရိုဟင်ဂျာတို့ ပြောသော ဘာသာစကားနှင့် ရခိုင်တို့ ပြောသော ဘာသာစကားကို နှိုင်းယှဉ်ကြည့်လျှင် ရှေးက ရခိုင်တို့ ပြောစကားနှင့် ယခု ရိုဟင်ဂျာတို့ ပြောစကား များသောအားဖြင့် ထပ်တူဖြစ်နေသည်။ တနည်းအားဖြင့် ရှေးက ပါဠိ စကားကို ရခိုင်နှင့် ရိုဟင်ဂျာတို့ ပြောဆိုခဲ့သည်။

(၁၅) ရခိုင်တို့သည် ဗမာစာ၊ ဗမာစကား၊ ဗမာယဉ်ကျေးမှုတို့ကို ရိုဟင်ဂျာတို့ထက် ရှေ့ကပြေး၍ နီးကပ်သွားနေရခြင်းမှာ၊ ဗမာစာတရပ် ကျောင်းသုံး၊ ရုံးသုံးအဖြစ် ထွန်းကားနေပြီး၊ ရခိုင်စာပေ ပျောက်ကွယ်သွားခြင်း၊ ဗမာနှင့် ရခိုင်တို့သည် ဗုဒ္ဓဘာသာ ကိုးကွယ်မှုတူနေခြင်း တို့ကြောင့် ဖြစ်သည်။

ရိုဟင်ဂျာတို့မှာ အစ္စလာမ် ဘာသာဝင်များ ဖြစ်၍ အာရပ်စကား စာပေကို ဘာသာရေးအတွက် လိုက်စား နေကြသောကြောင့် ဗမာစကား၊ စာပေ ယဉ်ကျေးမှုနှင့် နီးကပ်မှု နှေးကွေးစေသည်။ ရိုဟင်ဂျာ ဘာသာစကားသည် အခြေခံအားဖြင့် ပါဠိ စကား ဖြစ်နေသော်လည်း ပါဠိစာပေသည် ဗုဒ္ဓဘာသာ အကြောင်းအရာများကိုသာ ရေးသားထားရာ၊ အစ္စလာမ်ဘာသာဝင် ရိုဟင်ဂျာ လူမျိုးများနှင့် အံဝင်ခွင်ကျ မဖြစ်ပေ။

(၁၆) မြောက်ဦး မင်းဆက် အမည်များ၌ ရခိုင်အမည်နှင့် တွဲ၍ အစ္စလာမ်ဘာသာ အမည်ပါရှိနေခြင်းမှာ ရခိုင်ပြည်တွင် ဗုဒ္ဓဘာသာ ရခိုင်များသာ မဟုတ်၊ အမွှာညီအစ်ကို အစ္စလာမ်ဘာသာဝင် ရိုဟင်ဂျာများလည်း ပါဝင်နေကြောင်း ပေါ်လွင်နေသည်။ အစ္စလာမ် အမည်များကို ထည့်သွင်းထားခြင်းမှာ၊ အစ္စလာမ် ဘာသာဝင်များ လေးစားကြည်ညိုစေရန် ထည့်သွင်းထားခြင်း ဖြစ်သည်။ တစ်နည်း ထိုအချိန်က ရခိုင်ပြည်ကို စိုးပိုင်ရာတွင် အစ္စလာမ်ဘွဲ့များသည် နိုင်ငံရေး လိုအပ်ချက်တခု ဖြစ်သည်။

(၁၇) ခရစ်သက္ကရာစ် ၁၆၆၅–ခု နောက်ပိုင်းတွင် ရခိုင်ပြည်သား အစ္စလာမ် ဘာသာဝင် များအနက်၊ လေးကိုင်စစ်သည်တော် များကို ပါရှန်ဘာသာဖြင့် တမန် ဟုခေါ်ခဲ့ပါသည်။ ထိုအချိန်မှ စ၍ ရခိုင်ပြည်သား အစ္စလာမ် ဘာသာဝင် အုပ်စုတို့ကို ရိုဟင်ဂျာ ဟုလည်း ခေါ်တွင် လာခဲ့ ကြပါသည်။

၁၉ : ၂။ အထက်ပါ အချက်တို့ကို တချက်ချင်းစီ သုံးသပ်ပြပြီး အမျိုးသားပါတီ၏ လိမ်ညာ လှည့်စားပုံ အသစ်အဆန်း များကို ဝေဖန်ချေပ သွားပါမည်။

အချက်အလက် (၁)နှင့် ပတ်သက်၍ အိန္ဒိယသို့ အာရီယာန်များ ဝင်ရောက်လာပုံ ဝင်ရောက်လာသည့် အချိန်ကို ပညာရှင်တို့ အမျိုးမျိုး ယူဆကြသည်။ ဝင်ရောက်လာပုံနှင့် ပတ်သက်၍ တချို့က အာရီယန် ကုန်းပြင်မြင့်ဟု ယူဆ၍၊ တချို့က အာရှတိုက် အလယ်ပိုင်းဟု ဆိုကြသည်။ ဝင်ရောက်လာချိန်ကို ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၀၀၀– နှင့် ၁၅၀၀ – ကြားကာလဟု မှန်းဆ ကြသည်။ ယင်းတို့ အထဲမှ အချို့သည် ရခိုင်သို့ ပြန့်နှံ့ နေထိုင်သည် ဟူ၍ မည်သည့် သုတေသီမှ မတင်ပြဘူးသေးချေ။

မြောက်ဦးခေတ် ရှေးရခိုင် ရာဇဝင် ၌ကား၊ ပဌမ ဓညဝတီခေတ်ကို မာရယုမင်းသည် ခရစ်တော်မပေါ်မီ နှစ်ပေါင်း (၂၆၆၆)က တည်ထောင်ခဲ့သည်ဟု ဆိုသည်။ မာရယုမင်းကို သကျသာကီဝင်အနွယ် (အာရီယန်အနွယ်)ဟု ယူဆသည်။ ပဌမ ဓညဝတီခေတ်သည် သမိုင်းမတိုင်မီ ခေတ်ဖြစ်၍ မာရယုမင်း

အကြောင်းကို ဒဏ္ဍာရီဆန်သော အစဥ်အလာ ယုံကြည်ချက် အဖြစ်သာ သဘောထားရမည် ဖြစ်ပါသည်။

၁၉ း ၃။ အချက်အမှတ် (၂)နှင့် ပါတ်သက်၍ ဝေသာလီ ခေတ်တွင် အာရိယာန်အမည်မှ ရက္ခိုင်လူမျိုးအမည် ခေါ်တွင်လာခဲ့ကြောင်း သုတေသီတို့ တင်ပြချက်မရှိသေးချေ။ မြောက်ဦးမြို့ သျှစ်သောင်းဘုရား ဝင်ဝ၌ တည်ရှိသော အာနန္ဒစန္ဒြကျောက်စာ မြောက်ဘက်မျက်နှာမှ ခရစ်နှစ် -၁၁ ရာစု အလယ်တွင် ရေးထိုးခဲ့သည့် ကျောက်စာတွင် 'အာရက္ခဒေသျှ' ဟု ရေးထိုးထားရာ၊ ရခိုင်ပြည်၏အမည် ဖြစ်နိုင်သည်ဟု ရခိုင်သုတေသီ ပန်မိလာက တင်ပြခဲ့ဖူးသည်။(၄း၁၁ ရှုပါ)

အမျိုးသားပါတီက အာရိယာန်မှ ရခိုင်သို့ ပြောင်းလာသည်ဟု ပြောခြင်းမှာ သမိုင်းဆိုင်ရာ အယူအဆကို အထောက်အထား မရှိဘဲ တာဝန်မဲ့ လက်တန်း ရေးခြင်းသာ ဖြစ်သည်။

: H.G Rawlimsom, A comcise History of the Indian people, Oxford university press, 1949, pp.12-13

ဘီစီ (၂၆၆) ဟု ဖော်ပြချက်ကို ဖေယာ၏ ရခိုင်၊ ပဲခူး၊ ဗမာဒင်္ဂါးများ စာအုပ်ပါ ရခိုင်ရာဇဝင် မင်းဆက်များ ဇယားမှ ရယူပါသည်။ ရခိုင်ပြည်နယ် ဖြစ်စဥ်သမိုင်း အတွဲ (၁)၌ကား ဘီစီ ၃၃၂၅- ဟု ဖော်ပြပါသည်။

၁၉ း ၄။ အချက်အမှတ် (၃)၌ဗုဒ္ဓမပေါ်မီက အင်ဒိုအာရိယာန် တို့နောက် နေ-နတ် ကိုးကွယ်သူ အုပ်စုကို (သူရိယဝံသ) လ-နတ် ကိုးကွယ်သူ အုပ်စုကို (စန္ဒဝံသ)ဟု ခေါ်ကြောင်း တင်ပြချက်မှာလည်း အခြေအမြစ် မရှိချေ။ အင်ဒိုအာရိယာန် တို့သည် မူလအစ၌ ဘာသာဝင်တရားများ (ကောင်းကင်၊ နေ၊ လ၊ မိုး၊ မိုးကြိုး၊ မြေကြီး၊ မီး၊ မြစ်) စသည်တို့ကို ကိုးကွယ် ခဲ့ကြသည်ဟု ဆိုသည်။ ရာစုနှစ်ပေါင်းများစွာ ကြာသောအခါ နောက်ဆုံးတွင် ဗြဟ္မာ၊ ဗိဿနိုး၊ သိဝ ဟူသော ထာဝရဘုရား ၃-ပါးကို သာ အဓိကထား၍ ကိုးကွယ်ကြကြောင်း လူမှုရေးတွင် အုပ်စု ၄-ခု တနည်း ဇာတ် ၄-မျိုး (ခတ္တိယမင်းမျိုး၊ ဗြဟ္မဏ-ပုဏ္ဏားမျိုး၊ ဝေဿ- ကုန်သည်မျိုး၊ သုဒ္ဒ-သူဆင်းရဲမျိုး) ဟူ၍ ကွဲလာကြောင်း ဖော်ပြကြသည်။

၁၉ း ၅ ။ အချက်အမှတ် (၄)တွင် အာသောကမင်းနှင့် အနွယ်တော်တို့ကို သူရိယဝံသ အုပ်စုဟု ဆိုထားရာ ဘာ အထောက် အထားမျှ မရှိချေ။ အာသောကမင်း (ဘီစီ ၂၇၃-၂၃၂)သည်။ မောရိယ အင်ပါယာကို စတင်တည်ထောင်သူ ဗြဟ္မဏ ဘာသာဝင်ဟိန္ဒူဘုရင်စန္ဒြဂုတ္တ (စန္ဒဂုတ်)မင်း၏မြေးတော် ဟိန္ဒူဘုရင် တပါး ဖြစ်သည်။ နန်းတက်ပြီးနောက် ကလိင်္ဂ (ဩရိသ) စစ်ပွဲကို တိုက်ခိုက်ရရာ သွေးချောင်းစီး သေကြေခဲ့ကြခြင်း၊ ပြည်သူအများ ဒုက္ခကြီးစွာ ရောက်ခဲ့ကြခြင်းတို့ကို သတိသံဝေဂရပြီး၊ ဗြဟ္မဏ ဘာသာဝင်ဘဝမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသော မင်းတပါးသာ ဖြစ်သည်။

အာသောကမင်းမှာ ကမ္ဘာ့သမိုင်း၌ အလွန်ထင်ရှားသော ဗုဒ္ဓသာသနာပြုမင်းတပါး ဖြစ်၍ ဗုဒ္ဓဘာသာဝင်တိုင်း သိကြပြီး ဖြစ်သောကြောင့် အမျိုးသားပါတီက မိမိစိတ်ထင်ရာ လျှောက်ရေးနေခြင်းမှာ လူ- ရယ်ဘွယ်သာ ဖြစ်ပေသည်။

1- * Jawahaeal Nehree, Gllimpses of World History.
2- H.G Rawlimsom, A comcise History of the Indian People.
3- Fayyit Fayyag Mahmud, the Story of Indo-Pakistan, Oxford University Press, 1963.

၁၉ း ၆။ တဖန် အချက်အမှတ် (၅)တွင် ရခိုင်ပြည်၌ စန္ဒသူရိယမင်းနှင့် အနွယ်တော်တို့သည် သူရိယဝံသများ ဖြစ်၍ ဗုဒ္ဓဘာသာကို ပြောင်းလဲ ကိုးကွယ် လာကြသည်။ စန္ဒြရဂုပ္တ အနွယ်တော်တို့ စန္ဒဝံသအုပ်စုဖြစ်၍ အစ္စလာမ်ဘာသာကို ကိုးကွယ်ရာမှယခု ရိုဟင်ဂျာလူမျိုးဟု ခေါ်တွင်လာကြသည်ဟု မိမိလိုချင်ရာ "ရိုဟင်ဂျာလူမျိုး" စတင်လာဟန် လိမ်ညာ လိုက်ပြီး ယင်းလိမ်ညာမှု အတွက် သက်သေခံအဖြစ် ဝေသာလီ ဒင်္ဂါးများ၌ ပါဝင်သော နေ-လတံဆိပ် အမှတ်အသား၊ စန္ဒြရဟူသော အမည်တို့ကို ဆွဲယူအသုံးပြု ထားသည်။

အမျိုးသားပါတီက စန္ဒသူရိယမင်းကို သူရိယဝံသ ဟုဆိုထား၍ ယင်းအဆိုကို အတည်ပြုရန် အထောက်အထား ဘာမှ မရှိချေ။ ရခိုင်ရာဇဝင်အရ ဘီစီ (၆) ရာစု၌ ပေါ်ထွန်းသော စန္ဒသူရိယမင်းနှင့် အနွယ်တော်တို့ကို အေဒီ (၄)ရာစု၌ ပေါ် ထွန်းခဲ့သော ဟိန္ဒူမင်း စန္ဒြရဂုပ္တနှင့် အပြိုင်ပြထားသည်မှာလည်း ရယ်ဘွယ်သာ ဖြစ်ပေသည်။

အမျိုးသားပါတီ၏ အလိုအရ စန္ဒသူရိယနှင့် သူရိယဝံသအုပ်စုဝင် ရခိုင်ပြည်သားအချို့ နေ-နတ်ကို ကိုးကွယ်နေရာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ် လာကြသောအခါ ဗုဒ္ဓဘာသာမဝင်ဘဲ ကျန်ခဲ့ကြသော စန္ဒဝံသအုပ်စုဝင်တို့က လ - နတ် ကိုသာ ကိုးကွယ်နေကြပြီး နောက်ကာလ၌ အိန္ဒိယမှတဆင့်

**နှစ်ပေါင်း (၂၀၀၀)ကျော် စောင့် မနေဘဲ စန္ဒဝံသ အုပ်စုဝင်တို့ စန္ဒသူရိယ ခေတ်ကပင် ဗုဒ္ဓဘာသာသို့ ဝင်ခဲ့ကြပြီး အစ္စလာမ်ဘာသာ ရခိုင်သို့ ရောက်လာ သောအခါမှ ၎င်းဘာသာသို့ မိမိဆန္ဒ အလျှောက် သက်ဝင်ယုံကြည် ကူးပြောင်း ခဲ့ကြ သည်ဟု အတင်းဆွဲယူ ပြောရန်မှာ လည်း အလွန်သဘာဝ မကျသော ကိစ္စသာ ဖြစ်ပေသည်။ ရခိုင်လူမျိုးတို့သည် ဓညဝတီ ခေတ်မှ စ၍ ခေတ်အဆက်ဆက် ယနေ့ထိ ဗုဒ္ဓဘာသာကိုသာ အစဥ်အလာ အရိုးစွဲ သက်ဝင်ယုံကြည် ကိုးကွယ်လာကြသော ကြောင့် ယနေ့ထိ မည်သည့် ရခိုင်သား တဦးတယောက်မျှ အစ္စလာမ်ဘာသာသို့ မဝင်ရောက်ခဲ့ကြဘူးချေ။ ရခိုင်မှန်လျှင် မလွဲမသွေ ဗုဒ္ဓဘာသာ ဖြစ်ပေရမည်။**

ဝင်ရောက်လာမည့် အစ္စလာမ်ဘာသာ ဝင်ရောက်ရန် စောင့်ဆိုင်းနေကြ ပါသလား၊ သို့မဟုတ် စန္ဒသူရိယမင်း လက်ထက် ဗုဒ္ဓဘာသာဖြစ်ပြီးမှ အစ္စလာမ်ဘာသာ ဝင်ရောက်လာသော အခါ ၎င်းဘာသာသို့ ကူးပြောင်းခဲ့ကြပါသလား၊ ထိုသို့ စောင့်ဆိုင်းနေရလျှင် နှစ်ပေါင်း (၂၀၀၀)ခန့် ကြာပေမည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသားပါတီက အချက်အမှတ် (၁၃)၌ အစ္စလာမ်ဘာသာသည် အာရပ်မှ ရခိုင်သို့ ခုန်ပျံလာခြင်း မဟုတ်၊ အိန္ဒိယမှတဆင့် ဖြစ်ပွါးလာခြင်း ဖြစ်သည်ဟု ဝန်ခံထားသောကြောင့် ဖြစ်ပေသည်။ စန္ဒသူရိယ ခေတ် ဘီစီ (၆)ရာစုနှင့် ရခိုင်သို့ အစ္စလာမ်ဘာသာ ရောက်ချိန် အေဒီ (၁၄၃၀)ခုသည် နှစ်ပေါင်း (၂၀၀၀)ကျော် အလှမ်းဝေးပေသည်။ အလွန်ရယ်ဘွယ် မကောင်းပါလား။

နှစ်ပေါင်း (၂၀၀၀)ကျော် စောင့်

ရှင် ထာဝရဘုရားက ဖန်ဆင်းလိုက်သကဲ့သို့ အသစ်အဆန်း ဖန်ဆင်းလိုက်ခြင်းမှာ ဘာသာ လိမ်ညာသည်ထက်ပင် ဆိုးဝါးလှသေးသည်။

၁၉ း ၇ ။ အမျိုးသားပါတီသည် မိမိဖန်ဆင်းပြခဲ့သော သမိုင်းသစ်အတွက် တင်ပြသော အထောက်အထားများမှာ ဝေသာလီခေတ် ဒင်္ဂါးများမှ နေ – လ တံဆိပ် အမှတ်အသားများ ဖြစ်လေသည်။ နေ – လတံဆိပ်သည် အာရိယာန်လူမျိုးတို့၏ အမွန်အမြတ်ထားသော အမှတ်အသား ဖြစ်သည်ဟု အချက်အမှတ် (၆)၌ တင်ပြသည်။ အချက်အမှတ် (၃၇)၌လည်း ရခိုင်ပြည်၌ တွေ့ရသော ဗြဟ္မီအက္ခရာ ကျောက်စာ၊ ဗြဟ္မီပွါးအက္ခရာ သက္ကဋ္ဌဘာသာ ကျောက်စာများကို သက်သေပြပြီး အင်ဒို အာရိယာန်များ ဖြစ်ကြောင်း အခိုင်အမာ ဆိုပြန်သည်။

အမျိုးသားပါတီသည် ဝေသာလီခေတ် ဒင်္ဂါးများ၌ပါသော နေ၊ လ အမှတ်အသားမှ စန္ဒာလခြမ်း အမှတ် အသားကို ဆွဲထုတ်ယူပြီး အစ္စလာမ် ဘာသာဝင်တို့၏ အထွဋ်အမြတ် အမှတ်အသား ဆန်းစ စန္ဒာလခြမ်းနှင့် ထပ်တူသဘောယူကာ၊ ယခု ရခိုင်ပြည်ရှိ အစ္စလာမ် ဘာသာဝင်များသည်လည်း စန္ဒသူရိယခေတ်၊ ဝေသာလီခေတ်ကပင် စန္ဒဝံသ အုပ်စုများအဖြစ် ရှိခဲ့ကြဟန်၊ ရခိုင်နှင့် အမွှာညီအစ်ကိုများ ဖြစ်ဟန် ဆွဲယူ လှည့်စားတင်ပြခြင်း ဖြစ်ပေသည်။ ဤလှည့်စား လိမ်ညာမှုကို အထက် (၁၉း၆)၌ တင်ပြခဲ့ သကဲ့သို့ သမိုင်း မှတ်ကျောက်နှင့် စစ်ဆေးကြည့်ပါက၊ စန္ဒသူရိယ (ပထမ ဓညဝတီ) ခေတ်ကဆိုလျှင် နှစ်ပေါင်း (၂၀၀၀) ကျော်၊ ဝေသာလီခေတ် အေဒီ ၄– ရာစုက ဆိုလျှင် နှစ်ပေါင်း (၁၀၀၀)ကျော် အစ္စလာမ် ဘာသာသို့ ဝင်ရန် စောင့်ဆိုင်းနေရမည့်

ရခိုင်ဟူသော အခေါ်အဝေါ်သည် ရခိုင်တို့၏ ကိုယ်ပိုင် စကားလုံးသာဖြစ်၍ သက္ကဋ္ဌဘာသာ ရက္ခသျှ၊ ပါဠိဘာသာ အက္ခရာမှ ခေတ်အဆက်ဆက် ဆင့်ကဲ (ရက္ခသျှ၊ ရက္ခ၊ ရက္ခို၊ သာရက္ခို၊ ရက္ခိုင်၊ ရခိုင်) ပြောင်း လာသော စကားသာ ဖြစ်ကြောင်းကိုသာ ပညာ ရှင်သုတေသီတို့ တင်ပြခဲ့ကြဘူးလေသည်။

မနေဘဲ စန္ဒဝံသ အုပ်စုဝင်တို့ စန္ဒသူရိယ ခေတ်ကပင် ဗုဒ္ဓဘာသာသို့ ဝင်ခဲ့ကြပြီး အစ္စလာမ်ဘာသာ ရခိုင်သို့ ရောက်လာသောအခါမှ ၎င်းဘာသာသို့ မိမိဆန္ဒ အလျောက် သက်ဝင်ယုံကြည် ကူးပြောင်းခဲ့ကြသည်ဟု အတင်းဆွဲယူ ပြောရန်မှာလည်း အလွန်သဘာဝ မကျသော ကိစ္စသာ ဖြစ်ပေသည်။ ရခိုင်လူမျိုးတို့သည် ဓညဝတီ ခေတ်မှ စ၍ ခေတ်အဆက်ဆက် ယနေ့ထိ ဗုဒ္ဓဘာသာကိုသာ အစဉ်အလာ အရိုးစွဲ သက်ဝင်ယုံကြည် ကိုးကွယ်လာကြသောကြောင့် ယနေ့ထိ မည်သည့် ရခိုင်သား တဦးတယောက်မျှ အစ္စလာမ်ဘာသာသို့ မဝင်ရောက်ခဲ့ကြဘူးချေ။ ရခိုင်မှန်လျှင် မလွဲမသွေ ဗုဒ္ဓဘာသာ ဖြစ်ပေရမည်။

ထို့ကြောင့် အမျိုးသားပါတီက အသစ်အဆန်း ထွင်လိုက်သော စန္ဒဝံသ အုပ်စုမှ အစ္စလာမ်ဘာသာသို့ ဝင်ရောက်၍ ယခု ရိုဟင်ဂျာဟု ခေါ်တွင်ကြောင်း သမိုင်းများ မရေမရာ ယုံတမ်းစကား အလိမ်အလှည့် မှသားသမိုင်းသာ ဖြစ်လေသည်။ အဲမ်၊ အေ တဟီးရ် ဘာသာက အာရပ်သင်္ဘောသားများကြောင့် အစ္စလာမ် ဘာသာ ရခိုင်သို့ ရောက်ခဲ့ဟန် လိမ်ညာခဲ့သည်ကို စာဖတ်သူတို့ အမှတ်ရကြပေလိမ့်မည်။ ယခုတဖန် အမျိုးသားပါတီက ဆရာဘာသာနှင့် မတူအောင် အသစ်အဆန်း ထွင်၍ သမိုင်းသစ်တခုကို ဖန်ဆင်း

အမျိုးသားပါတီသည် ဝေသာလီ ဒင်္ဂါး၌ ပါသော နေ၊ လ အမှတ်သည်လည်းကောင်း၊ ကျောက်စာများသည်လည်းကောင်း၊ အင်ဒိုအာရိယာန်များ အတွက် သက်သေခံ အထောက်အထား များ ဖြစ်သည်ဟု ပြောဆိုလျှင် ပြောနိုင်သော်လည်း၊ ထိုသက်သေခံများသည် ရခိုင်သို့ ရောက်လာသော အစ္စလာမ် ဘာသာအတွက် ထောက်ခံမည့် သက်သေခံများကား မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ချေ။ အ ကြောင်းမှာ ဗြဟ္မီအက္ခရာ ပါဠိဘာသာကျောက်စာ (ကျောက်တော်တောင်ပေါက်ကြီးကျောက်စာ)မှာ ဗုဒ္ဓဘုရားသျှင် ရခိုင်ပြည်သို့ ကောင်းကင် ခရီးဖြင့် ကြွတော်မူပြီး၊ ကျောက်တော်တောင်၌ ဆင်းသက်တော်မူကြောင်း ရေးထိုးထားခြင်းသာ ဖြစ်သည်။ ဝေသာလီမြို့တော်ဟောင်းနှင့် တခြားရခိုင်ပြည် အနှံ့မှ တွေ့ရသော သက္ကဋ္ဌ ဘာသာကျောက်စာ များမှာလည်း ဗုဒ္ဓဘာသာဆိုင်ရာ အကြောင်းအရာများချည်း ဖြစ်ပေသည်။ ထိုအကြောင်းတို့ကို ဂျွန်စတန်၊ ဟောလ်၊ ပန်မီလာ စသော နိုင်ငံခြားသုတေသီ များနှင့် ဒေါက်တာ သန်းထွန်း၊ ဆရာကြီး ဦးအောင်သာဦး၊ ပဏ္ဍိတ ဦးဦးသာထွန်း၊ ဦးစံသာအောင် စသော မြန်မာ၊ ရခိုင် ပညာရှင်တို့က အသေးစိပ် အခိုင်အမာ တင်ပြခဲ့ကြပြီး ဖြစ်သည်။

အစိပ္ပါယ်မျိုး သက်ရောက် နေပေသည်။ ကြောင်းကျိုးညီညွတ်ပါသလား၊ ယုတ္တိရှိပါသလား၊ ယုံတမ်းစကားမဟုတ်၊ ရယ်ဘွယ် ရာကား မဟုတ်ပါလား။

၁၉ း ၈ ။ အမျိုးသားပါတီ တင်ပြသော အချက်အမှတ် (၈)၊ (၉)၊ (၁၀)တို့၏အချုပ်သဘောမှာ ရခိုင်ပြည် ၌ ပဌမ အများဆုံး ဗုဒ္ဓဘာသာဝင် ရခိုင်လူမျိုးနှင့် ဒုတိယအများဆုံး အစ္စလာမ် ဘာသာဝင် ရိုဟင်ဂျာလူမျိုးများတို့ကို ရှေးက အင်ဒိုအာရိယာန်ဟု တပေါင်းတည်း ခေါ်သည်။ နောက်ပိုင်း ရခိုင်က သူရိယဝံသအမည်မှ မောက်၊ ထို့နောက် အာရကန် ယခု ရခိုင်ဟု ခေါ်သည်။ ရိုဟင်ဂျာ လူမျိုးက စန္ဒဝံသအမည်မှ အစ္စလာမ် ဘာသာသို့ ကူးပြောင်းလာသော အခါ၊ နှစ်ပေါင်း (၁၂၀၀)ကျော်က ရခိုင် ဘင်္ဂလီဟု ခေါ်ပြီး၊ နောက်ပိုင်း အာရပ် လူမျိုးတို့က (ရာဟမ်း)လူမျိုးဟု ခေါ်ရာမှ ထိုအမည်ကို ယူ၍ ရိုဟင်ဂျာဟု ဖြစ်လာသည် ဟူ၍ ဖြစ်ပါသည်။

၁၉ း ၈ း ၁။ ဤတင်ပြချက်တို့၌ ရခိုင်ပြည်တွင် အစ္စလာမ် ဘာသာဝင်တို့သည် လူဦးရေ ဒုတိယအများဆုံးဟု ဆိုလိုက်ခြင်း၏သဘောမှာ၊ ၎င်းတို့သည် လူဦးရေ ပဌမ အများဆုံး ဗုဒ္ဓဘာသာ ရခိုင်

တို့နှင့်အတူ ရှေးကပင် နေလာသော တိုင်းရင်းသား လူမျိုးဖြစ်၍ ဤသို့ လူဦးရေ ဒုတိယ အများဆုံး ဖြစ်နေရခြင်းဖြစ်ကြောင်း ပြောလို၍ ဖြစ်ပေသည်။ အစ္စလာမ် ဘာသာဝင် လူဦးရေ အဘယ်ကြောင့် ဒုတိယ အများဆုံး ဖြစ်နေရသနည်း။ ဗြိတိသျှ ကိုလိုနီခေတ်ကပင် စစ်တကောင်းသား ဘင်္ဂလီ မူဆလင်များ မောင်းတော၊ ဘူးသီးတောင်မြို့နယ်များသို့ တံခါးမရှိ၊ ဒါးမရှိ ဝင်ခွင့်ရခဲ့ခြင်း၊ လွတ်လပ်ပြီး ခေတ်၌လည်း မသမာမှု အမျိုးမျိုးဖြင့် ခိုးဝင်လာကြခြင်း တို့ကြောင့် ဖြစ်ပေသည်။ ရခိုင်ပြည်နယ်ရှိ မူဆလင် ( ) သိန်းကျော် ရှိရာ (၄)သိန်းကျော်မှာ မောင်တော၊ ဘူးသီးတောင် မြို့နယ်များ၌ နေထိုင်ကြလေသည်။ ထိုသူတို့ကို မူဆလင် ရိုဟင်ဂျာ တိုင်းရင်းသားလူမျိုး ဖြစ်ပါသည်ဟု ဆိုခြင်းကို မည်သည့်နည်းနှင့်မျှ လက်ခံနိုင်မည် မဟုတ်ချေ။

အမျိုးသားပါတီက ရခိုင်ကို အင်ဒိုအာရီယာန်၊ ထို့နောက် သူရိယဝံသ၊ ထို့နောက် မောက်၊ ထို့နောက် အာရကန်၊ ယခု ရခိုင် ဟု ခေါ်ကြောင်း တင်ပြချက်မှာလည်း အထောက် အထား တစုံတရာ မရှိပဲတာဝန်မဲ့ လုပ်ကြံ တီထွင် တင်ပြသော စော်ကားမှု တခုသာ ဖြစ်လေသည်။

သမိုင်းလိမ်ဆရာ အဲမ်၊ အေ၊ တဟီးရ် ဘသာက သူ၏ရိုဟင်ဂျာ လံကြုတ်သမိုင်းတွင် ရခိုင် ဟူသောစကားမှာ အရပ်စကားမှ ဆင်းသက်လာဟန် လိမ်ညာ တင်ပြခဲ့ကြောင်း စာဖတ်သူတို့ သိခဲ့ကြပြီးဖြစ်ပါသည်။ ယခု အမျိုးသားပါတီက အဆန်းထွင်၍ လိမ်ညာလာပြန်သည်။

ရခိုင် ဟူသောအမည်သည် ရှေးဦး၌ အင်ဒိုအာရီယာန်ဟု ခေါ်ရာမှ သူရိယဝံသ၊ မောက်၊ အာရကန်ဟု အဆင့်ဆင့် ပြောင်း၍ ယခု ရခိုင်ဟုခေါ်ကြောင်း ရခိုင်သုတေသီတို့ မည်သည့်အခါမျှ မတင်ပြ၊ မရေးသားခဲ့ကြဘူးချေ။ ရခိုင်ဟူသော အခေါ်အဝေါ်သည် ရခိုင်တို့၏ ကိုယ်ပိုင် စကားလုံး သာဖြစ်၍ သက္ကတ ဘာသာ ရက္ခသျှ၊ ပါဠိဘာသာ အက္ခရာမှ ခေတ်အဆက်ဆက် ဆင့်ကဲ (ရက္ခသျှ၊ ရက္ခ၊ ရက္ခိုသာ ရက္ခို၊ ရက္ခိုင်၊ ရခိုင်)ပြောင်းလာသော စကားသာ ဖြစ်ကြောင်းကိုသာ ပညာရှင်သုတေသီတို့ တင်ပြခဲ့ကြဘူးလေသည်။ (၄း ၁၀၊ ၄ း ၁၁ ရှုပါ) အင်္ဂလိပ်ဘာသာ အာရကန်ဆိုသော စကားမှာလည်း ရက္ခိုင် ဟူသော မူလစကားမှ ပြောင်းရွေ့ သွားခြင်းသာ ဖြစ်ပေသည်။

၁၉ း ၈း ၂။ ထို့ပြင် အမျိုးသားပါတီက ရခိုင်ကို မောက် ဟုခေါ်ကြောင်း ရေးသားခဲ့ရာ၊ ရခိုင်တို့က မိမိတို့အမည်ကို (မောက်) ဟူ၍ မည်သည့်အခါမျှ မခေါ်ခဲ့၊ မသုံးခဲ့ချေ။ အိန္ဒိယပြည် ဘင်္ဂလားနယ်သား ဘင်္ဂလီတို့ကသာ မြောက်ဦးခေတ် အလယ်ပိုင်း၌ ပေါ်တူဂီ ပင်လယ်ဓါးပြ တို့နှင့် ပူးပေါင်းဆိုးသွမ်း ခဲ့ကြဖူးသော ရခိုင် ပင်လယ်ဓါးပြတို့ကို မုန်းတီး၍ ချိုးနှိမ် ခေါ်ဝေါ်သော စကား ဖြစ်ပေသည်။ မောက် ဟူသော အမည်ကို မည်သည့် ရခိုင်မျှ သိလည်းမသိ၊ သုံးလည်းမသုံး၊ သုံးလာလျှင်လည်း နှစ်သက်မည် မဟုတ်ချေ။

ဘင်္ဂလီ အဘိဓာန်၌ မောက် ဟူသောစကား၏ အဓိပ္ပါယ်ကို တရားဥပဒေ စံနစ်တကျမရှိသော တိုင်းပြည်၊ စိတ်ထင်ရာ အုပ်ချုပ်သော တိုင်းပြည်ဟူ၍ ဖွင့်ဆိုထားကြောင်း ရန်ကုန်တက္ကသိုလ် သမိုင်း ပါမောက္ခဟောင်း ဒေါက်တာပင်းက ဖေါ်ပြ ဘူးပါသည်။ စစ်တကောင်း တောင်တန်းဒေသ မနုဿဗေဒ ပညာရှင် ဆတ်တား ကလည်း မောက် ဟူသော အမည်သည် ဘင်္ဂလီတို့က ရခိုင်တို့အား ၁၇– ရာစုခန့်က ပေးသော အမည်ဖြစ်ကြောင်း ရေးသားဘူးလေသည်။

ရိုဟင်ဂျာအမည်ခံ မူဆလင် မြေအောက် အဖွဲ့အစည်းများဖြစ်သော R.P.F နှင့် R.S.O တို့က ၎င်းတို့ ထုတ်ဝေသည့် စာစောင်များ၌ ရခိုင်ကို ရန်သူဟု သဘောထားပြီး၊ မောက် ဟူ၍ အစဉ်တစိုက် သုံးနှုန်း ချိုးနှိမ် ရေးသားထားသည်ကို တွေ့ရပေသည်။ အမျိုးသားပါတီ ကလည်း ရခိုင်ကို မောက် ဟုခေါ်ကြောင်း ရေးသား တင်ပြလာရာ၊ ကျနော်တို့က အမျိုးသားပါတီ၏ ရခိုင်တို့ အပေါ် ထားရှိ သော ခံယူချက်သည် R.S.O,R.P.F မြေအောက်အဖွဲ့ ခံယူချက်နှင့် ထပ်တူပင် ဖြစ် သည်ဟု ကောက်ချက် ချရမည် ဖြစ်ပေ သည်။ ရခိုင်ကို အမွှာညီအစ်ကို ဟူ၍ သဘောထားကြောင်း အမျိုးသားပါတီ၏ ခံယူချက်မှာလည်း ယာယီ နိုင်ငံရေး ပရိယာယ် တခု ဖြစ်သည်ဟု ကျနော်တို့ မှတ်ယူရမည် ဖြစ်ပေသည်။

၁၉ း ၁၀။ ထို့ပြင် အမျိုးသား ပါတီက ရိုဟင်ဂျာဟူသော အမည်သည် ရှေ့ဦး၌ အင်ဒိုအာရီယန်ဟု ခေါ်ရာမှ စန္ဒဝံသ ဟု ပြောင်း၍ အစ္စလာမ်ဘာသာဝင် ဖြစ်လာသောအခါ၊ နှစ်ပေါင်း (၁၂၀၀) ကျော်က ရခိုင်ဘင်္ဂလီ၊ နောက်ပိုင်း၌ အရပ်သား (ရာဟမ်း) မှ ရိုဟင်ဂျာဟု ခေါ်တွင် ထွန်းကားလာကြောင်း ဆိုထားရာ၊ အထောက်အထား ဘာမျှမပြနိုင်ပဲ လုပ်ကြံ တင်ပြသော သမိုင်းလိမ်သာ ဖြစ်လေသည်။

ရခိုင်ပြည်၌ သူရိယဝံသအုပ်စု၊ စန္ဒဝံသအုပ်စု ဟူ၍မရှိကြောင်း အထက်တွင် တင်ပြခဲ့ပါသည်။ အစ္စလာမ်ဘာသာ ရခိုင်သို့ ရောက်လာခြင်းမှာ အာရပ်မှ ခုန်ပျံ၍ လာခြင်းမဟုတ်၊ အိန္ဒိယမှ တဆင့် ရောက်ရှိလာခြင်းသာ ဖြစ်ကြောင်းကိုလည်း အမျိုးသားပါတီ က အချက်အမှတ် (၁၃)၌ ဝန်ခံထားပြီး ဖြစ်ပေသည်။

B.R Pearn, king Bering, Burma Research Society, 50th Ammih-ersary Publication NO(2), P.443, (Seefoot-mate)

Abdus Sattar, In the Sylvan Shadows, saquib Bro15ers, 11/4 Circular Road, Dhammand, Dacca, 1971, P.196

အိန္ဒိယပြည်သို့ အေဒီ ၇–ရာစု ဆန်းစ၌ အစ္စလာမ်ဘာသာဝင် အာရပ်များ စတင်ရောက်လာပုံ၊ ဆိန်းဒ် ဒေသ၌ နှစ်ပေါင်း ၃၀၀–ခန့် ရပ်တန့်နေခဲ့ပုံ ၁၀–ရာစု နှောင်းပိုင်း၌ ပါရှန်နှင့် တူရကီအနွယ် မူဆလင်တို့ဆက်လက်နယ်ချဲ့ သိမ်းပိုက်ရာ ၁၀–ရာစုကုန်ခါနီးတွင် ဒေလီစူလတန် မင်းဆက်ကိုစတင်ထူထောင်ခဲ့ပုံ တို့ကို စာဖတ် သူကို(၂း ၄၊ ၂း ၅)တို့၌ ဖတ်ရှုခဲ့ကြပြီးဖြစ်ပေသည်။ ထိုမှတဆင့် ရခိုင်သို့ မြောက်ဦးခေတ်အစ မင်းစောမွန် လက်ထက် အေဒီ ၁၄၃၀–ခန့်၌သာ အစ္စလာမ် ဘာသာ ဦးစွာရောက်ရှိလာပုံ တို့ကိုလည်း (၇း၁၊ ၇း၉၊ ၇း၁၀၊ ၇း၁၁၊ ၇း၁၂) တို့၌ အသေးစိတ် ဖတ်ရှုခဲ့ကြပြီး ဖြစ်ပါသည်။

ထို့ကြောင့် အမျိုးသားပါတီက ဖေါ်ပြထားသော စန္ဒြဂုပ္တ အနွယ်၊ စန္ဒဝံသ အုပ်စုမှ အစ္စလာမ်ဘာသာဝင်တို့ ဖြစ်လာသည် ဆိုသောစကားမှာ ရခိုင်ရောက် အင်ဒိုအာရီယာန်အနွယ် စန္ဒဝံသအုပ်စုနှင့် အိန္ဒိယမှ စန္ဒြဂုပ္တ အနွယ် စန္ဒဝံသအုပ်စုကို ဆက်နွယ်နေဟန် အဆန်းထွင် ဇာတ်လမ်းဆင်ပြီး၊ ထို စန္ဒဝံသ အုပ်စုဝင်များသည် မြောက်ဦးခေတ် ရခိုင်ရောက် အစ္စလာမ်

**အမျိုးသား ပါတီက ရခိုင်ကို မောက် ဟု ခေါ်ကြောင်း ရေးသားခဲ့ရာ၊ ရခိုင်တို့က မိမိတို့ အမည်ကို [မောက်] ဟူ၍ မည်သည့်အခါမျှ မခေါ်ခဲ့၊ မသုံးခဲ့ချေ။**

ဘာသာသို့ ကူပြောင်းသွား ကြလေဟန် လုံးထွေးရေးသား လိမ်ညာခြင်းသာ ဖြစ်ပေသည်။ ခေတ်တခုနှင့်တခု နှစ်ပေါင်း ထောင်ချီ၍ အလှမ်းကွာ ဝေးနေမှုကို ဆက်စပ်မှု ရှိနေဟန် လုံးထွေးလှည့်စား ရေးသားရုံနှင့် အမှားသည် အမှန်ဖြစ်မလာ နိုင်ပေ။ သမိုင်းကို ဖန်ဆင်းရှင်ကဲ့သို့ ဖန်ဆင်းယူ၍ မရ စကောင်းပါ။

တဖန် အမျိုးသားပါတီက လွှန်ခဲ့သော နှစ်ပေါင်း (၁၂၀၀) ဟုဆိုထားချက်ကို စီစစ်ကြည့်လျှင် ၎င်းသက္ကရာဇ်သည် သမိုင်းလိမ် ဆရာဘာသာ လိမ်ညာတင်ပြခဲ့သော ရခိုင်ရာဇဝင်လာ မဟာတိုင်း စန္ဒြားမင်းတရားကြီး စိုးစံသည့်ကာလ (အေဒီ ၇၈၈–၈၁၀)နှင့် ကိုက်ညီပေသည်။ ဘာသာက မဟာတိုင်း စန္ဒြားမင်းကြီး လက်ထက်၌ အာရပ် သင်္ဘောပေါင်းများစွာ ရမ်းဗြဲကျွန်းတွင် ပျက်စီး၍၊ အာရပ်လူမျိုး သို့မဟုတ် မူး လူမျိုး သင်္ဘောသားများကို ဝေသာလီသို့ပို့ခဲ့ကြောင်း၊ ထိုမှ အစ္စလာမ်ဘာသာ ရခိုင်ပြည်၌ ပြန့်နှံ့ခဲ့ကြောင်း၊ ၎င်းအာရပ်တို့မှ ဆင်းသက်လာသူ မူဆလင်များကို ရိုဟင်ဂျာဟု ခေါ်ကြောင်း ဇတ်လမ်းဆင်ကာ လိမ်ညာ ခဲ့ လေသည်။ (၄ း ၈ –ရှုပါ)

ယခု အမျိုးသားပါတီသည် ရခိုင်ပြည်၌ ရိုဟင်ဂျာဆိုသူတို့၏ ရှေးဦးအစကို အင်ဒိုအာရီယန်၊ စန္ဒဝံသ၊ စန္ဒြဂုပ္တ၊ ရခိုင်ဘင်္ဂလီ၊ ရိုဟင်ဂျာ ဟူ၍ အဆင့်ဆင့် ဖြစ်ဟန် လုံးထွေးလိမ်ညာ ရေးသားခဲ့ပြီး နောက်၊ အစ္စလာမ်ဘာသာ ရခိုင်၌ စတင်လာပုံကို ခုနှစ်၊ သက္ကရာဇ်နှင့် တိကျစွာရေးရန် ရှိလာသောအခါ လမ်းစပျောက် အကြံကုန်သွားဟန်တူပေသည်။ ထို့ကြောင့် ရိုဟင်ဂျာ သမိုင်းလိမ်ကို စတင်ရေးခဲ့သူ ပညာရှိကြီးဘာသာ၏ နောက်သို့ ကောက်ကောက်ပါအောင် လိုက်ကာ 'အစ္စလာမ်ဘာသာကို ကူးပြောင်း ကိုးကွယ်လာ ကြသောအခါ လွှန်ခဲ့သော နှစ်ပေါင်း( ၁၂၀၀) ကျော်က ရခိုင်ဘင်္ဂလီဟူ၍ လည်းကောင်း၊ နောက်ပိုင်းတွင် အာရပ်လူမျိုးတို့က (ရာဟမ်း) လူမျိုးဟု ခေါ်ကြသဖြင့် ထိုနာမည်ကိုယူ၍ ရိုဟင်ဂျာဟု ခေါ်လာကြသည်၊' ဟု လုံးထွေးတင်ပြခြင်း ဖြစ်ပေသည်။

အမျိုးသားပါတီက အကြံ ကုန်၍ လုံးထွေး တင်ပြလိုက်သော 'နှစ်ပေါင်း (၁၂၀၀) ကျော်ကာလ (အေဒီ– ၈ ရာစု) ၌ ရခိုင်ဘင်္ဂလီဟူ၍ ခေါ်ခဲ့ကြောင်း' ဆိုသောစကားမှ 'ရခိုင်ဘင်္ဂလီ ဟူ၍ ရှိခဲ့သလော' ဆိုသော အမေးစကား ထွက်လာသည်။ ဤအမေးကို ဖြေရန် အတွက် ကျနော်တို့သည် အေဒီ ၇–ရာစု မှ ၁၀–ရာစုထိ ထွန်းကားခဲ့သော ရခိုင်ဝေသာလီနောင်းခေတ် အကြောင်းကို လေ့လာရပေမည်။ ယင်းကာလ ရခိုင်ပြည်တွင် အင်ဒိုမွန်ဂိုလွိုက်အနွယ် ရခိုင်သားတို့သည် ဗုဒ္ဓဘာသာကို မင်းနှင့်တကွ တတိုင်းပြည်လုံး အစဉ်တစိုက် အရိုးစွဲ ကိုးကွယ်ခဲ့ကြကြောင်း အခန်း( ၃ )၌ စာရှုသူတို့ ဖတ်ရှုခဲ့ကြပြီး ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားပါတီက လွှန်ခဲ့သော နှစ်ပေါင်း (၁၂၀၀)ကပင် ၎င်းတို့ ရခိုင်ပြည်၌ရှိ၍ ရခိုင် ဘင်္ဂလီဟု ခေါ် လေဟန်၊ အစ္စလာမ် ဘာသာကို ကိုးကွယ် ကြဟန် မရေမရာ၊ ဝိုးတိုးဝါးတား၊ လုံး ထွေး ရေးသားခြင်းမှာ လိမ်ညာမှု သက်သက်သာ ဖြစ်ကြောင်း သိသာနိုင် ပါသည်။

ကောင်းပြီ၊ ထိုသို့ဆိုလျှင် ရခိုင်ပြည်၌ ဘင်္ဂလီလူမျိုး မရှိသလော၊ အစ္စလာမ်ဘာသာဝင်များကော မရှိသလော ဟူ၍ ရိုဟင်ဂျာ အမည်ခံ မူဆလင်တို့က စောဒက တက်လို ကြပေမည်။

ဤအမေး အမြန်းကို လိုရင်း ရောက်အောင် ဖြေရလျှင် ရခိုင်ပြည်သည် ဘင်္ဂလားနယ်နှင့် နယ်ချင်းဆက်စပ်နေသောကြောင့် ဓညဝတီ၊ ဝေသာလီခေတ်မှ စ၍ ခေတ်အဆက်ဆက် စီပွားရေး၊ ဘာသာရေး နိုင်ငံရေးကိစ္စများ၌ ကူးလူးဆက်သွယ်မှုများ အမှန် တကယ် ရှိခဲ့ပေသည်။ (အခန်း –၇ ရှုပါ)

ဝေသာလီနောင်းခေတ် သိင်္ဂစန္ဒြမင်း (အေဒီ– ၉၃၅) လက်ထက် စစ်တကောင်းကို သိမ်းပိုက်ခဲ့ခြင်း၊ လေးမြို့ ခေတ်၌ ဒသရာဇာမင်း၊ (အေဒီ– ၁၁၅၃)နှင့် မင်းထီး (အေဒီ–၁၂၇၉) လက်ထက်တို့၌ ဘင်္ဂလားသို့ စစ်ချီ အောင်နိုင်ခဲ့ဖူးခြင်း တို့ကြောင့် ဘင်္ဂလားမှ စစ်သုံ့ပန်း ဟိန္ဒူ ဘင်္ဂလီများကို ရခိုင်သို့ ခေါ်ယူလာခဲ့မည်မှာ သေချာသည်။ သို့သော် ၎င်းဘင်္ဂလီတို့သည် အစ္စလာမ် ဘာသာဝင်များ လုံးဝ မဟုတ်ကြချေ။ ဟိန္ဒူ ဗြဟ္မဏဝါဒီ၊ ဗုဒ္ဓဝါဒီ၊ ဂျိန်းဝါဒီ တခုခုသာ ဖြစ်လိမ့်မည်။ အဘယ်ကြောင့် ဆိုသော် အစ္စလာမ် ဘာသာသည် ဒေလီစူလတန်မင်းများ လက်ထက်၌ ဘင်္ဂလား ဒေသသို့ အေဒီ ၁၂၀၃–ခု မှသာ စတင်ရောက်ခဲ့သော ကြောင့် ဖြစ်ပေသည်။ ရခိုင်သို့ကား လေး မြို့ခေတ်ထိ လုံးဝ မရောက်သေးပေ။ မြောက်ဦးခေတ်ကို စတင်တည်ထောင်သူ မင်းစောမွန် (အေဒီ ၁၄၃၀–၃၃)လက်ထက်၌သာ ရောက်ရှိခဲ့ခြင်းသာ ဖြစ်ပေသည်။ အခန်း (၃၊၅၊၆၊၇၊၈ )တို့တွင် အသေးစိတ်ရှုပါ။

ထို့ကြောင့် အမျိုးသားပါတီက ရေးခဲ့သော နှစ်ပေါင်း (၁၂၀၀)ကျော်က ရခိုင်ဘင်္ဂလီဟု ခေါ်ရာမှ ယခု ရိုဟင်ဂျာဟု ထွန်းကားနေသည်။ ဆိုသောစကားမှာ လိမ်ညာမှု သက်သက်သာ ဖြစ်ပေသည်။ ယခု ရိုဟင်ဂျာ အမည်ခံနေသူ မူဆလင်တို့ကို နှစ်ပေါင်း (၁၂၀၀)ကျော်ကပင်ရှိခဲ့သော ရခိုင်တိုင်းရင်းသားများ ဖြစ်လေဟန် ရှေ့နေ လိုက်ပေးခြင်းသာ ဖြစ်ပေသည်။ သမိုင်း အမှန်တရားကို မည်သူမျှ ဖုံးကွယ်၍ မရနိုင်ပါ။ ဉာဏ်နီ ဉာဏ်နက်ထွင်ပြီး လုံးထွေးရေးကြ တင်ပြရုံနှင့်လည်း အမှားသည် အမှန် ဖြစ်မလာနိုင်ပါ။

၁၉ း ၁၁ ။ အမျိုးသားပါတီက အချက်အမှတ် (၁၁)၊ (၁၂)၊ (၁၃)တို့၌ ရခိုင်ပြည်သား (ရိုဟင်ဂျာ + ရခိုင် အပါအဝင်)တို့အပေါ် အိန္ဒိယ ယဉ်ကျေးမှု လွှမ်းမိုးခဲ့ကြောင်း၊ အိန္ဒိယ ယဉ်ကျေးမှု တခုဖြစ်သော ဗုဒ္ဓဘာသာ ရခိုင်တပြည်လုံး လွှမ်းခဲ့သကဲ့သို့ အိန္ဒိယကို ဖြတ်သန်း၍ ပြန့်နှံ့လာသော အစ္စလာမ်ဘာသာသည် လည်း ရခိုင်သို့ ပြန့်နှံ့ခဲ့ကြောင်း၊ အာရပ်မှ ခုန်ပျံရောက် ရှိလာသော အစ္စလာမ်ဘာသာ မဟုတ်ကြောင်း၊ မဟာ အက္ကဘာဘုရင်၏ စွမ်းဆောင်မှုကြောင့် ရခိုင်ကမ်းရိုးတန်းများနှင့် ရခိုင်ပြည်အနှံ့သို့ ရောက်ရှိခဲ့ကြောင်း တင်ပြခဲ့သည်။

ဤတင်ပြချက်၌ အိန္ဒိယ ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာ ရခိုင် တပြည်လုံး ပြန့်နှံ့ လွှမ်းမိုးခဲ့ပါသည် ဆိုသော စကားမှာ မည်သူမျှ မငြင်းနိုင်သော သမိုင်း အမှန်တရား ဖြစ်ပါသည်။ သို့သော် ဗုဒ္ဓဘာသာ ပြန့်ပွား လွှမ်းမိုးခဲ့ သကဲ့သို့ အစ္စလာမ် ဘာသာလည်း ပြန့်ပွား ခဲ့သည် ဆိုသော စကားမှာ၊ အမှန်နှင့် အမှားကို လုံးထွေး ပြောပြီး စာဖတ်သူတို့အား လှည့်စား လိမ်ညာ လိုက်ခြင်းသာ ဖြစ်ပေသည်။

အစ္စလာမ်ဘာသာသည် ရခိုင်သို့ အိန္ဒိယမှ တဆင့် (အေဒီ ၁၄၃၀) ခန့်၌သာ ရောက်ရှိလာခဲ့ခြင်း ဖြစ်ရာ၊ ရခိုင် ဗုဒ္ဓဘာသာဝင် တို့က ခေတ်အဆက်ဆက် အရိုးစွဲ ယုံကြည်လာသော ဗုဒ္ဓဘာသာကို စွန့်ပယ်ပြီး အစ္စလာမ် ဘာသာကို အလွယ်တကူ လက်ခံ လာကြလိမ့်မည် ဟူသော ထင်မြင်ချက်ရေးသား တင်ပြချက်တို့မှာ အလွန် မှောက်မှား မိုက်မဲသော တင်ပြချက်သာ ဖြစ် လေသည်။

အမျိုးသားပါတီက အိန္ဒိပြည်၌ အစ္စလာမ် ဘာသာ ပြန့်နှံ့ခဲ့ပုံနှင့် ရခိုင်ပြည်ကို ချိန်ထိုး တင်ပြထားရာ လုံးဝ မှားယွင်းပေသည်။ အိန္ဒိပြည်၌ အစ္စလာမ် ဘာသာ

ပြန့်ပွားရခြင်းမှာ အစ္စလာမ်ဘာသာဝင် ဒေလီစူလတန်မင်းများ၊ မဂိုမင်းများ၊ စစ်ရေးဖြင့် နယ်ချဲ့သိမ်းပိုက်ပြီး ရာစုပေါင်းများစွာ အုပ်ချုပ်စိုးမိုး ထားနိုင်ခဲ့သောကြောင့် ဖြစ်ပေသည်။ ရခိုင်ပြည်ကို အစ္စလာမ် ဘာသာဝင် မင်းများ စစ်ရေးဖြင့် နယ်ချဲ့ သိမ်းပိုက် အုပ်စိုးနိုင်ခြင်း မရှိဘူးပါ။ ယင်းကြောင့် အိန္ဒိယပြည်တွင် အစ္စလာမ်ဘာသာ ပြန့်နှံ့သကဲ့သို့ ရခိုင်တွင် ပြန့်နှံ့လိမ့်မည်ဟု ယူဆလျှင် အလွန်မှောက်မှားမိုက်မဲသော ယူဆချက်သာ ဖြစ်လိမ့်မည်။

အမျိုးသားပါတီက ယူဆသကဲ့သို့ ရခိုင်ပြည်တွင် အစ္စလာမ်ဘာသာကို ရခိုင်တို့က မြောက်ဦးခေတ်ကပင် ယုံကြည်ဝင်ရောက်ခဲ့ကြလျှင်၊ မင်းစောမွန်ခေတ်က တည်ဆောက်ခဲ့သည်ဆိုသော စန္ဒီခံ ဗလီမျိုးကို ရခိုင်ပြည်အနှံ့၌ တွေ့ရမည် မလွဲချေ။ သို့သော် စန္ဒီခံဗလီမှ လွဲ၍ တခြား ရှေးဟောင်းဗလီ တလုံးမှ မတွေ့ချေ။ ရခိုင်ဘုရင်များ ခေတ်အဆက်ဆက် တည်ထားခဲ့သော ဗုဒ္ဓဘာသာ စေတီပုထိုးများ ကိုသာ ရခိုင်ပြည်အနှံ့၌ လက်ညိုးထိုးမလွဲ ရေတွက်မရအောင် တွေ့ရှိရပေမည်။

၁၉း၁၂ ။ အမျိုးသားပါတီက မဟာအက္ကဘာဘုရင်၏ အားထုတ်မှုကြောင့် အစ္စလာမ်ဘာသာ ရခိုင်ကမ်းရိုးတန်းမှ တဆင့် ရခိုင်တပြည်လုံး ပြန့်နှံ့ခဲ့သည် ဆိုသော စကားမှာလည်း ရခိုင်သမိုင်း၊ အိန္ဒိယသမိုင်းကို မသိသော စာဖတ်သူတို့အား အရှက်မရှိ ဖြောင်ကျကျ လိမ်ညာခြင်းသာ ဖြစ်လေသည်။ မဟာအက္ကဘာဘုရင် အိန္ဒိယပြည်၌ ဘုန်းမီး အလွန်တောက်ခဲ့ပါသည်။ အိန္ဒိယပြည်သူ အားလုံး၊ လူမျိုးမရွေး ဘာသာမရွေး မဟာအက္ကဘာဘုရင်ကို လေးစားကြည်ညို ကြရပါသည်။ အစ္စလာမ်ဘာသာ ထွန်းကားရေး ကို မဟာအက္ကဘာ အားပေးခဲ့သည်မှာ မှန်ပါသည်။ တခြား ဘာသာဝင်တို့ကိုလည်း မိမိရင်ဝယ်သား ကဲ့သို့ပင် သဘောထားခဲ့သည်ဟု အိန္ဒိယသမိုင်း သုတေသီတို့က ရေးကြပါသည်။

သို့သော် အိန္ဒိယသမိုင်း၌ရင်း၊ ရခိုင်သမိုင်း ၌ရင်း၊ မဟာအက္ကဘာ ဘုရင်သည် ရခိုင် ရောက် အစ္စလာမ်ဘာသာနှင့် ဆက်နွယ် ပတ်သက်နေကြောင်း မတွေ့ဘူးပါ။ တနည်း ဆိုရလျှင် မဟာအက္ကဘာဘုရင်၏ဘုန်းမီးအရှိန်အဝါသည် ရခိုင်သို့ မပေါက်ရောက် နိုင်ခဲ့ပါ။ မဟာအက္ကဘာဘုရင်၏ နယ်ပယ် ချဲ့ထွင်မှုသည် ဂင်္ဂါမြစ်အနောက်ဖက် ကမ်းထိသာ ရောက်ခဲ့ပါသည်။ (ရှေ့ဆုံးမြေပုံရှုပါ) အကြောင်းမှာ အက္ကဘာနှင့် ခေတ်ပြိုင် ရခိုင်ဘုရင်မင်းဘာကြီး၊ သားတော် မင်းဖလောင်း၊ မြေးတော် မင်းရာဇာ ကြီးတို့သည် မဂို တပ်များကို ဂင်္ဂါမြစ် အရှေ့ကမ်း၊ အရှေ့ ဘင်္ဂလား၌ (ဘင်္ဂါ၁၂မြို့၌)ဟန့်တား ထားနိုင်ခဲ့၍ ဖြစ်ပေသည်။ အထူးသဖြင့် ရခိုင်ဘုရင်၏ ရေတပ်ကြီးကို အက္ကဘာဘုရင်၏ မဂို ရေတပ်က မကျော်လွှားနိုင်ခဲ့၍ ဖြစ်ပေသည်။ (၈း၁၊ ၈း၂၊ ၈း၅၊၈း၆၊ ၈း၁၀ ရှုပါ)

ထို့ကြောင့် အမျိုးသားပါတီက မဟာအက္ကဘာဘုရင် လက်ထက်၌ အစ္စလာမ် ဘာသာ ရခိုင်သို့ ပြန့်နှံ့ခဲ့သည်ဟု ဆိုလိုက်ခြင်းမှာ၊ သမိုင်းကို မလေ့လာပဲ၊ အရှက်အကြောက် အဆင်အခြင်မရှိလက်တမ်း ရေးထားလိုက်သော ဖြောင်ကျကျ လိမ်ညာမှုကြီး သာ ဖြစ်ပေသည်။

၁၉း၁၀။ အမျိုးသားပါတီက အချက်အမှတ် (၁၄)နှင့် (၁၅)တို့၌ ရှေးရခိုင်နှင့် ရိုဟင်ဂျာတို့ စကားတူသည်။ တနည်းအားဖြင့် ပါဠိစကားကို ရခိုင်နှင့် ရိုဟင်ဂျာတို့ ပြောဆိုခဲ့သည်။ ရခိုင်တို့သည် ဗုဒ္ဓဘာသာဖြစ်၍၊ ဗုဒ္ဓဘာသာဝင် ဗမာစကားနှင့် လျှင်မြန်စွာ နီးကပ် သွားနေသည်။ ရိုဟင်ဂျာတို့မှာ အစ္စလာမ် ဘာသာဝင်ဖြစ်၍ အာရပ် ဘာသာစကားကို လိုက်စားနေကြသောကြောင့် မနီးကပ်ဟု ဆိုထားပြန်သည်။

ဤတင်ပြချက်၌ ရှေး ရခိုင်စကား နှင့် ရိုဟင်ဂျာစကား တူသည်ဟု ဆိုခြင်း များလည်း ဖြောင်လိမ်ညာခြင်းသာ ဖြစ်ပေသည်။ ရိုဟင်ဂျာဟု အမည်ခံသော ရခိုင်ပြည်ရောက် မူဆလင်များသည် ဘင်္ဂလီများသာ ဖြစ်သောကြောင့် ရခိုင်စကားနှင့် လုံးဝ မတူချေ။ အသုံးအနှုန်းတူသော စကားလုံး (၈)လုံး (ပေသာ၊ ဒယော ၊ သဘုံ၊ ဘာဘာ၊ အမိ၊ အဘုယေ၊ ဇဂါ၊ သမုတ်တရာ)ကို ထုတ်ပြရုံနှင့် ဘာသာစကား တူသည်ဟု မပြောနိုင်ချေ။ ဘာသာစကား တူညီသည်ဟု ပြောရန်အတွက် ဝေါဟာရ၊ အသံ၊ သဒ္ဒါ၊ အသုံးအနှုန်းတို့ ယေဘူယျ တူရပေသည်။ ရခိုင်စကားနှင့် ရိုဟင်ဂျာ အမည်ခံသူတို့ ပြောဆိုသော ဘင်္ဂလီစကားတို့မှာ ထိုအချက်အလက်များ၌ လုံးဝ မတူကြချေ။ ဝေါဟာရ တလုံးတလေ တူနေရခြင်းမှာ ရခိုင်က ဘင်္ဂလီတို့ကို နှစ်ပေါင်းရာချီ အုပ်ချုပ်ခဲ့၍ ဘင်္ဂလီစကား အချို့ကို ရခိုင်က မွေးစား သုံးနှုန်းခြင်းသာ ဖြစ်ပေမည်။ ယင်းမှာ ဘာသာစကားတို့၏ သဘာဝ ဖြစ်ပေသည်။

ရခိုင်တို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၍၊ ရခိုင်စကား၌ ပါဠိဝေါဟာရ အများအပြား ပါဝင်နေလေသည်။ ဘင်္ဂလီစကား ၌လည်း သက္ကတစကား၊ ပါဠိစကား အများအပြားပါဝင်နေကြောင်း ပညာရှင်တို့ဆိုသည်။ ထို့ကြောင့် ရခိုင်သုံး ပါဠိစကားများနှင့် ရိုဟင်ဂျာအမည်ခံ ဘင်္ဂလီသုံး ပါဠိစကားတို့ တူညီနေကြခြင်းမှာ ဘာမျှ မဆန်းချေ။

အမျိုးသားရေးပါတီက ပြောသကဲ့သို့ ရခိုင်စကားနှင့် ဗမာစကား လျှင်မြန်စွာ နီးကပ်သွားနေခြင်းမှာ ဘာသာရေးသက်သက်ကြောင့် မဟုတ်ချေ။ ဘာသာစကား မျိုးရိုးချင်း တူကြသောကြောင့်သာ ဖြစ်ပေသည်။ ရိုဟင်ဂျာအမည်ခံ ဘင်္ဂလီတို့နှင့် မတူရခြင်းမှာ ဆက်ဆံမှုနည်းခြင်း၊ ဘာသာစကားမျိုးရိုး မတူခြင်းကြောင့် ဖြစ်ပေသည်။

**ဤတင်ပြချက်၌ အိန္ဒိယ ယဉ် ကျေးမှုနှင့် ဗုဒ္ဓဘာသာ ရခိုင် တပြည်လုံး ပြန့်နှံ့ လွှမ်းမိုးခဲ့ပါသည် ဆိုသော စကားမှာ မည်သူမျှ မငြင်းနိုင်သော သမိုင်း အမှန်တရား ဖြစ်ပါသည်။ သို့သော် ဗုဒ္ဓဘာသာ ပြန့်ပွား လွှမ်းမိုးခဲ့ သကဲ့သို့ အစ္စလာမ် ဘာသာလည်း ပြန့်ပွား ခဲ့သည် ဆိုသော စကားမှာ၊ အမှန်နှင့် အမှားကို လုံးထွေး ပြောပြီး စာဖတ်သူတို့အား လှည့်စား လိမ်ညာလိုက်ခြင်းသာ ဖြစ်ပေသည်။**

**အစ္စလာမ်ဘာသာသည် ရခိုင်သို့ အိန္ဒိယမှ တဆင့် [အေဒီ ၁၄၃၀] ခန့်၌သာ ရောက်ရှိလာခဲ့ခြင်း ဖြစ်ရာ၊ ရခိုင် ဗုဒ္ဓဘာသာဝင်တို့က ခေတ်အဆက်ဆက် အရိုးစွဲယုံကြည်လာသော ဗုဒ္ဓဘာသာကို စွန့်ပယ်ပြီးအစ္စလာမ် ဘာသာကို အလွယ် တကူ လက်ခံလာကြလိမ့်မည် ဟူသော ထင်မြင်ချက် ရေးသားတင်ပြချက်တို့မှာ အလွန်မှောက်မှား မိုက်မဲသော တင်ပြချက်သာ ဖြစ်လေသည်။**

ရခိုင့်အားမာန်

> **အမျိုးသားရေးပါတီက ပြောသကဲ့သို့ ရခိုင်စကားနှင့် ဗမာစကား လျှင်မြန် စွာ နီးကပ်သွားနေခြင်းမှာ ဘာသာရေး သက်သက်ကြောင့် မဟုတ်ချေ။ ဘာသာစကား မျိုးရိုးချင်း တူကြသောကြောင့်သာ ဖြစ်ပေသည်။ ရိုဟင်ဂျာအမည်ခံ ဘင်္ဂါလီတို့နှင့် မတူရခြင်းမှာ ဆက်ဆံမှုနည်းခြင်း၊ ဘာသာစကား မျိုးရိုးမတူခြင်းကြောင့် ဖြစ်ပေ သည်။**

ဘာသာဗေဒပညာရှင် ဒေါက်တာ စတူးဝါးဒ်၊ တေလာနှင့် ဆရာကြီး ဦးဖေမောင်တင်တို့က ဗမာနှင့် ရခိုင်တို့သည် တိဗက်တရုတ် ဘာသာစကား အုပ်စုဝင် များဖြစ်သည် ဟုဆိုကြသည်။ ဘင်္ဂါလီ ဘာသာစကားမှာ အင်ဒိုဥရောပ မျိုးရိုးဝင် ဘာသာစကားသာ ဖြစ်သည်။ ရခိုင်နှင့် ဗမာ ဘာသာ စကားတို့သည် အက္ခရာ တလုံးအနက်တခုရှိသော ဧကက္ခရစကား (Mo-mosyllabic Language) သမာသ်ပုဒ်များလုပ်၍ ဖြစ်သော ယှဉ်ဖက် တွယ်ကပ်စကား (Agglutimative Language) အသံ နိမ့်မြင့်ရှိသော အသံရှိစကား (Tome Language)ဟူ၍ သုံးမည်ရ စကားဖြစ်သည်ဟု ဆရာကြီးမင်းသုဝဏ်က ဆိုသည်။ အင်ဒိုဥရောပ ဘာသာစကားမှာကား ရခိုင်၊ ဗမာ စကားတို့နှင့်ကွဲပြား ခြားနားသော ရုပ်ပြောင်း ဝိဘတ်သွယ်ဘာသာစကား (Inflectional Language)မျိုးသာ ဖြစ်ပေသည်။

ထို့ကြောင့် ရိုဟင်ဂျာ အမည်ခံ ဘင်္ဂါလီ ဘာသာစကားနှင့် ဗမာစကား ကွဲပြား ခြားနားရခြင်းမှာ ဘာသာစကား မျိုးရိုး မတူခြင်း၊ ရခိုင်ပြည်ရှိ မူဆလင်များ (အထူးသဖြင့် မောင်တော၊ ဘူးသီးတောင် မြို့နယ်များမှ မူဆလင်များ) သည် တဖက်နိုင်ငံ စစ်တကောင်း ခရိုင်ရှိ ဘင်္ဂါလီစကားနှင့် ထပ်တူဖြစ်သော ဘာသာစကားကိုသာ သုံး၍၊ ဗမာစကားကို တရံတဆစ်မျှ မသုံးခြင်းတို့ကြောင့် ဖြစ်ပေသည်။ မြန်မာပြည်မ၌ အစ္စလာမ်ဘာသာဝင်များ ဗမာစကားကို အဘယ်ကြောင့် ချာချာလည် ပြောတတ်ကြပါသလဲ။ မောင်းတော၊ ဘူးသီးတောင်မြို့နယ်များမှ မူဆလင် များက အဘယ်ကြောင့် ဗမာစကားကို နားလည်းမလည်၊ ပြောလည်း မပြောတတ်ကြပါသလဲ၊ ၎င်းတို့စကားနှင့် တဖက်နိုင်ငံ စစ်တကောင်းသားများ စကားက ဘာကြောင့် ထပ်တူ ဖြစ်နေကြပါသလဲ။ အဖြေများ ရှင်းနေသည်။ ရိုဟင်ဂျာ အမည်ခံ (အထူးသဖြင့်မောင်တော၊ ဘူးသီးတောင်မြို့နယ်များမှ)မူဆလင်တို့သည် စစ်တကောင်းသား ဘင်္ဂါလီ အဆက်အနွယ်များ ဖြစ်ကြသောကြောင့် ဖြစ်ပေသည်။

၁၉ : ၁၃ ။ အမျိုးသားပါတီ အချက်အမှတ် (၁၆)၌ မြောက်ဦးခေတ် ရခိုင်ဘုရင်အချို့ အစ္စလာမ်ဘာသာ ဘွဲ့များ ခံယူ ခဲ့ကြခြင်းမှာ ရခိုင်ပြည်၌ အမ္ဗာညီအစ်ကို အစ္စလာမ်ဘာသာဝင် ရိုဟင်ဂျာများလည်း ပါဝင်နေ၍ အစ္စလာမ်ဘာသာဝင်များ လေးစား ကြည်ညိုရန် နိုင်ငံရေး ပရိယာယ်အဖြစ် သုံးခဲ့ခြင်း ဖြစ်ပေသည်။ သို့သော် အမျိုးသားပါတီက တင်ပြသော ရခိုင်နှင့် အမ္ဗာညီအစ်ကို ရိုဟင်ဂျာဆိုသူ ဘင်္ဂါလီများ လေးစားကြည်ညိုလာရန် ရည်ရွယ်၍ မဟုတ်ပါ၊ ရခိုင်ဘုရင်တို့ သိမ်းပိုက် အုပ်ချုပ်ထားသော အရှေ့ဘင်္ဂလား ဘင်္ဂါ (၁၂)မြို့နေ ဘင်္ဂါလီပြည်သူတို့ လေးစားကြည်ညိုရန်သာ ဖြစ်သည်။

ရခိုင်ပြည်ရောက် မူဆလင်တို့သည် ဘင်္ဂါ (၁၂)မြို့ကို သိမ်းပိုက် အုပ်စိုးဘူးသော မင်းဗာ၊ မင်းဖလောင်း၊ မင်းရာဇာကြီး စသည့် မြောက်ဦးခေတ် ဘုရင်တို့ ဖမ်းဆီးယူလာသည့် ဘင်္ဂါလီတို့ထဲမှ အချို့ဖြစ်ပေသည်။ ၎င်းမူဆလင်တို့ကို ရခိုင်ဘုရင်တို့က ကျေးကျွန်အဖြစ်သာ သဘောထား အသုံးပြုခဲ့ကြပေသည်။ ၎င်းတို့ကို အကြောင်းပြု၍ အစ္စလာမ်ဘာသာဘွဲ့ ခံယူခဲ့ကြခြင်း မဟုတ်ချေ။ ဘင်္ဂါ(၁၂)မြို့ကို အုပ်ချုပ်စဉ် နိုင်ငံရေးပရိယာယ်အဖြစ် အစ္စလာမ်ဘွဲ့ ခံယူခဲ့ကြခြင်းသာ ဖြစ်ပေသည်။

၁၉:၁၄။ အမျိုးသားပါတီက အချက်အမှတ် (၁၇)၌ ၁၆၆၅- ခု၊ နောက်ပိုင်းတွင် အစ္စလာမ်ဘာသာဝင်များ အနက် လေးကိုင် စစ်သည်တို့ကို ပါရှန်စကားဖြင့် ကမန်ဟု ခေါ်ခဲ့ကြောင်း ယင်းအချိန်ကစ၍ ရခိုင်ပြည်သား အစ္စလာမ်ဘာသာဝင် အုပ်စုတို့ကို ရိုဟင်ဂျာဟုလည်း ခေါ်တွင်လာခဲ့ကြောင်း ရေးခဲ့သည်။

ကမန်လူမျိုးသမိုင်းမှာ သမိုင်းသုတေသီတို့ အသေးစိတ် တင်ပြကြပြီးဖြစ်၍ ရှင်းလင်းပြီးသားဖြစ်သည်။ ၎င်းတို့သည်၊ ရခိုင်ဘုရင် စန္ဒသုဓမ္မ ( အေဒီ-၁၆၅၂-၁၆၈၄ )လက်ထက်၌ မဂိုဘုရင် သျှာဂျဟန်၏သားတော် သျှာသျူဂျာသည် နန်းလုစစ်ပွဲ၌ အရေးနိမ့်ပြီး ၁၆၆၀ ၌ မြောက်ဦးသို့ ထွက်ပြေးလာစဉ် အတူပါလာသည့် လေးသည်များဖြစ်ကြသည်။ ကမန်စစ်သည် အရေးအတွက် နှစ်ရာ (သို့) သုံးရာရှိသည်ဟု သုတေသီတို့ဆိုကြသည်။ ပါရှန်စကား၌ လေးကို ကမန် ဟုခေါ်ရာ လေးကိုင်စစ်သည်တို့ကို ကမန် ဟု ခေါ်ခြင်းဖြစ်သည်။ ၎င်းတို့သည် ရမ်းဗြဲ၊ စစ်တွေ၊ သံတွဲ ကျေးရွာအချို့၌ နေထိုင်ကြကြောင်းကို စာရှုသူတို့ သိခဲ့ကြပြီး ဖြစ်သည်။( ၉း၇း၇၊ ၉း၇း၈၊ ၉း၇း၉ ရှုပါ )

ကမန်လူမျိုးတို့သည် ရခိုင်ပြည်၌ နှစ်ပေါင်းသုံးရာကျော် နေထိုင်သွားကြသူများဖြစ်၍ ကိုးကွယ်ရာ အစ္စလာမ် ဘာသာမှတပါး အပြောအဆို၊ အနေအထိုင်၊ လူမှုအကျင့်တို့၌ ရခိုင်နှင့် ခွဲခြားမရအောင် တူညီနေသောကြောင့် အားလုံးသိကြပြီး ဖြစ်သည်။ ကမန်အမျိုးသားတို့ကို ယခု ရိုဟင်ဂျာ အမည်ခံနေသူများနှင့် ရောထွေးပစ်၍ မရချေ။ ရိုဟင်ဂျာ အမည်ခံ သူတို့သည် (အထူးသဖြင့် မောင်တော၊ ဘူးသီးတောင်မှ မူဆလင်တို့သည်)ရခိုင်တို့နှင့် အပြောအဆိုလည်း လုံးဝမတူ။

> ရခိုင်နှင့် အမ္ဗာညီအစ်ကို ရိုဟင်ဂျာဆိုသူ ဘင်္ဂါလီများ လေးစား ကြည်ညိုလာရန် ရည်ရွယ်၍ မဟုတ်ပါ၊ ရခိုင်ဘုရင်တို့ သိမ်းပိုက် အုပ်ချုပ်ထားသော အရှေ့ဘင်္ဂလား ဘင်္ဂါ (၁၂) မြို့ နေ ဘင်္ဂါလီ ပြည်သူတို့ လေးစား ကြည်ညိုရန်သာ ဖြစ်သည်။

အပြုအမူ၊ လူမှု ရေးကိစ္စတို့၌လည်း လုံးဝ ကွဲပြား ခြားနား နေလေသည်။

ထို့ကြောင့် အမျိုးသားပါတီက ၁၆၆၅–ခုနှစ် မှစ၍ ကမန် အပါအဝင် အစ္စလာမ် ဘာသာဝင် အုပ်စုတို့ကို ရိုဟင်ဂျာဟု ခေါ်ကြောင်း လုံးထွေး ရောကြို ရေးသားတင်ပြခြင်းမှာ လှည့်စားလိမ်ညာမှု တခုသာ ဖြစ်ပေသည်။

ယနေ့ ရခိုင်ပြည်ရှိ မူဆလင်များကို အမျိုးအစား ခွဲကြည့်လျှင် (၆)မျိုးထွက်လာပါသည်။ (၁) မင်းစောမွန်ခေတ် မူဆလင်များ၊ (၂) မင်းဗာကြီးခေတ် စစ်နိုင်ဘုရင်များ ဖမ်းဆီးယူလာသည့် စစ်သုံ့ပန်းကျေးကျွန် မူဆလင်များ၊ (၃) သျှာသျှုများ နောက်လိုက် လေးသည်ကမန်များ၊ (၄) ဗြိတိသျှခေတ်၌ မောင်တော၊ ဘူသီးတောင် မှတဆင့် တံခါးမရှိ၊ ဓါးမရှိ ဝင်ရောက်အခြေစိုက် နေထိုင်ခဲ့ကြသော မူဆလင်များ (၅)လွတ်လပ်ရေးခေတ်၌ မသမာမှုနည်းမျိုးစုံနှင့် ခိုးဝင်လာကြသော မူဆလင်များ (၆)ဟသ်ာစီမံချက်၌ အပိုဝင်ရောက်လာကြသော မူဆလင်များ ဟူ၍ ရှိလာပါသည်။

ယင်း (၆) မျိုးအနက် အမှတ် (၁)၊ (၂)၊ (၃)အမျိုးအစား မူဆလင်ကိုသာ ရခိုင်တို့နှင့် ညီရင်း အစ်ကိုပမာ နေထိုင်လာခဲ့ကြသော မြန်မာနိုင်ငံ (တိုင်းရင်းသားမဟုတ်)မူဆလင်များ ဟူ၍ လက်ခံရပါမည်။ ၎င်းတို့ အလိုကျ မည်သည့် အမည်ပင်ခေါ်ခေါ် ကျနော်တို့က အသိအမှတ် ပြုရမည်ဖြစ်ပေသည်။ အမှတ် (၄)၌ ဖေါ်ပြထားသော မူဆလင်များကိုကား၊ မြန်မာနိုင်ငံအစိုးရ ပြဋ္ဌာန်းထားသော တရားဥပဒေနှင့်အညီ စိစစ်ပြီးမှသာ မြန်မာနိုင်ငံသား ဖြစ်မြောက် လက်ခံရမည်ဖြစ်ပေသည်။ အချက်အမှတ် (၅)၊ (၆)တို့၌ ပါဝင်သူ မူဆလင်တို့ကိုကား ကျနော်တို့နိုင်ငံသို့ မတရားဝင်ရောက်လာသူ မူဆလင်များအဖြစ်သာ သတ်မှတ်ထားရမည် ဖြစ်ပေသည်။

အမျိုးသားပါတီက ပြောသကဲ့သို့ ရခိုင်ပြည်နယ်ရှိ အစ္စလာမ်ဘာသာဝင်အားလုံးကို မြန်မာတိုင်းရင်းသား ရိုဟင်ဂျာများဟု အသိအမှတ်ပြုလျှင် ရခိုင်ပြည်ကို ၎င်းတို့အား အပြီးအပိုင် ထိုးအပ်လိုက် သလို ဖြစ်သွားပေမည်။ ရိုဟင်ဂျာ အမည်ခံသူတို့ ယနေ့ မြန်မာတိုင်းသားဖြစ်လျှင် နက်ဖြန်၌ ရိုဟင်ဂျာ မူဆလင်ပြည်နယ် ထူထောင်၍၊ သဘက်ခါတွင်ကား တဘက်နိုင်ငံနှင့် ပူးပေါင်းရေးအတွက် ထကြွလှုပ်ရှား လာကြမည်မှာ မြေကြီးလက်ခတ် မလွဲချေ။ မျက်မှောက်ခေတ်၌ ဖြစ်ပေါ်နေသော အိန္ဒိယပြည် ကက်ရှီးယား ပြဿနာသည် ကျနော်တို့ သတိပြုလေ့လာရမည့် ကမ္ဘာ့သမိုင်း သခ်န်းစာကြီး တခုဖြစ်ပေသည်။

၁၉ း ၁၅။ အချုပ်ဆိုရလျှင် အမျိုးသားပါတီသည် ရိုဟင်ဂျာ သမိုင်းလိမ် ဆရာဘာသာနှင့်မတူ တမူထူးခြားသော သမိုင်းလိမ်တခုကို တီထွင်တင်ပြခဲ့သည်ဟု ဆိုရပါမည်။ ရည်ရွယ်ချက်မှာ ၎င်းတို့ပါတီ စာစောင်အတွဲ အမှာစာ၌ 'ယခုအခါ (ရိုဟင်ဂျာ )ဟု ခေါ်သူများကို ရခိုင် တိုင်းရင်းသား လူမျိုးများအဖြစ် အမျိုးသားပါတီက ယုံကြည်လက်ခံသည်၊' ဟု ဆိုထား သကဲ့သို့ ရိုဟင်ဂျာအမည်ခံ မူဆလင်အားလုံး ရခိုင်တိုင်းရင်းသား ဖြစ်ရေးတို့မှတဆင့် တိုင်းရင်းသားများ ရပိုင်ခွင့် မောင်းတော၊ ဘူးသီးတောင်မြို့နယ် များကို ရိုဟင်ဂျာ မူဆလင်ပြည်နယ် ထူထောင်ခွင့် ရရှိရေး ဖြစ်ပေသည်။

> မိတ်ဆွေ ဟန်ဆောင်သော ရန်သူသည် ရန်သူအစစ်ထက် ကြောက်စရာ ကောင်းသည်။

ထိုရည်ရွယ်ချက်ကို အကောင်အထည် ဖေါ်ရာ၌ အမျိုးသားပါတီသည် ရခိုင်လူမျိုးနှင့် ရိုဟင်ဂျာလူမျိုး အမွှာညီအကို ဟူသော ပျားရည် လူးထားသည့် မှသား စကားလုံး အသစ်ကို ရခိုင်တို့ ထောက်ခံလာအောင် စည်းရုံး ထားခြင်း ဖြစ်လေသည်။ ရခိုင်တို့ ကို ရန်သူအစစ်ဟု သဘောထားခဲ့ကြသော မူဆလင် မြေအောက်အဖွဲ့ အသီးသီး၏ နည်းဗျူဟာ ဟောင်းကို စွန့်ပြီး ရခိုင်တို့ကို အမွှာညီအကိုအဖြစ် လှည့်စားသော နည်း ဗျူဟာသစ်ကို ချမှတ်သုံးစွဲလာခြင်း ဖြစ် လေသည်။

အမျိုးသားပါတီ၏ မဟာဗျူဟာသည် နောင်တော် မြေအောက်အဖွဲ့များ၏ မဟာဗျူဟာ (ရိုဟင်ဂျာ အမည်ခံ မူဆလင်များ ရခိုင်တိုင်းရင်းသား ဖြစ်ရေး၊ ရိုဟင်ဂျာ မူဆလင် ပြည်နယ်ထူထောင်ရေး)နှင့် ကွဲပြားမှု မရှိချေ။ သို့ဖြစ်၍ ၎င်းတို့၏ "အမွှာညီအကို" နည်းပရိယာယ်သစ်သည် "သိုးရေခြုံထားသော ဝံပုလွေ" ၏ပရိယာယ်မျိုးလော ဆိုသည်ကို ကျနော်တို့ သတိထား အချိန်ယူ စောင့်ကြည့်ရမည် ဖြစ်ပေသည်။ "မိတ်ဆွေဟန်ဆောင်သော ရန်သူသည် ရန်သူအစစ်ထက် ကြောက်စရာကောင်းသည်၊" ဆိုသော ပညာရှိတို့၏သတိပေးစကားကို ကျနော်တို့ နှလုံးမူရမည် ဖြစ်ပါသည်။

## (ခ) တိုင်းရင်းသားလူမျိုးများ ဘဝသစ် ထူထောင်ရေးပါတီ (တလဘထ)။

၁၉း၁၆း၀ ။ (တလဘထ)သည် အမျိုးသားပါတီ ပြီးနောက် ပါတီမူဝါဒတို့ကို သမိုင်းအမြင်နှင့် အတူ တင်ပြလာသော ပါတီတခု ဖြစ်သည်။ မိမိတို့၏ မူဝါဒနှင့် သမိုင်းအမြင်ကို ၁၉၈၉– ခုနှစ် နိုဝင်ဘာလထုတ် အတွဲ (၁) အမှတ်(၁) စာစောင်၌ ဖေါ်ပြသော ပါတီအထွေထွေ အတွင်းရေးမှူးချုပ် ဦးရွှေဘုန်းဝင်း၏ လမ်းညွှန်ဆွေးနွေးချက် မိန့်ခွန်းရှည်၌ တွေ့ရသည်။

၁၉ း ၁၆ း ၁။ ထိုဆွေးနွေးချက်၌ "ကျနော်တို့ပါတီရဲ့ အဓိကအခြေခံ စည်းရုံးရေး နယ်မြေဟာ ရခိုင်ပြည်နယ် ဖြစ်တော့ ဒေသခံ ပါတီတွေနှင့် အခြားပါတီတွေနဲ့ ထိပ်တိုက်မဖြစ်အောင် အတတ်နိုင်ဆုံး ရှောင်တိမ်းရမယ်။ ရခိုင်ပြည်နယ်မှာ တိုင်းရင်းသား၊ နိုင်ငံသား လူမျိုးပေါင်းစုံရှိကြတယ်။ ဘာသာအယူဝါဒ အမျိုးမျိုးကိုလည်း သက်ဝင်ယုံကြည် ကိုးကွယ်ကြတယ်။ ကျနော်တို့ ပါတီ အနေနဲ့ တိုင်းရင်းသားလူမျိုးစု အားလုံးရဲ့ ဘဝသစ်ထူထောင်ရေး ကြိုးပမ်းဖို့ ရည်မှန်းချက် ရှိတော့၊ ကျနော်တို့ ပါတီရဲ့ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်၊ မူဝါဒ၊ သဘောထားများအပေါ် နှစ်သက် လက်ခံသူ မှန်သမျှကို ပါတီဝင်အဖြစ် လက်ခံရမယ်၊" ဟူ၍ ဖေါ်ပြထားသည်။

ထို့နောက် ရခိုင်ပြည်နယ်၌ရှိသော လူမျိုး (၇)မျိုး အကြောင်းကို အကျဉ်းရုံး တင်ပြထားသည်။ ယင်းတို့မှာ ရခိုင်၊ မြို(ခေါ်)ခမွီး၊ မရမာကြီး(သို့)ဘရူဗာဒိုင်းနက်၊ ကမန် ၊ ရွှမ်း (ခေါ်)ရိုဟင်ဂျာ စသော လူမျိုးတို့ဖြစ်သည်။ ယင်းလူမျိုး (၇) မျိုးအနက် မည်သည်က တိုင်းရင်းသား၊ မည်သည်က နိုင်ငံသားဟူ၍ တိကျစွာ ဖေါ်ပြမထားချေ။

ယင်းလူမျိုး (၇)မျိုးကို အကြမ်းဖျင်း ဖေါ်ပြပြီးနောက် ရခိုင်နှင့် ရိုဟင်ဂျာတို့၏ ရှေးဦးသမိုင်းကြောင်းကို အကျယ် ဖေါ်ပြ ထားကြောင်း တွေ့ရသည်။ ရခိုင်နှင့် ရိုဟင်ဂျာတို့ကို "နှစ်မွှာအသည်းညီအကို" ဟု သုံးနှုန်းထားသဖြင့် ရိုဟင်ဂျာတို့ကို ရခိုင်ကဲ့သို့ပင် တိုင်းရင်းသားဟူ၍ သတ်မှတ်ထားကြောင်း ထင်ရှားသည်။

၁၉ း ၁၇။ ရခိုင်နှင့် ရိုဟင်ဂျာတို့၏ရှေးဦးသမိုင်းကြောင်း ဖေါ်ပြချက်၌ ရခိုင်

လူမျိုးနှင့်ဆိုင်သော အချက်အလက်များကို တင်ပြသောအခါ ရခိုင်ပညာရှင်တို့၏ အာဘော်အတိုင်း ဖေါ်ပြထားလေသည်။ မိမိအာဘော်ကို မထည့်ချေ။ သို့သော် ထိုဖေါ်ပြချက်မှာ ဟန်ပြမျှသာ ဖြစ်ပြီး၊ မိမိရည်ရွယ်ချက်ဖြစ်သော "ရခိုင်သည် သူရိယဝံသအုပ်စု၊ ရိုဟင်ဂျာသည် စန္ဒဝံသအုပ်စု" ဖြစ်လေဟန် အောက်ပါအတိုင်း မိမိလိုရာဆွဲယူ တင်ပြထားကြောင်း တွေ့ရသည်။ ဤအချက်၌ ဦးရွှေဘုန်းဝင်းသည် အမျိုးသားပါတီနှင့် အမြင်ခြင်းတူကြသည်။ စာရှုသူတို့ ဖတ်ကြည့်ကြပါ။

"ဝေသာလီ အောင်မြင်ပြီး၊ ဓညဝတီ တည်ထောင်ခဲ့တဲ့ မာရယု မင်းခေတ် 'အာရီယာန်' လူမျိုးကနေ 'ရခိုင်' လူမျိုးအစ ဖြစ်တယ်လို့ ယုံကြည်လောက်တယ်။" ဒါကိုကြည့်ယင် ရခိုင် ရှေးဦးလူဟာ အာရီယာန်တွေ ဖြစ်ကြောင်း ခိုင်လုံထင်ရှား ပါတယ်။ ကမ္ဘာဦးလူတွေ နေနဲ့ လ မကိုးကွယ်တဲ့ အစုရယ်လို့မရှိဘူး၊ အိန္ဒိယ အာရီယာန်တွေလည်း နေ၊ လ ကိုးကွယ်ခဲ့ကြတယ်။ နေကို ကိုးကွယ် ခဲ့တဲ့ အစုကို ယေဘူယျအားဖြင့် ပါဠိလို သူရိယဝံသ၊ လ ကိုးကွယ်တဲ့ အစုကို စန္ဒဝံသလို့ ပြောဆိုလေ့ ရှိတယ်။ (စာ-၃၉ )

စန္ဒသူရိယမင်းနှင့် အနွယ်တော်တွေဟာ အာရီယာန်သာကီဝင် "သူရိယဝံသ" ဖြစ်ပြီး အဲသည်မင်းဆက် အားလုံး "သူရိယ" ဘွဲ့ခံယူကြောင်း တတိယ ဓညဝတီမြို့သည် စန္ဒသူရိယမင်းဆက် ဇယားမှာ လေ့လာတွေ့ရှိရတယ်။ (စာ ၄၀)

"အာသောက မင်းတရားကြီးရဲ့ အနွယ်တော်တို့ဟာ ဗုဒ္ဓမပွင့်မီ နေနတ်ကို ကိုးကွယ်ကြတဲ့ အာရီယန်သာကီဝင် သူရိယဝံသ များ ဖြစ်ကြတယ်။" (စာ ၄၀)

အိန္ဒိယမှာ အစ္စလာမ်သာသနာ ကိုးကွယ်သူတွေဟာ အာရီယာန်အနွယ်ဝင် စန္ဒဝံသမျိုးနွယ်ထဲက အများဆုံးဖြစ်ကြတယ်။ (စာ ၄၁)

အစ္စလာမ်ဘာသာ ကူးပြောင်း ကိုးကွယ်သူထဲမှာ အများစုဟာ ရှေးအာရီယာန်တို့ လ ကိုးကွယ်ခဲ့ကြတဲ့ စန္ဒဝံသ မျိုးနွယ်စုထဲက အများဆုံး ဖြစ်ကြတယ်။ (စာ ၄၁)

အထက်တင်ပြချက်တို့၌ ဦးရွှေဘုန်းဝင်းသည် စန္ဒသူရိယ မင်းဆက်တွင် မင်း (၂၂)ပါးလုံး သူရိယဝံသဘွဲ့ ခံယူထားကြ သည်ကို သက်သေပြပြီး ယင်းမင်းဆက်တို့ကို သူရိယဝံသအုပ်စုဟု ကောက်ချက်ချခဲ့သည်။ ယင်းသို့ဆိုလျှင် စန္ဒသူရိယမင်း၏ ခမည်းတော်နှင့် ဘိုးဘေးတို့ အနက် (မင်း ၂၈ ပါးအနက်)နန္ဒသူရိယနှင့် သူရိယနန္ဒ (၂)ပါးတည်းသာ သူရိယဘွဲ့ကို ခံယူခဲ့ကြ သည်။ ကျန် (၂၆)ပါးမှာ သူရိယဘွဲ့ မခံယူခဲ့ကြချေ။ ဘယ်လို ကောက်ချက်ချရမှာလဲ။ ထို့ပြင် စန္ဒသူရိယ မင်းဆက်နောက်၌ ဝေသာလီပြည်ကို ထူထောင် စိုးစံကြသော ရခိုင်ရာဇဝင်လာ စန္ဒြားမင်း (၉) ပါးလုံး စန္ဒြဘွဲ့ကို ခံယူကြသည်မှာ စန္ဒဝံသအုပ်စုဝင် ဖြစ်ကုန်၍လား။ "အိန္ဒိယမှာ အစ္စလာမ်ဘာသာ ကိုးကွယ်သူတွေဟာ အာရီယာန်အနွယ်ဝင် စန္ဒဝံသမျိုးနွယ်ထဲက အများဆုံးဖြစ်ကြတယ်"ဟုဦးရွှေဘုန်းဝင်း ဆိုခဲ့ရာ ရခိုင်စန္ဒြားမင်း၏ အနွယ်တော်များလဲ ထိုသို့ အစ္စလာမ် ဘာသာသို့ ကူးပြောင်းခဲ့ကြသည်ဟု ဦးရွှေဘုန်းဝင်း ဆိုချင်ပါသလား။

မင်း၏ဘွဲ့အမည်ကို ကြည့်ရုံနှင့် နေအုပ်စု၊ လအုပ်စု ဟူ၍ကောက်ချက်ချရေးသား တင်ပြခဲ့ကြသော ခေတ်ဟောင်း၊ ခေတ်သစ် အထောက်အထားမျိုး ကျနော်တို့ တလုံးတပါဒမျှ မတွေ့ဘူး၊ မကြားဘူးချေ။ အရေးကြီးသော သမိုင်းအဆိုတရပ် ကောက်ချက် တခုကို ခိုင်လုံသော အထောက်အထားမရှိဘဲ ရေးသားတင်ပြခြင်းမှာ လူရယ်စရာသာ ဖြစ်ပေသည်။

ဦးရွှေဘုန်းဝင်းသည် နေအုပ်စု၊ လအုပ်စု ဟူ၍ မိမိလိုရာဆွဲယူ ရေးသားသောအခါ မိမိအဆို ခိုင်လုံကြောင်း၊ ပြောရန်အတွက် ဦးလူဖေဝင်းနှင့် ဒေါက်တာသန်းထွန်းတို့ကို (ထိုပညာရှင်နှစ်ဦးက ဆိုခဲ့သယောင်ယောင်)မသိမသာ သွယ်ဝိုက်ရေးထားကြောင်း တွေ့ရသည်။ စာဖတ်သူက အမှတ်မဲ့ဖတ်လျှင် သူရိယဝံသအုပ်စုနှင့် စန္ဒဝံသအုပ်စု ရှိခဲ့ကြောင်း ထိုပညာရှင် နှစ်ဦးက ယူဆခဲ့ဟန် အထင်အမြင် ရောက်သွားနိုင်ပါသည်။ အလွန်ပါးနပ်သော လှည့်စားမှုတခု ဖြစ်ပေသည်။ အောက်တွင်ဖတ်ကြည့်ကြပါ။

(အာသောကမင်းသည်)

ဗုဒ္ဓဘာသာထွန်းကားဖို့ အစွမ်းကုန် ကြိုးစားခဲ့တယ်လို့ ဆရာဦးလူဖေဝင်း (M.A) ရေးတဲ့ အာသောကမင်းတရား ကြီး အတ္ထုပ္ပတ္တိမှာ ရေးသားထားတယ်။ အာသောကမင်းကြီးရဲ့အနွယ်တော်တို့ဟာ ဗုဒ္ဓမပွင့်မီ နေနတ်ကိုးကွယ် ခဲ့ကြတဲ့ အာရီယာန်သာကီဝင် သူရိယဝံသများဖြစ်တယ်။ ( စာ ၄၁)

စန္ဒဂုပဒတာမင်းဟာ ပိဿနိုးနတ်ကို အထူးလေးစား ကြည်ညိုတယ်။ ရှေးဟိန္ဒူ ဘာသာ ယုံကြည်မှု ပြန်လည်ထွန်းကား လာသော် ဗုဒ္ဓဘာသာကိုလည်း မည်သို့မျှ နှောက်ယှက်ခြင်း မပြုခဲ့ဘူး။ ပြည်သူတို့ကို မိမိ စိတ်ကြိုက်ဘာသာ လွတ်လပ်စွာ ကိုး ကွယ်ခွင့် ပေးခဲ့တယ်လို့ ဒေါက်တာသန်းထွန်း ရေး၊ ခေတ်ဟောင်းရာဇဝင် (၂)မှာ ဖေါ်ပြတယ်။ စန္ဒဂုပဒတာနှင့် အနွယ်တော်တို့ဟာ လနတ် ကိုးကွယ်တဲ့ အာရီယာန်သာကီဝင် စန္ဒဝံသများဖြစ်ကြတယ်။ ( စာ ၄၀ )

အထက် ကောက်နှုတ်ချက်များ၌ မျဉ်းတားပြသော ဝါကျများသည် ဦးရွှေဘုန်းဝင်း၏ အဆိုများဖြစ်သည်။ မိမိအဆိုကို ပညာရှင်နှစ်ဦး၏ နောက်မှ ကပ်မြှောင်ရေးထည့်ခြင်းဖြင့် ထိုပညာရှင်တို့က ရေးခဲ့၊ ပြောခဲ့သယောင် စာဖတ်သူက အထင်ရောက်သွားနိုင်လေသည်။ သမိုင်းအဆိုတရပ်၊ ကောက်ချက်တခုကို ယင်းသို့လှည့်စားတင်ပြ၍ မရနိုင်ပါ။ ဦးလူဖေဝင်းနှင့် ဒေါက်တာသန်းထွန်းတို့သည် အင်ဒိုအာရီယာန်တို့၌ သူရိယဝံသအုပ်စု၊ စန္ဒဝံသ အုပ်စုဟူ၍ ရှိခဲ့ကြောင်း မည်သည့်အခါမျှ မရေးသား ခဲ့ကြဘူးချေ။ ဦးရွှေဘုန်းဝင်း ကသာ ကိုယ်လိုရာဆွဲ၍ လုပ်ကြံလှည့်စားတင်ပြခြင်းသာ ဖြစ်လေသည်။

ဤနေရာတွင် နေအုပ်စု၊ လအုပ်စု စသော ပြဿနာကို အမျိုးသားပါတီအား ဝေဖန်ချေပခဲ့စဉ်က တင်ပြခဲ့ပြီးဖြစ်၍ ထပ်မံ မရေးသား လိုတော့ပါ။

၁၉ : ၁၈။ ဦးရွှေဘုန်းဝင်းသည် နေအုပ်စု၊ လအုပ်စုဟူသော အသစ် တည်ထွင်လိုက်သည့် လိမ်ညာလှည့်စားမှု၌ အမျိုးသားပါတီနှင့် တစိတ်တည်း တကြံတည်း ဖြစ်သော်လည်း လအုပ်စု အစ္စလာမ်ဘာသာသို့ ကူးပြောင်းလာပုံ၊ ခေတ်အဆက်ဆက် ပြန့်ပွားလာပုံတို့ကို တင်ပြပုံ၌ကား ရှေးဦးရိုဟင်ဂျာ သမိုင်းလိမ်ဆရာအမ်၊ အေ၊ တဟီးရ်ဘာသာ နောက်သို့ လိုက်ကြောင်း တွေ့ရပါသည်။ အောက်တွင် ဖတ်ကြည့်ကြပါ။

"အေဒီ-၇၀၀ ကျော်က သင်္ဘောပျက်လို့ အာရပ်မွတ်ဆလင်တွေ ရမ်းဗြဲကျွန်းရောက်ကာ တိုင်းရင်းသူတွေနဲ့ ဘဝရေစက် ဖူးစာဖက် အကြောင်းပါပြီး (ဒေသအခေါ် ရဟ်မာ)လူမျိုး ဆင်းသက် ပေါက်ဖွါးလာတယ်။ အဲသည် ရဟ်မာ လူမျိုးနှင့် နရမိတ်လှမင်း လက်ထက် ဗိုလ်ချုပ်စန်ဒီခန်ရဲ့ စစ်သည်တော်တွေ၊ ရခိုင်မင်းအဆက်ဆက် အမှုတော်ထမ်း အတည်တကျ နေထိုင်သူတွေ၊ စစ်ဘေး စစ်ဒါဏ်ကြောင့် ရခိုင်ပြည်ထဲ ဝင်ရောက် နေထိုင်သူတွေ၊ သုံ့ပန်းတွေ၊ ပေါ်တူကီ ပင်လယ်ဓါးပြတို့ မတရားဖမ်းဆီးပြီး ကျွန်အဖြစ်အရောင်းချ ခံရသူတွေ၊ စသည့် အထဲက အစ္စလာမ်ဘာသာဝင်များ ရခိုင်ပြည်မှာစုမိ၊

ဆုံစည်းနေထိုင်ယင်း ရောနှောပေါင်းသင်း အိုးအိမ် တည်ထောင်ကြသည်။

ရှေ့ပိုင်းက ပြောခဲ့ပြီးသလို အေဒီ – ၇၀၀ ကျော်က စတင် တည်ရှိလာခဲ့တဲ့ ရဟ်မာ လူမျိုးနှင့် အခုန မုဿလမဲ လူမျိုး (မြောက်ဦးခေတ်ရောက် မွတ်ဆလင် များ ကို ဆိုလိုသည်။) အစုအဝေး (၂)ရပ် ကာလ အတန်ကြာတော့ ရောနှော ပေါင်းစပ် ကုန်ပြီး၊ ခွဲမရအောင် တူညီသွားကြတယ်။ ပြီးတော့ ရဟ်မာ + မုဿလမဲ – ရဟမ်း၊ ထိုမှတဆင့် ရဟမ်း၊ ရွှမ်း ဆိုပြီး ဝေါဟာရ ပြောင်းထုံးအရ အဆင့် ပြောင်းလဲလာခဲ့ တယ်။” ( စာ ၄၇ )

ဤတင်ပြချက်၌ ဦးရွှေဘုန်းဝင်း၏ရိုဟင်ဂျာ သမိုင်းသစ် ဆင့်ကဲ ဆက်နွယ် တင်ပြလိုချက်များ ပေါ်လွင်လာသည်။ ဦးစွာ ရခိုင်ပြည်သားတို့သည် အင်ဒိုအာ ရိယာန်များ ဖြစ်ကြောင်း (သကျသာကီ ဝင်များ ဖြစ်ကြောင်း)ရခိုင်ရာဇဝင် ရေးသားချက်ကို အတည်ပြုလိုက်သည်။ ထို့နောက် ယင်းအင်ဒိုအာရိယာန်တို့ကို အထောက်အထား အခိုင်အလုံမပြနိုင်ဘဲ မိမိအလိုကျ နေအုပ်စု၊ လအုပ်စု ဟူ၍ ခွဲခြားလိုက်သည်။ နေအုပ်စုကို ရခိုင်ဗုဒ္ဓဘာသာများဟု သတ်မှတ်လိုက်ပြီး၊ လအုပ်စုကို အစ္စလာမ်ဘာသာဝင် ဖြစ်လာမည့် အုပ်စုအဖြစ် သတ်မှတ်လိုက်သည်။ ထို့နောက် လ အုပ်စုဝင်တို့ အစ္စလာမ်ဘာသာဝင် ဖြစ်လာပုံကို အမ်၊ အေ၊တဟီးရ်ဘာသာ လိမ်ညာခဲ့သည့်အတိုင်း အေဒီ– ၇၀၀ ကျော်က အာရပ် သင်္ဘောသားတို့နှင့် ဆက်နွယ် ပြထားသည်။ ယင်းတို့ကို နရမိတ်လှ (မင်းစောမွန်)ခေတ် အေဒီ–၁၄၃၀ ခန့်၌ ရောက်လာသော ဗိုလ်ချုပ်စန်ဒီခန်၏ စစ်သည်များနှင့် ဆက်နွယ်ပြသည်။ ပြီးလျှင် ပင်လယ်ဓါးပြများ ဖမ်းယူလာသော ကျွန်သုံ့ပန်းများနှင့် ဆုံစည်းပြထားလေသည်။ ယင်း အစ္စလာမ်ဘာသာဝင်တို့ကို ရိုဟင်ဂျာဟု ခေါ်ကြောင်း နိဂုံးချုပ်ပြထားလေသည်။

၁၉ း ၁၈ း ၁။ ကောင်းပြီ။ ဤကြောင်းကျိုး ဆက်နွယ်ပြမှု၌ ပြတ်နေသော သမိုင်းကွင်းဆက်များ၊ သမိုင်းယုတ္တိကင်းမဲ့ပုံများကို ကျွန်ုပ်တို့စစ်ဆေးကြည့်ရပါမည်။

ဦးရွှေဘုန်းဝင်း၏ ကိုယ်ပိုင်အယူအဆဖြစ်သော နေအုပ်စု၊ လအုပ်စု ဟူ၍ မရှိကြောင်း၊ အာရိယာန်တို့သည် ကောင်းကင်၊ နေ၊ လ၊ မိုး၊ မိုးကြိုး၊ မြေကြီး၊ မီး၊ မြစ် စသော သဘာဝ ဘုရားများစွာကို ကိုးကွယ်ခဲ့ကြကြောင်း စာဖတ်သူတို့ အမျိုးသားပါတီအား ဝေဖန်ပြစဉ်၌ ဖတ်ရှုခဲ့ကြပြီး၍ အထောက်အထား မရှိကြောင်း၊ ယုတ္တိကင်းမဲ့ကြောင်း သိခဲ့ကြပါပြီ။ တဖန် စန္ဒသူရိယမင်းနှင့် အနွယ်တော်တို့ ဗုဒ္ဓဘာသာဝင် များဖြစ်သွားကြသည်ဆိုသော အချက်ကို ဆင်ခြင်လျှင် ယင်းခေတ်၌ ဦးရွှေဘုန်းဝင်းတို့ ပြောသော လအုပ်စုဝင် ရခိုင်ပြည်သားများက ဗုဒ္ဓဘာသာဝင် မဖြစ်ဘဲ ကျန်ရစ်ခဲ့ကြပါသလား၊ ဤသမိုင်းကွင်းဆက်ကို ယုတ္တိရှိအောင် မည်သို့ ရှင်းလင်းပါမည်နည်း။

> (၄)သိန်းကျော်မှာ ဖောင်တော၊ ဘူးသီး တောင်မြို့နယ်များ၌ နေထိုင်ကြလေသည်။ ထိုသူ တို့ကို မူဆလင် ရိုဟင်ဂျာ တိုင်းရင်းသားလူမျိုး ဖြစ်ပါသည် ဟု ဆိုခြင်းကို မည်သည့်နည်းနှင့်မျှ လက်ခံ နိုင်မည် မဟုတ်ချေ။

၁၉း ၁၈း ၂။ နောက် ဆင်ခြင်ရန် တချက်မှာ အေဒီ–၇၀၀ ကျော်၌ အာရပ် သင်္ဘောသားများ ရမ်းဗြဲကျွန်း၌ သင်္ဘောပျက် နေထိုင်ကြရာမှ အစ္စလာမ်ဘာသာ ရခိုင်သို့ ရောက်ရှိ ပြန့်ပွားလာခဲ့သည် ဆိုသောအချက် ဖြစ်ပါသည်။ ဤအချက်ကို စန္ဒသူရိယခေတ် (ဘီစီ–၆ ရာစု)နှင့် ဆက်စပ်ကြည့်လျှင် နှစ်ပေါင်း (၁၂၀၀)ကျော်မျှ အလှမ်းဝေးနေသည်ကို တွေ့ရသည်။ ထိုနှစ်ပေါင်း (၁၂၀၀) ကျော် ကာလရှည်ကြီး၌ ဦးရွှေဘုန်းဝင်း ပြောသော လအုပ်စုဝင်တို့ ဘာလုပ်နေကြပါသလဲ၊ စန္ဒသူရိယအနွယ် နေအုပ်စုဝင် ကဲ့သို့ ဗုဒ္ဓဘာသာဝင် မဖြစ်ဘဲ လနတ်ကိုးကွယ်၍ စောင့်နေကြပါသလား၊ အေဒီ–၇၀၀ ကျော်၌ အာရပ်သင်္ဘောသား မွတ်ဆလင်များ ရောက်လာသော အခါမှ အစ္စလာမ်ဘာသာသို့ အလုံးအရင်း ခြေစုံပစ်ဝင် လိုက်ကြပါသလား။ ဤအချက်မှာ ပြတ်တောက်နေသော သမိုင်းကွင်းဆက်များ ဖြစ်ပါသည်။ ဤကွင်းဆက်ကို ယုတ္တိရှိအောင် ဖြည့်ပါဦး ဟူ၍ ဦးရွှေဘုန်းဝင်းအား တိုက်တွန်းလိုပါသည်။

၁၉း ၁၈း ၃။ တဖန် ဆင်ခြင်ကြည့် ရန် တချက်မှာ အေဒီ–၇၀၀ ကျော်၌ အာရပ် သင်္ဘောများပျက်၍ အာရပ်မွတ်ဆလင်များ ရခိုင်ပြည်တွင် အခြေစိုက်နေထိုင်ကြရာမှ အစ္စလာမ်ဘာသာ ရခိုင်ပြည်၌ စတင်လာသည်ဟူသော အချက်ဖြစ်လေသည်။ ဤအချက်ကို အမ်၊ အေ၊ တဟီးရ်ဘာသာကို ချေပခဲ့စဉ်က အသေးစိတ် တင်ပြခဲ့ပြီးဖြစ်ကြောင်း စာဖတ်သူတို့ မှတ်မိကြပါလိမ့်မည်။ (၄း ၉၊ ၄း ၁၀ ရှုပါ) ဤအချက်၌ ဦးရွှေဘုန်းဝင်းသည် ဘာသာနောက်သို့လိုက်သော်လည်း၊ အမျိုးသားပါတီက ဘာသာ၏တင်ပြချက်ကို ‘ဒဏ္ဍာရီ’ ဆန်သည်ဟု ဝေဖန်ထားသည်။ “ရခိုင်ပြည်သား ရိုဟင်ဂျာတို့၏ သာသနာမှာ ဗုဒ္ဓဘာသာကဲ့သို့ပင် အိန္ဒိယမှ တဆင့် ပြန့်ပွားလာသော အစ္စလာမ်ဘာသာ အမျိုးအစားဖြစ်သည်။ အာရပ်မှ ခုန်ပျံလာသော အစ္စလာမ်ဘာသာ အမျိုးအစား မဟုတ်ချေ။” ဟူ၍လည်း အလေးအနက် ဆိုထားလေသည်။ ရိုဟင်ဂျာ အမည်ခံသူ အချင်းချင်းပင် မိမိတို့သမိုင်းကို တမျိုးတည်း၊ တသံတည်း ဖြစ်အောင်ညှိနှိုင်း၍ မရကြလျှင်၊ လူမျိုးကွဲ၊ ဘာသာကွဲတို့က မည်သို့ လက်ခံ နိုင်ပါမည်နည်း။ သမိုင်းသုတေသီတို့ သုတေသနပြု တင်ပြ ထားသော အဆိုအရပြောရလျှင်၊ အေဒီ–၇၀၀ ကျော်၌ ရခိုင်ပြည်တွင် မင်းနှင့်တကွ ပြည်သူတို့သည် ဗုဒ္ဓဘာသာကိုသာ စွဲစွဲမြဲမြဲ ကိုးကွယ်ခဲ့ကြကြောင်း ထင်ရှားလှသည်။ သုတေသီပညာရှင်တို့ အဆိုများကို အခန်း (၃)နှင့် (၄း၇) တို့၌ အကျယ် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် ရခိုင်ပြည်ရောက် အစ္စလာမ်ဘာသာသည် အိန္ဒိယမှတဆင့် အေဒီ–၁၄၃၀ ခန့်၌သာ ရောက်ရှိ လာခြင်း ဖြစ်လေသည်။

၁၉း ၁၈း ၄။ တဖန် ဦးရွှေဘုန်းဝင်း တင်ပြချက်မှ ယုတ္တိကင်းမဲ့သော အချက်တခုကို ဝေဖန်လိုပါသေးသည်။ ထိုအချက်မှာ အေဒီ–၇၀၀ ကျော်က ရခိုင်သို့ ရောက်သည်ဆိုသော အာရပ် သင်္ဘောသားများကို၊ အေဒီ–၁၄၃၀ ခန့်၌ နရမိတ်လှ (မင်းစောမွန်) နှင့်အတူ ရောက်လာကြ

သော ဗိုလ်ချုပ်စန်ဒီခန်၏ လူစုနှင့် ဆက်စပ်ပြခြင်း ဖြစ်လေသည်။ အေဒီ–၇၀၀ကျော်နှင့် အေဒီ–၁၄၃၀ သက္ကရာဇ် နှစ်ခုကြားတွင် နှစ်ပေါင်း (၇၃၀)ခန့်ကာလထိ ကွက်လပ်ကြီးတခု ဖြစ်လေသည်။ ထိုကွက်လပ်သည် ဝေသာလီ နှောင်းခေတ်နှင့် လေးမြို့ခေတ်ဖြစ်သည်။ ရခိုင်ပြည်သည် ထိုကာလ၌ ဗုဒ္ဓဘာသာ အထူးစည်ပင်ထွန်းလင်းချိန် ဖြစ်လေသည်။ ထိုကြားကာလ ရှည်ကြီး၌ ဦးရွှေဘုန်းဝင်း ပြောသော စန္ဒဝံသအုပ်စုဝင်များနှင့် အာရပ်သင်္ဘောသားများ ဘယ်နေရာသို့ ရောက်နေကြပါသလဲ။ ဤမေးခွန်းကို ဦးရွှေဘုန်းဝင်း အစရှိသော ရိုဟင်ဂျာ သမိုင်းပညာရှိတို့ ဖြေကြရန် ဖြစ်ပါသည်။

နယ်ရှိ တိုင်းရင်းသား လူမျိုးစုတိုင်းကို ကိုယ်စားပြုကြောင်း ပရိယာယ် စကားဆိုခဲ့လေသည်။ လက်တွေ့၌ကား အမျိုးသားပါတီ ကဲ့သို့ပင် ရိုဟင်ဂျာ အမည်ခံ သူတို့တိုင်းရင်းသားဖြစ်ရေးကိုသာ အလိမ်အလှည့် အမျိုးမျိုးနှင့် အဓိကထား၍ တင်ပြထားကြောင်း တွေ့ရသည်။

ရိုဟင်ဂျာ အမည်ခံသူတို့ကို တိုင်းရင်းသားဖြစ်အောင် ကြိုးပမ်းရေး ရည်ရွယ်ချက်သည် မောင်တော၊ ဘူးသီးတောင်မြို့နယ်များကို မူဆလင်ပြည်နယ် ထူထောင်ခွင့်ရအောင် ကြိုးပမ်းခြင်းပင် ဖြစ်ရကား၊ ရခိုင်တို့၏ အစဉ်အလာ ဇာတိဒေသ ရခိုင်မြေကို မတရားဖဲ့ယူ ဖျက်ဆီးရေး ရည်ရွယ်ချက်ပင် ဖြစ်ပေသည်။

ကာလပတ်လုံး (တ လ ဘ ထ )ပါတီကို ကျနော်တို့က 'သံသယမျက်စိ' နှင့်သာ အစဉ်အမြဲ သတိချပ် စောင့်ကြည့်နေမည် ဖြစ်ပေသည်။

## ၂၀။ ရိုဟင်ဂျာအဓိပ္ပါယ်။

၂၀း ၀ ။ ရိုဟင်ဂျာ ဆိုသော အမည်၏ အဓိပ္ပါယ်ကို အမ်၊ အေ၊ တဟီးရ်ဘသာ အစရှိသော ပညာရှိတို့က ဉာဏ်နီဉာဏ်နက် ထွင်၍ အမျိုးမျိုးတင်ပြခဲ့ကြ၏။ ယင်းအခေါ် အဝေါ်ကို ၎င်းတို့က ယခုမှ အသစ်စက်စက် တီထွင်ခဲ့သလော။ ရခိုင်ရာဇဝင်နှင့် ခေတ်ပြိုင် နိုင်ငံခြားသမိုင်း မှတ်

**(တ လ ဘ ထ)ပါတီသည် ရခိုင်တို့နှင့် ချစ်ကြည်ရေး၊ သွေးစည်းညီညွတ်ရေး 'ရခိုင် ရိုဟင်ဂျာ လက်တွဲပြီး အမိရခိုင် မြေကို ကျေးဇူးဆပ်ရေး' ဟူသော သာယာ နှစ်လိုဘွယ် စကားလုံးတို့ကို မည်သို့ပင် ပြောထားစေကာမူ "ရိုဟင်ဂျာတိုင်းရင်းသားဖြစ်ရေး" အတွက် ကြိုးပမ်းနေသမျှ ကာလပတ်လုံး ထိုနှစ်လိုဘွယ် စကားတို့သည် အပေါ်ယံ ပျားရည်လူးထားသော မုသားစကား များသာ ဖြစ်နေပါလိမ့်မည်။ ရခိုင်ပြည်နယ်၌ နေထိုင်ကြသော အစ္စလာမ် ဘာသာဝင်တို့ကို တတန်းတစားတည်း ထားပြီး "ရိုဟင်ဂျာ တိုင်းရင်းသားများ ဖြစ်သည်" ဟူ၍ သတ်မှတ် လက်ခံထားသမျှ ကာလပတ်လုံး (တ လ ဘ ထ )ပါတီကို ကျနော်တို့က 'သံသယမျက်စိ' နှင့်သာ အစဉ်အမြဲ သတိချပ် စောင့်ကြည့်နေမည် ဖြစ်ပေသည်။**

၁၉ : ၁၉။ အချုပ်ဆိုရလျှင် (တ လ ဘ ထ) ပါတီသည် ရခိုင်ပြည်နယ်ကို အခြေခံဖွဲ့စည်းပြီး၊ ရခိုင်တိုင်းရင်းသား လူမျိုးစု အားလုံး၏ ဘဝသစ်ထူထောင်ရေး ကြိုးပမ်းရန်ဟူသော အလွန်ကောင်းမြတ်သည့် ရည်ရွယ်ချက်ဖြင့် ပါတီထူထောင် ထားသည်ဟု ဆိုထားစေကာမူ၊ တိုင်းရင်းသား မဟုတ်သော ရိုဟင်ဂျာ အမည်ခံသူတို့ကို ရခိုင်နှင့် 'နှစ်မွှာ အသည်းညီအစ်ကို' ဟူ၍ ရှေ့ဦး ရခိုင်ပြည်ကို ထူထောင်စကပင် ရှိခဲ့လေဟန် အမျိုးမျိုး လုပ်ကြံ လှည့်စားတင်ပြ ထားလေသည်။

အမျိုးသားပါတီနှင့် နှိုင်းယှဉ်၍ ပြောရလျှင် အမျိုးသားပါတီသည် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာအမည်ခံသူတို့ကို ကိုယ်စားပြု၍ ဖွဲ့စည်းထားကြောင်း ရှင်းရှင်းလင်းလင်း ပြောခဲ့သော်လည်း၊( တ လ ဘ ထ )ကမူ ထိုသို့မပြောခဲ့ချေ။ ရခိုင်ပြည်

"ရခိုင် ဇာတိမြေကို မတရားဖဲ့ယူ ခွဲခြမ်းပစ်ရေး ရည်ရွယ်ချက်မျိုးကို မည်သည့် ရခိုင်သားမျှ လက်ခံနိုင်လိမ့်မည် မဟုတ်ချေ။"

(တ လ ဘ ထ) ပါတီသည် ရခိုင်တို့နှင့် ချစ်ကြည်ရေး၊ သွေးစည်း ညီညွတ်ရေး 'ရခိုင် ရိုဟင်ဂျာ လက်တွဲပြီး အမိရခိုင်မြေကို ကျေးဇူးဆပ်ရေး' ဟူသော သာယာ နှစ်လိုဘွယ် စကားလုံးတို့ကို မည်သို့ပင် ပြောထားစေကာမူ 'ရိုဟင်ဂျာ တိုင်းရင်းသားဖြစ်ရေး' အတွက် ကြိုးပမ်းနေသမျှ ကာလပတ်လုံး ထိုနှစ်လိုဘွယ် စကားတို့သည် အပေါ်ယံ ပျားရည်လူးထားသော မုသားစကားများသာ ဖြစ်နေပါလိမ့်မည်။ ရခိုင်ပြည်နယ်၌ နေထိုင်ကြသော အစ္စလာမ် ဘာသာဝင်တို့ကို တတန်းတစားတည်း ထားပြီး 'ရိုဟင်ဂျာ တိုင်းရင်းသားများ ဖြစ်သည်' ဟူ၍ သတ်မှတ် လက်ခံထားသမျှ

တမ်းတို့၌ မည်သို့ဆိုထားကြပါသနည်း၊ ဆိုသောအမေးတို့ကို ကျနော်တို့ ရှူးစမ်းရှာဖွေ ဖြေဆိုဖို့လိုပါသည်။

### (က) ရိုဟင်ဂျာ သမိုင်း ဆရာတို့ ဖွင့်ဆိုသောအဓိပ္ပါယ်။

၂၀း ၁ ။ အမ်၊ အေ၊ တဟီးရ်ဘသာ အစရှိသော သမိုင်းလိမ် ဆရာတို့သည် ရခိုင်ပြည်နယ်ရှိ မွတ်ဆလင်တို့ကို တိုင်းရင်းသား ပြုလုပ်လိုသော ရည်ရွယ်ချက်ဖြင့် ဉာဏ်နီဉာဏ်နက်ထုတ်၍ သမိုင်းလိမ် အမျိုးမျိုးကို ရေးခဲ့ကြောင်း စာရှုသူတို့ သိခဲ့ကြပါပြီ။ ရိုဟင်ဂျာ ဆိုသော စကားလုံးရင်းမြစ်ကို တယောက် တမျိုးစီ အဓိပ္ပါယ်ဖွင့်ဆိုခဲ့ကြသည်။ ယင်းသို့ ဖွင့်ဆိုကြသောအခါ ရှေးရိုးစံထား တော်ဝင်

စကားလုံး ဖြစ်လိုသောကြောင့် ရှေးဟောင်း အာရပ် ဘာသာစကားနှင့် ဆက်စပ်နေသယောင်ယောင်၊ အာရပ်စကားကို နားမလည်သော ပရိသတ်အား လှည့်စား တင်ပြခဲ့လေသည်။

အမ်၊ အေ၊ တဟီးရ်ဘာသာက အာရပ်စကား 'ရဟ်မာ' (သနားညာတာ ကူညီပါ)မှ ရခိုင်တို့က ရဟ်မာလူမျိုး ဟူ၍ ဝေသာလီ ခေတ်ကပင် ရခိုင်တို့ ခေါ်ခဲ့ရာမှ ရိုဟင်ဂျာသို့ ပြောင်းလာသည်ဟု အဓိပ္ပါယ် ဖွင့်ခဲ့သည်။ ရခိုင်စကားရင်း 'ရွာဟောင်း ကကျား' (ရခိုင်လူမျိုးများက တိုက်မနိုင်သော တလိုင်း လူမျိုးများကို ပတန် လူမျိုးများက တိုက်ထုတ်ပစ်နိုင်ကြသောကြောင့် 'ရွာဟောင်း သားများ') ဟု ခေါ်ကြောင်း ဆိုပြန်သည်။ ထိုအဆိုကို မသိနားမလည် သူ ရခိုင်ပြည်နယ်ရှိ မွတ်ဆလင်တို့က 'အများညီလျှင်၊ ဤကို ကျွဲဖတ်' သဘော မျိုးနှင့် မျက်စိမှိတ် လက်ခံကာ၊ အမျိုးသား မှတ်ပုံတင် ကဒ်ပြား၌ မူလက "ဘင်္ဂါလီလူ မျိုး" ဟု ခံယူထားကြသည်ကို "ကျုပ်တို့ ရိုဟင်ဂျာ လူမျိုးဘဲ ဖြစ်တယ်၊ ဘင်္ဂါလီ မဟုတ်ဘူး၊ ပြင်ဆင်ပေးပါ။" ဟူ၍ တောင်းဆိုပြင်ဆင် ခဲ့ ကြလေသည်။

အမ်၊ အေ၊ တဟီးရ်ဘာသာ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို 'ရိုဟင်ဂျာ ညီညွှတ်ရေးအဖွဲ့' (ရ မ ည) ကလည်း အတည်ပြု လက်ခံပြီး 'ရိုဟင်ဂျာလူမျိုးစု ရာဇဝင် အကျဉ်းချုပ်' ဟူ၍ ၁၉၆၀– ခု၊ ဒီဇင်ဘာလ၌ ပုံနှိပ် ထုတ်ဝေခဲ့လေသည်။ (နောက် ဆက်တွဲတွင် ရှုပါ)

၂၀ း ၂။ အမ်၊အေ၊တဟီးရ်ဘာသာ ဖွင့်ဆိုပေးခဲ့သော ရိုဟင်ဂျာစကားလုံးသည် ၁၉၆၀–ခုမှ ၁၉၈၈–ခုထိ ရခိုင်ပြည်နယ်ရှိ မွတ်ဆလင် ပညာတတ်တို့ အပေါ်၌ သြဇာ ညောင်း လွှမ်းမိုးခဲ့၏။ အသုံးပင် မကျရာသော မသိနားမလည်သူ လက်လုပ် လက်စား အလုပ်ကြမ်းသမား မွတ်ဆလင် လူထု တရပ်လုံးက၊ ၎င်းမွတ်ဆလင် ပညာတတ်တို့ ပြောသည့်အတိုင်း မျက်စိမှိတ်ယုံကြည် လက်ခံကာ မိမိတို့ကိုယ်ကို ရိုဟင်ဂျာဟု ပြောင်းလဲခံယူခဲ့ကြ၏။

ယခု အမျိုးသားပါတီ ကလည်း ရိုဟင်ဂျာဟူသော အမည်သည် လွန်ခဲ့သော နှစ်ပေါင်း (၁၂၀၀)ကျော်က ရခိုင်ဘင်္ဂါလီဟု ခံယူခဲ့ရာမှ၊ အာရပ်လူမျိုးတို့က (ရဟမ်း) လူမျိုးဟု ခေါ်ခဲ့ကြသဖြင့် ထိုနာမည်ကိုယူ၍ ရိုဟင်ဂျာဟုခေါ်တွင်လာကြောင်း အဓိပ္ပါယ် ဖွင့်ပြန်သည်။ ဆရာဘာသာ ရှာဖွေပေးသော (ရဟမ်း)စကားလုံးကိုပင် မသိမသာ ယူသုံး၍ (ရခိုင်ဘင်္ဂါလီ၊ ရဟမ်း၊ ရိုဟင်ဂျာ) ဟု ပြောင်းလာကြောင်း လုပ်ကြံတင်ပြခဲ့သည်။

၂၀ း ၃။( တ လ ဘ ထ )အထွေထွေအတွင်းရေးမှူးချုပ် ဦးရွှေဘုန်းဝင်းကမူ ဆရာဘာသာ၏ (ရဟ်မာ)စကားလုံးကို မူရင်းအတိုင်း ယူပြီး "ဓညဝတီ အရေးတော်ပုံ"၌ သုံးနှုန်းခဲ့သော 'မုသာလမ်' (အစ္စလာမ်ဘာသာကိုယုံကြည်သူ) စကားလုံးနှင့် ပေါင်းစပ်ပြကာ (ရဟ်မာ + မုသာလမ် = ရဟမ်း၊ ထိုမှတဆင့် ရဟမ်း၊ ရွမ်း) သို့ ပြောင်းလာခဲ့ ကြောင်း ဝါစဿာရ ဗေဒပညာရှိ လုပ်၍ ဖေါ်ပြခဲ့သည်။

ထို့ပြင် ဦးရွှေဘုန်းဝင်းသည် ပါရှားဘာသာ 'ရောင်န်' (စစ်မြေပြင်)နှင့် 'ရှောရ်' (ဒေသ၊ မြို့)တို့ကို ပေါင်းပြီး 'ရောင်န်ရှောရ်' (စစ်မြေပြင်ဒေသမြို့)ဟူ၍ တွင်လာကြောင်းလည်း ကြံဆပြသေးသည်။ အိန္ဒိယ၊ ဘင်္ဂလားသား ကုန်သည်များက 'ရွမ်းရှောရ်' နှင့် 'ရွမ်းသား' တို့အား 'ရွမ်းဟိုင်းညာ' ဟူ၍ ခေါ်ကြောင်းကိုလည်း တင်ပြထားသေးသည်။

ထို့ပြင် ဦးရွှေဘုန်းဝင်းသည် ၁၉၇၈–ခု ထုတ်၊ ကျောင်းသုံး အထက်တန်း ပင်ရင်းစကားပြေ စာအုပ်မှ စာရေးဆရာ ဦးသိန်းဖေမြင့်၏ 'မြို့ဟောင်းမှ ပလက်ဝသို့' ဆောင်းပါးမှ ကောက်နုတ်ချက် တခုကိုလည်း အလွဲသုံးစားလုပ် လိမ်ညာ ဖေါ်ပြ လိုက်သေးသည်။ ယင်း စကားပြေစာအုပ် စာမျက်နှာ (၂၆၀) တွင် '––––––– ထိုသူမှာ တို့ရခိုင် မွတ်ဆလင် ဖြစ်ကြောင်း သိရသည်။' ဟူ၍သာ ဖေါ်ပြထားသော်လည်း၊ ဦးရွှေဘုန်းဝင်းက '–––––– ထိုသူတို့မှာ တို့ရခိုင် မွတ်ဆလင် (ရိုဟင်ဂျာ)ဖြစ်ကြောင်း သိရသည်၊' ဟူ၍ (ရိုဟင်ဂျာ) စကားလုံးကို မိမိသဘောနှင့် အပိုထည့်သွင်းကာ ဖြောင်လိမ်ညာ ရေးသားခဲ့လေသည်။ (တ လ ဘ ထ– သတင်းလွှာ၊ အတွဲ – ၁၊ အမှတ်–၁၊ ၁၉၈၉–ခု၊ စက်တင်ဘာ၊ စာ ၄၉ ရှုပါ။) ကွယ်လွန်သူ စာရေးဆရာကြီး ဦးသိန်းဖေမြင့် ၏ စာကို ဦးရွှေဘုန်းဝင်း အလွဲသုံးစား လုပ်နိုင်ခဲ့သော်လည်း ၁၉၆၇–ခု၊ မှ ၁၉၈၀–ခု ထိ နှစ်ပေါင်း (၁၀)ကျော်ကာလ၌ (၁၀)တန်းသင်ခဲ့ကြသော သန်းချီရှိခဲ့သည့် ကျောင်းသားဟောင်း၊ စာဖတ်သူများကို ဦးရွှေဘုန်းဝင်း လိမ်ညာ၍ မရနိုင်ပါ။

၂၀ း ၄။ အားလုံးချုပ်လိုက်လျှင် (ရိုဟင်ဂျာ)ဟူသော စကားလုံးသည် အာရပ်ဘာသာ ရဟ်မာ မှတဆင့် ပြောင်းရွှေ့လာသော စကားဖြစ် သည်ဟု ဆရာကြီးဘာသာ လမ်းပြတီထွင် လိမ်ညာခဲ့မှုကို ရခိုင်ပြည်နယ်ရှိ စစ်တ ကောင်းသားအနွယ် ဘင်္ဂါလီလူမျိုး မွတ်ဆ လင်အားလုံး လက်ခံခဲ့ကြကြောင်း တွေ့ ရပါသည်။

## (ခ)ရခိုင်တို့သုံးနှုန်းကြပုံ။

၂၀ း ၅။ ရခိုင်ရာဇဝင်နှင့် စာပေ အဖွဲ့အနွဲ့တို့ကို လေ့လာကြည့်လျှင် (ရိုဟင်ဂျာ )ဟူသော အမည်ကို မည်သည့် နေရာတွင်မျှ တွေ့မည် မဟုတ်ချေ။ (ကုလား )ဟူသော ဝေါဟာရကိုသာ တွေ့ရမည် ဖြစ်သည်။ ရခိုင်မင်းသမီး ချေါင်း အပိုဒ်(၃၄)၌ ဘစောဖြူမင်း (၁၄၅၆–၁၄၈၂ )လက်ထက်၊ မြို့ သက်၊ ကုလားတို့ ပုန်ကန်ကြကြောင်း ဖေါ်ပြရာ၌ " ရိုင်းရူးမိစ္ဆာဘင်္ဂါ ကုလားမြို့သက်သားနှင့်၊သုံးပါးလုံးပြည်၊ ပုန်လတ်သည်ကြောင့်"ဟူ၍ဖွဲ့ဆိုထားရာ (ဘင်္ဂါကုလား )ဆိုသော အနှုန်းအသုံးကို တွေ့ရသည်။ ဘစောဖြူမင်း နန်းစံသော အခါ ဘင်္ဂလားဒေသမှ ကုလား၊ မြို့ (တရိပူရ )၊သက်တို့ ပုန်ကန်ကြသည်ဟု မှတ်တမ်း တင်ထားခြင်း ဖြစ်သည်။

ကုလား ဟူသောစကားသည် မြောက်ဦးခေတ်၌ ဘင်္ဂလားနယ်သားဟိန္ဒူ၊ မွတ်ဆလင် တို့ကိုပေါင်းရုံး သိမ်းကျုံး၍ ခေါ်သော စကားဖြစ်သည်။ ထိုစကားသည် ခေတ်အဆက်ဆက် ယနေ့ထိ ရခိုင်တို့ သုံးလာခဲ့သော ရခိုင်အရပ်သုံး စကားဖြစ်သည်။ ထို အရပ်သုံး စကားကို ကိုးကွယ်ရာ ဘာသာအလိုက် ခွဲခြမ်း ပြောကြသည်။ ခွဲခြမ်းပုံမှာ၊ အစ္စလာမ်ဘာသာဝင်ဆိုလျှင် 'ကုလား'ဟူ၍ပင်သုံး၍၊ ဗြဟ္မဏ ဘာသာဝင်ဆိုလျှင် "ဟိန်းဒုတ်ကုလား" (ဟိန္ဒူ ) ဟူ၍သုံးသည်။

ဒေသ အခေါ်အဝေါ်၌ လည်း (ကုလားပန်ဇင်းမြစ်)ဝင်းကျွန်း ကုလားချောင်း ဟူ၍ ရှိသည်။ လူအမည်ကိုပင် ဦးကုလားသျှေ၊ မောင်ကုလား၊ ဟူ၍ သုံးနှုန်း ကြသည်။ အစ္စလာမ်ဘာသာဝင် ကမန်လူမျိုးတို့ကိုကား ကုလားဟုမခေါ်ကြချေ။ ကမန်ဟူ၍ပင် ခေါ်ကြသည်။

၂၀ း ၆။ ယင်းသို့ ဆိုလျှင် (ရိုဟင်ဂျာ )ဟူသော စကားလုံးကို ရခိုင်တို့ လုံးဝ မသုံးနှုန်းကြသလော ဟူ၍မေးရန် ရှိလာသည်။ အဖြေမှာ (ရိုဟင်ဂျာ)ဟူ၍ ကား လုံးဝမသုံးနှုန်း ၊ မသိရှိကြပါ။ မြောက်ဦးမြို့နယ်၌ နေထိုင်ကြသော

မွတ်ဆလင်တို့ကိုကား မြောက်ဦး၊ စစ်တွေ၊ ကျောက်တော်တို့မှ ရခိုင်တို့က (ရွှင့်ဂျာ) ဟူ၍ ခေါ်ဝေါ်သုံးနှုန်းကြောင်း သိရပါသည်။ ရခိုင်ပြည်နယ် ဒေသတိုင်း၌ကား ထို အခေါ် အဝေါ်ကို မသိရှိ မသုံးနှုန်းကြပါ။

ထို ( ရွှင့်ဂျာ )ဟု အခေါ်ခံရသော မွတ်ဆလင်တို့သည် စာရေးဆရာကြီး ဦးသိန်းဖေမြင့် ရေးသား မှတ်တမ်း တင်ခဲ့သကဲ့သို့ (တနေ့နံနက်ခင်း၊ ကျောက်တော်မြို့၊ ကျနော်တည်းခိုသော ကိုထွန်းဝင်း အိမ်တွင် ထိုင်နေရာ၊ ထူဆန်းစွာ ဝတ်ဆင်ထားသော လူတယောက် ပေါက်လာလေသည်။)----- မဲပြာတောင်ရှည်ပုဆိုးနှင့် ထိုင်မသိမ်းလိုလို အင်္ကျီကို ဝတ်ထားလေသည်။ ခေါင်းမှာလည်း ပိတ်ဖြူဖေါ့လုံးပေါင်းထားလေ၏။ နှုတ်ခမ်းမွေး ကျင်စွယ်များလည်းရှိ၏။ ကိုထွန်းဝင်းနှင့် ထိုသူ စကားပြော ကြသောအခါ ရခိုင်လိုပြောကြသဖြင့် ကျနော်တို့ နားမလည် လိုက်ချေ။ ။ ပင်ရင်းစကားပြေ၊ (၁၉၆၇၊ စာ ၂၆၀) ရခိုင်စကားပြော၍၊ ရခိုင် အဝတ်အဆင်၊ ရခိုင်အပြုအမူတို့ကို ရခိုင်နှင့် ခွဲမရအောင် ပြောဆိုနေထိုင်သော အစ္စလာမ် ဘာသာဝင်များ ဖြစ်လေသည်။ ထိုသူတို့သည် ရှေးမြောက်ဦးခေတ်ကပင် စစ်သုံ့ပန်းအဖြစ် ရခိုင်ဘုရင်တို့ ဖမ်းဆီးခေါ်ယူလာခဲ့သူများ၏ အဆက် အနွယ်များ ဖြစ်ကြလေသည်။ မြောက်ဦးမြို့နယ်နှင့် ကျောက်တော်မြို့နယ်၌ နေကြသည်။ ၎င်းတို့ကို မြောက်ဦးသား၊ ကျောက်တော်သားတို့က (ရွှင့်ဂျာ)ဟု ခေါ်ကြသည်။ မည်သည့်ကာလက စတင်ခေါ်ဝေါ် သုံးနှုန်းခဲ့ကြကြောင်း မသိရချေ။

၂၀ း ၇။ ကောင်းပြီ၊ ထိုသို့ဆိုလျှင် ( ရွှင့်ဂျာ )ဟူသော စကားလုံး၏ အဓိပ္ပါယ်မှာ အဘယ်နည်း။ ဤအမေးကို ဖြေရန် အတွက် သက်ကြီးစကား သက်ငယ်ကြားသဘောနှင့် ရခိုင်သက်ကြီးတို့အား မေးကြည့်ရာ ဤသို့ဖြေကြပါသည်။

ကုလားတို့သည် ရခိုင်စကားကို ပီသစွာ မပြောတတ်ကြချေ။ ထို့ကြောင့် 'ရခိုင်'ဆိုသော စကားကို လုံးထွေး၍ 'ရွှင့်'ဟုပြော ကြခြင်း ဖြစ်သည်ဟု ဆိုပါသည်။ 'ဂျာ'ဆိုသောစကားမှာ၊ ရခိုင် မြန်မာအသုံးနှုန်း၌ ရွာသား၊ မြို့သား၊ နိုင်ငံသား၊ ဆိုသော ဝေါဟာရများတွင် 'သား'ဆိုသောစကားလုံး၏ အဓိပ္ပါယ် ကဲ့သို့ ပင်ဖြစ်သည်။ ထို့ကြောင့် 'ရွှင့်ဂျာ' ၏အဓိပ္ပါယ်မှာ ရခိုင်'ရခိုင်ပြည်သား' ဟူ၍ ဖြစ်သည်။ ရခိုင်ပြည်၌ နေသော မွတ်ဆလင်ဟု ဆိုလိုခြင်း ဖြစ်သည်။

နောက်အဓိပ္ပါယ် ဖွင့်ချက်တခုမှာ 'မြို့ဟောင်း' (မြောက်ဦး)မြို့ကို ကုလားတို့ ပီသစွာမပြောတတ်၍ 'မြို့ဟောင်း'မှ 'မြှင်း'၊ ထိုမှ 'ရွှင့်'ဟု ပြောင်းလာခြင်းဖြစ်ကြောင်း ဆိုကြပါသည်။ ရွှင့်ဂျာ၏ အဓိပ္ပါယ်မှာ မြို့ဟောင်းသား၊ မြို့ဟောင်း နယ်၌ နေသော ကုလားဟု အဓိပ္ပါယ်ရကြောင်း ယူဆကြပါသည်။

ရခိုင် သက်ကြီးတို့၏ ဤ အဓိပ္ပါယ် ဖွင့်ဆိုချက်များကို ဆင်ခြင်ကြည့်လျှင် 'ရွှင့်ဂျာ'ဆိုသောစကားသည် အနည်းဆုံး ဗြိတိသျှခေတ်ကပင် ရှိခဲ့၊ သုံးခဲ့သော စကားဖြစ်၍ ရခိုင်ပြည်နယ် ၌ နေသော အစ္စလာမ် ဘာသာဝင်များကို ခေါ်ဝေါ်ခြင်း ဖြစ်ကြောင်း မှတ်ယူရမည် ဖြစ်ပါသည်။ ဤအထဲ၌ ဧည့်သည် စစ်တကောင်းသား ဘင်္ဂလီလူမျိုး မွတ်ဆလင် များ မပါချေ။

"တိကျစွာ ပြောရလျှင် ဗြိတိသျှခေတ်နှင့် လွတ်လပ်ပြီး ခေတ်တို့၌ နည်းအမျိုးမျိုးဖြင့် ဝင်ရောက် အခြေစိုက် နေထိုင်ကြသော ဧည့်သည် စစ်တကောင်းသား မွတ်ဆလင်များ (လုံးဝ)မပါချေ။ ရှေး နှစ်ပေါင်း (၃၀၀) ကျော်ကာလ မြောက် ဦးခေတ်ကပင် နေထိုင်လာကြသော ညီအစ်ကို မွတ် ဆလင် များသာ ပါဝင်ပါသည်။"

ဤနေရာတွင် 'ရွှင့်ဂျာ'၏ အဓိပ္ပါယ်သည် 'ရခိုင်ပြည်သား မွတ် ဆလင်' ဟုအဓိပ္ပါယ်ရသည် ဆိုသောကြောင့် ၊ "ထိုသူတို့သည် ရခိုင်တိုင်းရင်းသား ဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်ချေ။" ထိုသူတို့၏ ဇာတိပင်ရင်း ဒေသသည် ဘင်္ဂလားဒေသသာ ဖြစ်ရကား၊ ၎င်းတို့သည် ဘင်္ဂလီ မွတ်ဆလင်များသာ ဖြစ်ပေသည်။ ရခိုင်ပြည်၌ နှစ်ပေါင်း (၃၀၀) ကျော် နေထိုင်လာခဲ့ကြသောကြောင့် ၎င်းတို့ သည် 'မြန်မာနိုင်ငံသား စစ်စစ် များဖြစ်ကြသည်။' ဟူ၍ ကားဆိုနိုင်ပေသည်။

(ဂ)ဘင်္ဂလီသမိုင်းပညာရှင်တို့အဆို။

၂၀ း ၈ း ၀ ။ 'ရွှင့်ဂျာ' ဆိုသော စကား၌ 'ရွှင့်'သည် ရခိုင်၊ ရခိုင်ပြည် - ဆိုသောစကားကို ကုလားတို့ မပီ၍ အသံရွေ့ ပြောင်းလာသော စကားဖြစ်ကြောင်း အထက်တွင် ဆိုခဲ့ပါသည်။ ဤအဓိပ္ပါယ် ဖွင့်ဆိုချက်မျိုးကို ဘင်္ဂလီ သမိုင်းပညာရှင် တို့လည်း ဆိုကြကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၀ း ၈ း ၁ ။ ဘင်္ဂလီ သမိုင်း ပညာရှင် ဂျမ်မိမိုဟန်ဂို့ရှ်သည် မူရင်း ဘင်္ဂလီ မှတ်တမ်းများ၊ ရာဇမာလာကျမ်း (တရိပူရ ရာဇဝင်)တို့ကို အခြေခံပြီး 'ဘင်္ဂလားဒေသ၌ ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့သော မောက် (ရခိုင်) များ' ဟူသော သမိုင်းစာတမ်းတခုကို ၁၉၆၀-ခုတွင် ရေးသားခဲ့ပါသည်။ စာရေးသူကိုယ်တိုင် ကာလကတ္တားမြို့၊ အမှတ်-၈၀/၆၊ ဂရေ လမ်း ပုံနှိပ်တိုက်၌ ရိုက်နှိပ် ဖြန့်ချီ ခဲ့သည်။

ယင်းစာအုပ် စာ-၁၃၊ ၁၄ တို့၌ ရခိုင်ဘုရင်နှင့် တရိပူရ (မြို့ပြည်) ဘုရင်တို့ စစ်ထိုးကြသည့် အကြောင်းကို ဖေါ်ပြထားသည်။ ရခိုင်ဘုရင်မှာ ကုလားတွဲ့ ဆီကိန် ဒါရှား အမည်ခံယူသော မင်းဖလောင်းကြီး (၁၅၇၁-၁၅၉၃) ဖြစ်သည်။ တရိပူရဘုရင်မှာ ရာဇ 'မ်းယာ မနိကျ ဖြစ်သည်။ ၎င်း သမိုင်းစာတမ်း စာ (၁၄) ၌ မစ္စတာ ဂို့ရှ်က ရာဇမနိကျသည် စစ်တကောင်း၌ ရပ်တန့်မနေဘဲ၊ ရခိုင်ပြည်ကို အောင်နိုင်ရန် ရှေ့သို့ ချီတက်သည်။ ဤနေရာ၌ ကျနော်တို့သည် 'ရိုဆင်' (Roswng) ဟူသော အမည် ဖေါ်ပြချက်ကို တွေ့ရသည်၊ ဟူ၍ဖေါ်ပြထားပါသည်။

စာ (၂၂) ၌လည်း မစ္စတာဂို့ရှ်က "အာရကန်ဟူသောအမည်အတွက် 'ရိုဆင်' ဟူသောစကားကို ရာဇမာလာ၌ တွေ့ရသည်၊ ဟူ၍ ရေးထားပါသည်။ ရာဇမာလာ ဆိုသည်မှာ တရိပူရ ရာဇဝင်ကျမ်း ဖြစ်ပါသည်။ ထိုကျမ်း၌ ရခိုင်အကြောင်းများစွာ ဖေါ်ပြ ထားသည်ဟု ဆိုပါသည်။ မိုဟန်ဂို့ရှ် ၏ သမိုင်းစာတမ်းအရ၊ 'ရခိုင်ပြည်'ကို ဘင်္ဂလီများက ၎င်းတို့အသံနှင့် 'ရိုဆင်' ဟု ခေါ်ကြောင်း ထင်ရှားသည်။

၂၀ း ၈ း ၂ ။ မကြာသေးမီ (၁၉၈၈) ခုနှစ်က 'စစ်တကောင်းသမိုင်း' အမည်နှင့် ဒေါက်တာ ကနင်ဂိုက သမိုင်း ကျမ်းတစောင် ထုတ်ဝေခဲ့ပါသည်။ ယင်း ကျမ်း၌ ရခိုင်အကြောင်းကို အကျယ်တဝင့် ဖေါ်ပြထားသည်။ ၎င်းကျမ်းစာ (၂၃၁) တွင် 'ရက္ခိုင် (RAKHAING) ဟူသော အမည်သည် အလွန်ရှေးကျဟန်ရှိသည်၊' ဟူ၍ နိဒါန်းချီပြီး ဆက်လက်၍ ရှေးဟောင်းမှတ်တမ်း အဆိုများကို အသေးစိတ် ဖေါ်ပြသည်။ စာ (၂၃၂) တွင် "အလယ်ခေတ် ဘင်္ဂလီစာပေတို့၌ လည်းကောင်း ၊ ရန်နယ်လ်၏ မြေပုံ၌ လည်းကောင်း၊ 'ရက္ခိုင်' ကို မူလစကား 'ရက္ခသျှတင်' မှပြောင်းလာသည်ဟု ရည်

ညွှန်းကာ 'ရိုသျှန်းဂ်' (ROSHANG) ဟူ၍ ရေးသား ထားသည်။--- စစ်တကောင်း ဒေသိယ အပြောစကား၌ ရက္ခိုင်ပြည်ကို 'ရိုဟင်သျှ' (ROHANG'sh) ဟူ၍ 'ဟ်' သံကို အစားထိုးပြီး သုံးစွဲ ပြောဆိုကြသည်။" ဟု သုတေသနပြု တင်ပြထားပါသည်။ (နောက်ဆက်တွဲ ရှုပါ)

ဒေါက်တာ ကနင်ဂိုး၏ တင်ပြချက်များကို လေ့လာကြည့်လျှင် ရှေးခေတ် ဘင်္ဂလား နယ်သားတို့သည် 'ရက္ခိုင်' ဆိုသော စကားကို မိမိတို့ဘင်္ဂလီသံနှင့် 'ရိုသျှန်းဂ်' ဟုခေါ်၍၊ စစ်တကောင်း နယ်သားတို့က 'ရိုဟင်သျှ' ဟုပြောကြကြောင်း ကျနော်တို့သိလာ ရသည်။

၂၀ း ၈ း ၃ ။ ဘင်္ဂလီ သမိုင်းပညာရှင်နှစ်ဦး၏ အထက်တင်ပြချက်များကို အချုပ်သဘောယူရလျှင် ရခိုင်ဆိုသော စကားသည် သက္ကဋ္ဌဘာသာ ရက္ခသျှ မှ ရခိုင်ဟူ၍ ပြောင်းရွေ့လာသော ရခိုင်လူမျိုးတို့၏ ကိုယ်ပိုင် စကားလုံးဖြစ်၍ ဘင်္ဂလား နယ်သားတို့က မိမိတို့အသံနှင့် ပြောသောအခါ "ရိုသျှန်းဂ်" ဟူ၍ ဖြစ်လာသည်။ စစ်တကောင်းနယ်သား တို့က "သျှ" သံကို "ဟ်" သံနှင့် အစားထိုးကာ၊ "ရိုဟင်သျှ" ဟူ၍ ပြောဆိုကြသည်- ဟု ရရှိလာပါသည်။ ထိုစကားကို ရခိုင်တို့ကြားသောအခါ ကုလား သံအတိုင်း ပီပီသသ မပြောတတ်သဖြင့် "ရွှင့်" ဟူ၍ ပြောင်းရွေ့ သွားသည်ဟု မှတ်ယူရမည် ဖြစ်ပါသည်။ "ရွှင့်" ၏အဓိပ္ပါယ်သည် ရခိုင်လူမျိုး၊ "ရွှင့်ဂျာ" ၏အဓိပ္ပါယ်သည် ရခိုင်ပြည်သားဟူ၍ ရရှိပါသည်။

-Sunhi Busham Qanumgo, A History of Chittagong, Vol. I , Billan Printers, 74 strayuddowlah Road,Chandapura, Chittagong, 1988 PP. 231-232

၂၈း၉။ ထို့ကြောင့် "ရွှင့်ဂျာ" ဆို သော စကားသည် ရခိုင်သက်ကြီးတို့ ရှင်းပြကြသကဲ့သို "ရခိုင်" ဆိုသော စကားမှပြောင်းရွေ့ သွားသော ဘင်္ဂလီ စကားသာ ဖြစ်ကြောင်း ကျနော်တို့ မှတ်ယူထား ရမည်ဖြစ်ပါသည်။ ထိုစကားသည်ဘင်္ဂလား ဒေသ၌ အလယ်ခေတ် (အေဒီ ၁၀၀၀-မှ ၁၅၀၀ ထိ)ကပင် သုံးနှုန်းခဲ့သော စကားမှာ အဆင့်ဆင့် ပြောင်းရွေ့လာသော စကားသာ ဖြစ်ကြောင်းလည်း မှတ်ယူ ထားရပါမည်။ ထို့ပြင် အမ်၊ အေ၊ တဟီး၏ ဘာသာ အစရှိသော ရိုဟင်ဂျာအမည်ခံ သမိုင်းလိမ်ပညာရှိတို့ တင်ပြလိမ်ညာခဲ့ ကြ သကဲ့သို့ "ရိုဟင်ဂျာ" ဆိုသောစကားသည် အာရပ်ဘာသာ "ရယ်မာ" မှ "ရိုဟင်ဂျာ" ဟူ၍ ပြောင်းရွေ့လာခြင်းမဟုတ်။ "ရွှင့်ဂျာ" ဆိုသောစကားကို ယူဝင်လှည့်စား တင်ပြကြခြင်းသာ ဖြစ်သည် ဟူ၍လည်း သိထားရမည် ဖြစ်ပါသည်။

❖ ❖ ❖ ❖

## နိဂုံးမဟုတ်သေးသောနိဂုံး။

ရိုဟင်ဂျာအမည်ခံ စစ်တကောင်းသား ဘင်္ဂလီမူဆလင်တို့ လှုပ်ရှားထကြွမှုမှာ ဆက်လက် ဖြစ်ပွားနေဆဲ ဖြစ်ပါသည်။ ပါတီစုံဒီမိုကရေစီ ခေတ်၌ မူဆလင်ပါတီ အမျိုးမျိုးတို့လည်း သမိုင်းလိမ်များကို တယောက်တမျိုးစီ တင်ပြပြီး တိုင်းရင်းသား ရပိုင်ခွင့်၊ ဒီမိုကရေစီ ရပိုင်ခွင့်၊ (လူ့အခွင့်အရေး)တို့ကို တက်တက်ကြွကြွ တောင်းဆိုနေကြဆဲ ဖြစ်ပေသည်။ သို့ဖြစ်၍ ရိုဟင်ဂျာ ပြဿနာကို တင်ပြသော ဤစာတမ်းသည်လည်း နိဂုံးချုပ်နိုင်မည် မဟုတ်သေးပါ။ ၁၉၈၉-ခုနှစ် ကာလထိ အခြေအနေတို့ကိုသာ မိမိတို့ သိသမျှ တင်ပြနိုင်ပါမည်။

မိမိတို့ သိသမျှ တင်ပြရာ၌ သမိုင်းရေးရာ တင်ပြချက်မှာ ရှည်လျားနေသည်ဟု ဆိုနိုင်ပါသည်။ "ရိုဟင်ဂျာ" အမည်ခံသူတို့က မိမိတို့ တိုင်းရင်းသား ဖြစ်ပါသည်ဟု ရှေးဟောင်းသမိုင်းလိမ်၊ အထောက် အထားလိမ်များဖြင့် လိမ်နည်းမျိုးစုံသုံး၍ လိမ်ညာခဲ့ကြရာ လုပ်ကြံလိမ်ညာမှုသာ ဖြစ်ကြောင်း ချေပရန် လိုအပ်လာသဖြင့် ရှေ့ဟောင်းသမိုင်းနှင့်တကွ၊ ခေတ်အဆက်ဆက် ဖြစ်ရပ်မှန် တို့ကို အထောက်အထား အခိုင်အလုံဖြင့် ရှည်လျားစွာ တင်ပြခဲ့ရပါသည်။ R.P.FE Sifh R.S.O အမည်ခံ ရိုဟင်ဂျာ မြေအောက် အဖွဲ့များကလည်း မြောက်ဦးခေတ် ကုလားဘွဲ့ခံ ရခိုင်မင်းများကို မူဆလင်မင်းများဖြစ်ပါသည်ဟု အရှက်မရှိ ဖြောင်ကျကျ လိမ်ညာခဲ့ ကြရာ၊ ယင်းအချက်များ မမှန်ကြောင်း ချေပဖို့လိုလာပြန်သဖြင့် ဝေသာလီခေတ်မှစ၍ ခေတ်အဆက်ဆက် ရခိုင်မင်းတို့သည် ဗုဒ္ဓဘာသာဝင် သာသနာ့ဒါယကာ မင်းများဖြစ်ကြောင်း သက်သေအခိုင်အလုံဖြင့် တင်ပြခဲ့ရပါသည်။ ဤသို့ဖြင့် ဤစာတမ်းမှာ မလွဲမရှောင်သာ ရှည်လျားခဲ့ရပါသည်။ ဤစာတမ်းရှည်ကို ဖတ်ပြီးနောက် စာဖတ်သူတို့အဖို့ ရိုဟင်ဂျာ အမည်ခံသူတို့သည် စစ်တကောင်းသား ဘင်္ဂလီမူဆလင်များ (သို့မဟုတ်)၎င်းတို့၏ အဆက် အနွယ်များသာ ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း သိရှိခဲ့ကြပြီး ဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

ရိုဟင်ဂျာ အမည်ခံသူတို့သည် ၎င်းတို့၏ရည်မှန်းချက် အောင်မြင်ရေး အတွက် ဥပဒေအတွင်းနည်း၊ ဥပဒေအပြင်နည်း၊ သံတမန် နည်းတို့ဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားနေကြပေသည်။ ၎င်းတို့၏ အန္တရာယ်ကို ကျနော်တို့လည်း မိမိတို့ အသက်ရှင် ရပ်တည်ရေး၊ မိမိတို့သားမြေးများ အန္တရာယ် ကင်းရှင်းရေး တို့အတွက် အစွမ်းကုန် ကာကွယ်ရမည့်ဖြစ်ပေသည်။

သို့သော် မျက်မှောက် နှစ်ဆယ်ရာစု စတုတ္ထပိုင်းကာလ သမိုင်းဖြစ်ပေါ်တိုးတက်မှု အခြေအနေအရ ပြောရလျှင် ရိုဟင်ဂျာ အမည်ခံသူတို့၏ အန္တရာယ်သည် တဖြေးဖြေး တစစ အင်အားကြီးသည်ထက် ကြီးမားလာသောကြောင့်၊ ၎င်းတို့၏ အန္တရာယ် ကို ကာကွယ်ရန် ကျနော်တို့ အင်အား သက်သက်မျှနှင့်လုံလောက်နိုင်မည် မဟုတ်ချေ။ ကျနော်တို့၏ ညီအစ်ကိုများဖြစ်သော ကချင်၊ ကရင်၊ ကယား၊ ချင်း၊ ဗမာ၊ မွန်၊ ရှမ်း စသော ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ အကူအညီကိုလည်း ရယူဖို့ လိုပေသည်။ ထိုအကူအညီကို ရယူနိုင်ရန်အတွက် ရခိုင်မျိုးချစ် ပြည်ချစ် နိုင်ငံရေး ခေါင်းဆောင်တို့က နည်းလမ်းရှာကြရန် ဖြစ်ပါသည်။

ရှေးခေတ်ရခိုင် ဘိုးဘေးတို့သည် မိမိကြမ္မာကို မိမိဖန်းတီး နိုင်ခဲ့ကြ၍ အနောက်ဘက် ရန်ကိုဟန့်တား ထားနိုင်ခဲ့သည်သာမက နှစ်ပေါင်းရာချီ၍ အောင်နိုင်စိုးမိုး ထားနိုင်ခဲ့ပေသည်။ ထိုအကြောင်းကို သမိုင်းပါမောက္ခ ဒေါက်တာကျော်သက်က၊ ရခိုင်သားတို့ အိန္ဒိယ တိုင်းရင်းသားများ ဝင်ရောက်လာခြင်းကို တားဆီးဟန့်တားခြင်း မပြုနိုင်လျှင် ယနေ့ ရခိုင်ဒေသကို ပါကစ္စတန်၏ လက် အောက်ခံ နယ်အဖြစ် မြင်ရမည် ဖြစ်လေသည်။ ရခိုင်သားတို့သည် နယ်စပ်ဒေသမှ တိုင်းရင်းသားများ ဝင်ရောက်၍ လွှမ်းမိုးမည့်ဘေးကို ရာစုပေါင်းများစွာ ကာကွယ်ခဲ့ကြရာတွင် --------ရခိုင်သားတို့၏ ဘာသာ

စကား၊ စာပေ၊ အဝတ်အစား၊ အမူအကျင့်နှင့် အရေးအကြီးဆုံးဖြစ်သည့် ကိုးကွယ်ရာဘာသာရေးတို့သည် မြန်မာ တိုင်းရင်းသားလူမျိုး တမျိုးအဖြစ်နှင့် အမြဲတစေ ရပ်တည်နိုင်အောင် ပြုပေးခဲ့သော အချက်များဖြစ်ကြလေသည် ဟူ၍ ရေးသား မှတ်တမ်းတင်ထားလေသည်။

မှန်ပေသည် ရခိုင်ဘိုးဘေး တို့သည် စည်းလုံးညီညွတ်ခြင်း၊ ဉာဏ်အမြော်အမြင်ကြီးခြင်း၊ စွမ်းရည်သတ္တိပြည့်ခြင်း၊ ထို့ ကြောင့် မိမိတို့ရန်ကို ကာကွယ်နိုင်ခဲ့သည် သာမက၊ သူတပါးကိုပင် အောင်နိုင်စိုးမိုးနိုင်ခဲ့ပေသည်။ သို့သော် ယင်းရွှေထီးဆောင်းသော ခေတ်ကား ကုန်လွန်ခဲ့ပြီး ရခိုင်တို့မှာ နှစ်ပေါင်းရာချီ၍ ကျွန်သဘောက်ဘဝ၌ နေခဲ့ရပြီး ယခုလည်း ပြည်ထောင်စုအတွင်း၌ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်မရသော အလွန်အောက်ကျနောက်ကျ ဘဝသို့ ရောက်နေရပေသည်။ ဤအခြေ အနေတွင် ကျနော်တို့သည် ရိုဟင်ဂျာ အမည်ခံ ဘင်္ဂလီ မူဆလင်တို့၏ ရခိုင်ပြည်ကို ကုလားပြည်လုပ်ရေး၊ ဘေးအန္တရာယ် ကြီးကို မိမိတို့၏ နုံချာချိနဲ့သော အင်အားများဖြင့် ကာကွယ်ဟန့်တားနိုင်မည် မဟုတ်ချေ။ ပြည်ထောင်စုအစိုးရ၏ အကာအကွယ် တနည်းဆိုရလျှင်၊ ပြည်ထောင်စု တိုင်းရင်းသား ညီအစ်ကိုတို့၏ အကူအညီကို မလွဲမသွေ လိုအပ်မည် ဖြစ်ပါသည်။

နိဂုံးချုပ် နိုးဆော်လိုသည်မှာ ရခိုင်မျိုးချစ် ပြည်ချစ် နိုင်ငံရေး ခေါင်းဆောင်တို့သည် မိမိတို့ အန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် စိတ်ပျက်ဘွယ် ပြိုကွဲနေသော အမျိုးသား စည်းလုံးညီညွတ်ရေး၊ နိုင်ငံရေး ပါတီအချင်းချင်း ညီညွတ်ရေးကို မဖြစ်မနေ တည်ဆောက်၍ လုပ်သင့် လုပ်ထိုက်သည်တို့ကို တိုင်းရင်းသားတို့နှင့် လက်တွဲဆောင်ရွက် သွားနိုင်အောင် နည်းလမ်းရှာကြရန် လိုအပ်ပါကြောင်း။

❖ ❖ ❖

## REFERENCES


1. Abdus Saittar, In The Sylvan Shadows,Daeca,1971.
2. Arshad, M. & Ralman, H., History of India-Pakistan, ThirdEdition, Daeca, 1964.
3. Baneryee, A.C, The Edition, Calcutla, 1964.
4. Collis, M.S, and U San Shwe Bu, Arakan's Place in the Civilication of the Bay, B.R.S 50th Anniversary pullications No.2, Rangoon,1960.
5. Ba Tha, Rocwengyas in Arakan, The Guardion, Burma's National Magazine, Rangoon, May, 1960. PP 33-36.
6. Forchhammer, E., papers on Subject, Relating to the Archaealogy of Burma: Arakan, Rangoon,1891.
7. Granthan, S. and Maung Lat, Burma Gazetteer Akyab District, Vol. B. No.1, Rangoon, 1956 (Reprint).
8. Gustman, P., Ancient Arakan, Ph.D. Thesis, Australian National University, 1976.
9. Hall, D.G.E, Burma, Second Impression, London, 1950.
10. ————————, Studies in Dutch Relations with Arakan, B.R.S 50th Anniversary Publication No.2., Rangoon,1960.
11. Harvey, G.E, History of Burma, London, 1925.
12. Jamimi Mohan Gliosh, Majh Raiters in Bengal, Caleutta,1960.
13. Langhan Charter, Archives of an Arakan family, JBRS, vol xxviii, Part 11. Rangoon,1938.
14. Nehru, Jawali Orlal, Glimpses of World History,Secomd India Edition,1984(Reprint).
15. Peare,B.R.,King-Bering, B.R.S. 50th Anniversary Publication No.2, Rangoon, 1960.
16. Phayre, P,Sir Arthue, coms of Arakan of Pegu and of Burma London,1882.
17. Rawlimson, Hig, A comcise History of The Indian people, Oxford University press, Third Impression (revised),1946.
18. San Tha Aung, The Mog or the Magh or, the Arakanse in Bangladesh, Rakhine Tazaceng (English Section )Rangoon,1980.
19. ————————, The Buddhist Art of Ancient Arakan, Rangoon,19.
20.Sittwe Maung, Rahengya Affairs,RakhineTan-Zaung Magayine ( English Section ), Rangoon, 1961.
21.Sayyid Fayyay Mahmud , A Short History of Islam, London,
22.————————, The Story of Indo-Pakistan, Oxford University Press, 1963.
23.Smart, R.B., Burma Gazetteer, Akyab District, vol. A, Rangoon,1957.( Reprint )
24. Saniti Bhushan Qanungo, A History of Chillagong, vol.1, Chittagong, 1988.
25.Tydd, w. B., Burma Gazetteer, Sandaway District, vol. A, Rangoon, 1962.( Reprint )
26.Johnston,E.H., Same Sankrit Inscriptions of Arakan, Bulletin 0f the Schools of Orientalan African studies.


❖ ❖ ❖ ❖

ရခိုင်တို့မှာ နှစ်ပေါင်းရာချီ၍ ကျွန် သဘောက်ဘဝ၌ နေခဲ့ရပြီး ယခုလည်း ပြည်ထောင်စုအတွင်း၌ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်မရသော အလွန်အောက်ကျ နောက်ကျ ဘဝသို့ ရောက်နေရပေသည်။ ဤအခြေ အနေတွင် ကျနော်တို့သည် ရိုဟင်ဂျာ အမည်ခံ ဘင်္ဂလီ မူဆလင်တို့၏ ရခိုင်ပြည်ကို ကုလားပြည်လုပ်ရေး၊ ဘေး အန္တရာယ် ကြီးကို မိမိတို့၏ နုံချာချိနဲ့ သော အင်အားများဖြင့် ကာကွယ်ဟန့် တားနိုင်မည် မဟုတ်ချေ။

## နောက်ဆက်တွဲ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၁။ နောက်ဆက်တွဲ (က) ၁။ | |
| poewengyas in Arakan, by Ba Tha | 185 |
| ၂။ နောက်ဆက်တွဲ (က) ၂၊ ရိုဟင်ဂျာလူမျိုးစု ရာဇဝင် အကျဉ်းချုပ်၊ | 193 |
| ၃။ နောက်ဆက်တွဲ (ခ) ၁၊ | |
| Sudetan Muslims, by Phaw Zan | 209 |
| ၄။ နောက်ဆက်တွဲ (ခ) ၂၊ ဆူဒေတန် မူဆလင် (မြန်မာပြန်) ဖေါ်ဇံ။ | 214 |
| ၅။ နောက်ဆက်တွဲ (ဂ)။ | |
| Rohingyas Affairs, by Sittwe Maung | 223 |
| ၆။ နောက်ဆက်တွဲ (ဃ) ဘာသာနှင့် မောင်သော်တို့ကို ဝေဖန်ချက်၊ ဦးစံထွန်းအောင်၊ ဘူးသီးတောင်၊ | 231 |
| ၇။ နောက်ဆက်တွဲ (င) ကိုးကားချက်မူရင်း အင်္ဂလိပ်ဘာသာကောက်နုတ်ချက်များ(၁ မှ ၁၄ ထိ)၊ | |
| ၈။ နောက်ဆက်တွဲ (စ)။ | |
| Archives of an Arakan Family, by Langhan Corter. | 251 |
| ၉။ နောက်ဆက်တွဲ (ဆ) အလယ်သံကျော်ညီလာခံမှတောင်းဆိုချက်။ | |
| Charter of Demand of Arakan Muslims | 254 |
| ၁၀။ နောက်ဆက်တွဲ (ဇ) ဖွဲ့စည်းပုံအကြံပေးစာတန်း ကောက်နုတ်ချက်များ၊ ရိုဟင်ဂျာလူမျိုးများကတင်ပြချက် | 258 |
| ၁၁။ နောက်ဆက်တွဲ (ဈ) ၁၊ | |
| Arakan Muslims are for Constitutional Safegards | 269 |
| ၁၂။ နောက်ဆက်တွဲ (ဈ) ၂၊ အထက်တောင်းဆိုချက် (မြန်မာပြန်)။ | 275 |
| ၁၃။ နောက်ဆက်တွဲ (ည)။ | |
| Muslim Rule in Arakan, by R.P.F | 284 |
| ၁၄။ နောက်ဆက်တွဲ (ဋ)။ | |
| Menifesto of R.S.O, by R. S. O | 290 |
| ၁၅။ နောက်ဆက်တွဲ (ဌ)။ | |
| DE- Muslimnisation of Arakan, by R.S.O | 294 |
| ၁၆။ နောက်ဆက်တွဲ (ဍ) ၁၊ | |
| Rohingya Issue Calls For Early Salution, by Moinuddin Burma. | 298 |
| ၁၇။ နောက်ဆက်တွဲ (ဍ) ၂၊ (ဍ) ၁ဆောင်းပါး (မြန်မာ)။ | 301 |
| ၁၈။ နောက်ဆက်တွဲ (ဎ) နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ထံသို့မောင်းတောမြို့နယ် သံဃာ့နာယက အဖွဲ့မှ တိုင်ကြားစာ။ | 306 |
| ၁၉။ နောက်ဆက်တွဲ (ဏ)။ | |
| Genowde in Burma Against the Muslims of Arakan, by R.P.F. | 312 |
| ၂၀။ နောက်ဆက်တွဲ (တ) ရခိုင်လူမျိုးနှင့် ရိုဟင်ဂျာလူမျိုး အမွှာညီအကိုအဖြစ် ဆင်းသက်လာပုံ- အမျိုးသားပါတီ။ | 320 |
| ၂၁။ နောက်ဆက်တွဲ (ထ) ရခိုင်ပြည်နယ်မြို့နယ်အလိုက်လူဦးရေစာရင်း။ | 328 |
| ၂၂။ နောက်ဆက်တွဲ (ဒ) ဂျေ၊ ဘတ်စ်တာစ် လူဝင်မှုအစီရင်ခံစာ။ | 329 |

## ဘုံပေါက်-သာကျော်

ဒေါက်တာကျော်သက်၊ ပြည်ထောင်စု မြန်မာနိုင်ငံသမိုင်း၊ ရန်ကုန်၊၁၉၆၀- စာ (၁၂၀)

## အကိုးအကားများ။


၁။ ကျော်သက်၊ ဒေါက်တာ၊ ပြည်ထောင် စုမြန်မာနိုင်ငံသမိုင်း၊ ရန်ကုန်၊ ၁၉၆၀၊
၂။ ကေသာရ၊ အသျှင်၊ မာရယုနှင့်၊ ကေဒါ ရှင်းတမ်း၊ ရန်ကုန်၊ ၁၃၁၇၊
၃။ ခင်ကြီးဖျော်၊ ရခိုင်ပြည်မှ မူဂျာဟိန်း ဟူ သည်၊ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ ၁၉၅၉ ၊၆၀၊
၄။ အမည်၊ ရခိုင်ရာဇဝင်၊ စစ်တွေမြို့ ကြား ကျောင်းပေမူ၊
၅။ စက္ကိန္ဒ၊ အသျှင်၊ မေယုကမ်းယောင်၊ လက်နှိပ်စက်မူ၊ ၁၉၇၇၊
၆။ ရခိုင်ယဉ်ကျေးမှု၊ တိုင်းလင်းစာပေ၊ ရန်ကုန်၊ ၁၉၆၉၊
၇။စန္ဒာမာလာလင်္ကာရ၊ ရခိုင်ရာဇဝင်အသစ်၊ မန္တလေးမြို့ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ ၁၂၉၃၊
၈။ စံသာအောင်၊ ရခိုင်ဒင်္ဂါးများ၊ ဒေါ်စော စောစာပေ၊ ရန်ကုန်၊ ၁၉၇၉၊
၉။ အာနန္ဒစန္ဒြ၊ ရှစ်ရာစု ရခိုင်ဝေသာလီ မင်း၊ တက္ကသိုလ်များ ပုံနှိပ်တိုက်၊
၁၀။စံသာအောင်၊ ဝေသာလီ၊ ရခိုင်တန်း ဆောင်မဂ္ဂဇင်း၊ ၁၉၈၀၊ ရန်ကုန်၊၁၉၇၅။
၁၁။ စံသာအောင်၊ အေဒီ-၆ ရာစုနှင့် ယင်း မတိုင်မီ၊ ရခိုင်ပြည်သုံး အက္ခရာ၊ ဥမ္မာအောင် စာပေ၊ အင်းစိန်၊ ၁၉၇၄၊
၁၂။ စံထွန်းအောင်၊ ကိုယ်တွေ့မေယုမြေနှင့် ရိုဟင်ဂျာ၊ လက်နှိပ်စက်မူ၊ ၁၉၆၉။
၁၃။ ဘုံပေါက်သာကျော်၊ တော်လှန်ရေး ခရီးဝယ်၊ အတွဲ (၁) ၊ သန္တာအောင်စာပေ၊ ရန်ကုန်၊၁၉၇၃။
၁၄။ မင်းသုဝဏ်၊ ပန်းနှင့်ပင်စည်၊ကမ္ဘာ ခေတ်စာပေ၊ မန္တလေး၊ ၁၉၆၅။
၁၅။ (ဦးဝဏ်) မြန်မာစကား (မြန်မာမူ၊ ပဥ္စမတွဲ) တက္ကသိုလ်များ ပုံနှိပ်တိုက်၊ ၁၉၇၅။
၁၆။ (       )ရခိုင်ပြည်နယ်အစီရင်ခံစာ၊ မြဝတီမဂ္ဂဇင်း၊၁၉၆၀၊ ဇူလိုင်။
၁၇။ ဖေမောင်တင်ဦး၊ ဘာသာလောက ကျမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၅၈။
၁၈။ မောင်ဘုန်းရှင်၊ ဒင်နာဂျ်ပူ စစ်ပြေး စခန်း၊ ရှင်ထွေးစာပေ၊ ရန်ကုန်၊ ၁၉၈၄။
၁၉။ မောင်အေးချမ်း၊ မြောက်ဦးခေတ် အ နောက်ဘက်နယ်ခြားပြဿနာ၊ ရခိုင်တန် ဆောင်မဂ္ဂဇင်း၊ ၁၉၇၇-၇၈။
၂၀။ မောင်မြသိန်း၊ ဒင်္ဂါးသက်သေ၊ ရခိုင် မဂ္ဂဇင်း အမှတ် (၄) ၊ ၁၉၇၇။
၂၁။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဗဟို ဌာနချုပ်၊ ရခိုင်၊ ရန်ကုန်။ ၁၉၇၆။
၂၂။ ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီ ဖြစ် စဉ်သမိုင်း၊ ပထမတွဲ၊ဒုတိယတွဲ၊ စတုတ္ထတွဲ၊ ၁၉၈၃။
၂၃။ ရွှေဘုန်းဝင်း၊ ဦး၊ တိုင်းရင်း သားလူမျိုး စု ဘဝသစ်ထူထောင်ရေးပါတီသတင်းလွှာ၊ ရန်ကုန်၊ ၁၉၈၉။
၂၄။ လှထွန်းဖြူ၊ ဦး၊ ရခိုင်ပြည်နယ် စီးပွါး ရေးဘဏ္ဍာတိုက်၊ စံပါယ်စာပေတိုက်၊ ရန်ကုန်၊ ၁၉၇၆။
၂၅။ သန်းထွန်း၊ ဒေါက်တာ၊ ခေတ်ဟောင်း မြန်မာ့ရာဇဝင်၊ မဟာဒဂုန်စာပေ၊ ရန်ကုန်၊ ၁၉၆၄။
၂၆။ သန်းထွန်း၊ ဒေါက်တာ၊ ခေတ်ဟောင်း ရာဇဝင် (၂) မဟာဒဂုန် စာပေ၊ ရန်ကုန်၊ ၁၉၆၂။
၂၇။ သံတွဲမောင်၊ အာသောကမင်းတရား ကြီး အတ္ထုပ္ပတ္တိ နှင့်ကမ္ပည်းကျောက်စာ တော်များ၊ (ဦးလူဖေဝင်း အမှာရေးသည်) သူရိယသတင်းစာတိုက်၊ ၁၉၄၇။
၂၈။ အမျိုးသားပါတီ၊ရခိုင်၊ရိုဟင်ဂျာ၊ရခိုင် ပြည်နိုင်ငံရေးသမိုင်းနှင့်အနာဂါတ်ရခိုင်ပြည်၊ လက်စွဲ စာစောင် အမှတ် (၁)ရန်ကုန်၊ ၁၉၈၉။
၂၉။ ------------------- -------------------အမှတ် (၅)--------
၃၀။ ------------------- ---------------------အမှတ် (၆)--------
၃၁။ အောင်သာဦး၊ ဦး၊ ရခိုင်ဒင်္ဂါးသမိုင်း (ဒုတိယအကြိမ်)၊ ရန်ကုန်၊ ၁၉၄၀။
၃၂။ အုန်းမောင်၊ ဦး၊ ကျောင်းအုပ်ကြီး (ကျိုက်လတ်အုန်း)၊ မြန်မာရာဇဝင်သမိုင်း၊ (မြန်မာပြည်)ပြည်ကြီးမဏ္ဍိုင်ပိဋကတ် ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၅၇။
၃၃။ ဦးသာထွန်း၊ ဦး၊ ပဏ္ဍိတ၊ မြောက်ဦး မြို့ဘုရားသမိုင်း (ဒုတိယအကြိမ်)၊ ရန်ကုန်၊ ၁၉၄၀။


❖ ❖ ❖ ❖

# မော့(က်) သို့မဟုတ် မာ(ချ်) သို့မဟုတ်
## ဘင်္ဂလားဒေ့ချ်မှ ရခိုင်လူမျိုး

၁၉၇၈–ခုနှစ် လောက်က ဒေသန္တရ သတင်းစာတစောင်ထဲတွင် (MOG) လူမျိုးဒုက္ခသည် အိမ်ထောင်စုပေါင်း (၃၀၀၀) သုံးထောင်ခန့် စစ်တကောင်းတောင်တန်းမှ တရိပူရ (TRIPUIA) ပြည်နယ်သို့ ဝင်ရောက်လာသော သတင်းတပုဒ်ကိုဖတ်မိခဲ့သည်။ မောက် (MOG) တို့သည် မည်သည့် လူမျိုးများပါနည်း၊ သူတို့သည် စစ်တကောင်းတောင်တန်း၌သါ နေထိုင်သော လူမျိုးများဖြစ်ပါသလား၊ သူတို့ မည်သည့် အရပ်ကလာ၍ မည်သည့် အချိန်က ရောက်လာကြသနည်း၊ ဤအမေး ပုစ္ဆာများနှင့် ပါတ်သက်၍ ကျွန်ုပ်တို့၏ သမိုင်းစဉ်မှတ်တမ်း များမှရင်း၊ အခြားအဆိုပြုချက်များမှရင်း၊ ကောက်နုတ်ကိုးကား ရည်ညွှန်း၍ ကျွန်ုပ်ကြိုးပမ်း ဖြေဆိုသွားမည်ဖြစ် ပါသည်။

မော့(က်) သို့မဟုတ် မာ့(ချ်) ဟူသော စကားအဓိပ္ပါယ်နှင့် ပါတ်သက်၍ ပါမောက္ခဘီအီးဖန်း(န်) (PROFESSOR B.E. PARNS) ၏ ဘုရင်ဘာရင်၊ ဟူသော ခေါင်းစဉ်ဆောင်းပါး တစ်စောင် မှ တင်ပြထားသည့် အောက်ခြေမှတ်စုကို ပြန်လည်ဖေါ်ပြလျှင် အသင့်တော်ဆုံး ဖြစ်ပေလိမ့်မည်။ ထိုဆောင်းပါးကို "မြန်မာပြည် သုတေသနအဖွဲ့" စာနယ်ဇင်းအတွဲ XXIIii 53.85 ၌ရေးသား ဖြန့်ဝေခဲ့ပြီး ဖြစ်ပါသည်။

"ထိုစကားသည် ဘင်္ဂါလီ ပင်ရင်းစကား ဖြစ်သည်မှာ သံသယဖြစ်စရာ မရှိပါ။ သို့သော် စာလုံး၏ တိကျသော ဆိုလိုရင်းအဓိပ္ပါယ်နှင့် နောက်ဆုံးပင်ရင်း ဆင်းသက်လာပုံမှာ ထင်ရှားမှုမရှိလှပေ။ ဘင်ဂီယ ဘာဟိတယ ပါရိရှပ် (Bengiya Bahitya Parishad) (လွန်စွာ ပြောရေးဆိုခွင့် လုပ်ပိုင်ခွင့် ပြည့်ဝသော ဒေါ်ဘာလီ အကယ်ဒမီကြီး) က ထုတ်ဝေသော စံပြု ဘင်္ဂါလီ အဘိဓာန်တွင် ဖေါ်ပြထားသည်မှာ ထိုစာတမ်း၏ ပင်ရင်း ဆင်းသက်လာခြင်းကို မသိရပါ ဟူ ၏။ အခြားအထင်အရှားဆုံးသော အဘိဓာန်က ဤစာလုံးမှာ မြန်မာလို "မောင်" မှ ဆင်းသက်လာပြီး မြန်မာ လူမျိုးများ၏ ယောကျာ်းနာမည် အစ ပိုင်းတွင် အသုံးပြုသော စကားဖြစ်သည် ဟုဆိုသည်။ ကျွန်ုပ်အနေဖြင့် အလွန် ကျေနပ်စရာ ကောင်းသော စကားရပ် တခုအဖြစ် မဆုံးဖြတ်ပါ။ ထိုစကားသည် အင်္ဂလိပ်တို့က စစ်တကောင်းရှိ ရခိုင်လူမျိုးနှင့် ဗုဒ္ဓဘာသာဝင်များအား ရည်ညွှန်း သုံးနှုန်းသော စကားဖြစ်သည်။ မက်ဂါမူလွတ် (MAG-ERMULUK) ဟူသောစကား၏ အဓိပ္ပါယ်ကို ဥပဒေမရှိသော တိုင်းပြည်အဖြစ် ဖေါ်ပြထားပါသည်။ မူလစကားမှာ ရှေးဟောင်း မာဂဓ (Magadha) နိုင်ငံတော်နှင့် ဆက်စပ်နေသည်ဟူသော အချက်ကို လက်အခံနိုင်ဆုံး အချက်အဖြစ် ကျွန်ုပ်ထင်မြင်မိပါသည်။ ရှေး ဟောင်းဗုဒ္ဓဘာသာ အစပြုခဲ့သော မာဂဓနိုင်ငံ ဟိန္ဒူအယူဝါဒများ ထွန်း ကားလာချိန်တွင် မာဂဓ မင်းမျိုးမင်း နွယ်မှ ခွဲထွက်လာသော အိမ်ထောင်စု များသည် စစ်တကောင်းပြည်နယ်သို့ ဝင်ရောက်လာသည်ဟု ယူဆထားကြလေသည်။ ထို ရခိုင်မျိုးနွယ်စုများသည် ဘီဟာ မိသားစုမှ တနည်းနည်းဖြင့် ဆင်းသက်လာသူများ မဟုတ်ဟူ၍တော့ မဆိုနိုင်ပါ။ ထိုစကားမှာ မာဂဒီ မှဆင်းသက်လာပြီး မာဂဟီ၊ မဂါအီ၊ မာဂီ၊မာက်၊ သို့မဟုတ် မာခ်ဟူသောစကားကို ဘင်္ဂါလီစကားတွင် ကြိုက်သလို ပြောကြ ရေးကြသည်။ ယခုကာလ ထိုစကား၏ အဓိပ္ပါယ်မှာ ရခိုင်လူမျိုး(သို့) စစ်တကောင်းပြည်ရှိ ဗုဒ္ဓဘာသာ ကိုးကွယ်သူ၊ အထူးသဖြင့် ကြေးစား ထမင်းချက် အတတ်ကို လေ့ကျင့်သူဟူ၍လည်း၊ အဓိပ္ပါယ်ရလေသည်။ စစ်တကောင်းရှိ ဗုဒ္ဓဘာသာဟူသော နာမည်မှာ ပိုမိုထူးခြားစွာအသုံးပြုပြီးရခိုင်ပြည်တ ဖက်ရှိ ကော့စ်ဘဇာ တိုင်းခွဲဒေသမှ ဝင်ရောက်သော ဗုဒ္ဓဘာသာဝင် လူမျိုးဟူသော အဓိပ္ပါယ် ဖြစ်ပုံရလေသည်။ အင်္ဂလိပ် အဘိဓာန် ကျမ်း၌ မောက်၊ မိုဂင်၊ မိုဘူဟူသော ဝေါဟာရများသည်၊ (၁၅) နှင့်(၁၈)ရာစု အတွင်းက ရခိုင်နာမည်များ ဖြစ်ပုံရပါသည်။

ဘင်္ဂါလီတို့က ရခိုင်လူမျိုးများကို မောက်(သို့)မားစ် ဟုခေါ် သည်မှာ အထင်အရှားရှိပါသည်။ ထိုရခိုင်လူမျိုးများသည် ထရိပူရ၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ချ် နိုင်ငံအတွင်းနေရာ အများအပြားတို့တွင် အစုလိုက်ပြန့်ကြဲ နေထိုင်ကြလေသည်။ ဘင်္ဂလားဒေ့ချ် ပြည်တွင် ဘာခါဂုချ်၊ ရင်ကာမတီ၊ အဝ ကျွန်း၊ ကော့စ်ဘဇား၊ ရာမူး၊ နီလာ၊ တက်(က်) နပ်ဖ်၊ မူအီချ်ကာလီ၊ ဟာ ရဘင်၊ ချကရိယာ၊ ဘီဇာလီးယား၊ မဏိပူရ်၊ အိန္ဒိယနှင့် စစ်တကောင်း တောင်တန်းတွင် နေထိုင်ကြသည်။ ဂင်္ဂါမြစ်ဝှမ်းဒေသတွင် လူဦးရေသုံးသိန်း၊ စစ်တကောင်း တောင်တန်း တွင် နှစ်သိန်းခန့်ရှိလေသည်။ စစ် တကောင်းတောင်တန်း၌ ဇရိယာစ တုရန်းမိုင်ပေါင်း (၅၂၀၀)တွင် ရှိသော ဒေသတွင်း၌ နေထိုင်ကြသည်။

ပထမဆုံးသော အုပ်စုမှာထိုဒေသတွင် အေဒီ(၁၀)ရာစုလောက်ကစတင်နေထိုင်ခဲ့သည်။ တရိပူရပြည်တွင် အခြေချသောပင်မအုပ်စုမှာ မရမာကြီး ဟုသိထားကြသည်။ ထိုအုပ်စုမှအချို့တို့မှာ တရိပူရသို့မသွားဘဲ ဘင်္ဂါလီပြည် အရှေ့ပိုင်းတွင် နေထိုင်ပြီး (မြို့) ဟူ၍ ထင်ရှားသည်။

ဤအဆိုပြုချက်များကို နားလည်သိရှိရန်အတွက် ရခိုင်ရှေးဟောင်း သမိုင်းကို စတင်ရှင်းလင်းရန် လိုအပ်

ပါသည်။ ယခုကျွန်ုပ်တို့၏ သမိုင်းမှတ်တမ်း များကို (၁၉၅၄)ခုနှစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တွင် တူးဖော်ရရှိသော ဝေသာလီခေတ် စန္ဒြားမင်းလက်ထက် အသုံးပြုသောကြေး ပန်းကန်ပြားများက အထောက်အကူပြု လျက်ရှိပေသည်။

❖ ❖ ❖ ❖ ❖

**ဘင်္ဂါလီတို့က ရခိုင်လူမျိုးများကို မောက်(သို့)မားခ် ဟုခေါ် သည်မှာ အထင်အရှား ရှိပါသည်။ ထိုရခိုင်လူမျိုး များသည် ထရိပူရ၊ အိန္ဒိယနှင့် ဘင်္ဂလား ဒေ့ရှ် နိုင်ငံအတွင်း နေရာ အများအပြား တို့တွင် အစုလိုက်ပြန့်ကြဲ နေထိုင်ကြလေသည်။**

❖ ❖ ❖ ❖ ❖

ဂင်္ဂါမြစ်ဝှမ်းနှင့် စစ်တကောင်းတောင်တန်း၌ အခြေချနေထိုင်မှုသည် အလွန်ရှေးကျလှပေသည်။ မျက်မှောက် ဘင်္ဂလားဒေ့ နိုင်ငံတွင်ရှိသော ရခိုင် လူမျိုး ရှေးခေတ် ရခိုင်အမျိုးနွယ်များ၏ အတိတ်ကာလသည်၊ တရားမျှတကျပြီး၊ ချောမွေ့လှပေသည်။ သို့သော် (၁၈) ရာစုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်ထဲသို့ ဝင်ရောက်လာသော အဆက် အနွယ် များမှာမူ နိုင်ငံရေး အဓိကရုဏ်းများ ကြောင့် ဘဝခက်ခဲကြမ်းတမ်း လေသည်။ သူတို့သည် အသက်ရှင် ရပ်တည်ရေး အတွက် ခက်ခက် ခဲခဲ ရုန်းကန်လှုပ်ရှားကြရသည်။ သူတို့ သည် ခြေဦးတည့်ရာ လွင်တီးခေါင် သဲကန္တာရကြီးများကို ဖြတ်ပြီး ပြေးလွှားကြရာတွင် မပြည့် မစုံနှင့် မောပန်းခြင်း၊ ဖျား နာခြင်းများ ကြောင့် အများအပြား သေဆုံးကြရလေသည်။ သူတို့သည်လွင်တီးခေါင်တွင် ပုန်းအောင်းနေထိုင်သော သားကောင်များနှင့် ပြင်းထန်သော ငှက်ဖျားရောဂါဘေးများကို ရင်ဆိုင်ကျော်လွှားပြီး အသက်ရှင် ရပ်တည်ခဲ့ကြရလေသည်။ သူတို့၏ အလုပ်မှာ တဦးချင်းအသက်ရှင်ရပ်တည်ရေး အတွက်သာ ဖြစ်ကြလေသည်။ လိုအပ်ချက်များအရသာ စိုက်ပျိုးခြင်း၊ ငါးများခြင်း၊ အနည်းငယ်ရောင်းဝယ်ဖေါက်ကားခြင်း၊ သစ်ခုတ်ပြီးလှေများ ထွင်းခြင်းနှင့် အခြားအခြေခံ အလုပ်များကို လုပ်ဆောင်ကြသည်။ အဝတ်အထည်များကို အိမ်၌ယက်လုပ်ဝတ်ဆင်ကြသည်။ အိမ်တိုင်းလိုလိုပင် အဝတ်အထည်များ ယက်လုပ်သည့် လုပ်ငန်းကို လုပ်ကိုင်ကြသည်။ စစ်တကောင်းတောင်တန်းတွင် နေထိုင် သူတို့မှာ တောင်ယာ စိုက်ပျိုးရေးကို အဓိကထား၍ လုပ်ဆောင်ကြသည်။ ရုန်းကန်ကြိုးပမ်းနိုင်သမျှသော အခြေအနေပေါ်တွင် အသက်ရှင်နေထိုင်ကြရလေသည်။ ထိုသို့ဆင်းရဲစွာနေထိုင်ကြရသော်လည်း မိမိတို့၏ ဘိုးဘွားစဉ်ဆက် ယဉ်ကျေးမှုနှင့် ဓလေ့ ထုံးစံများကို ဂုဏ်ယူဝင့်ကြွားစွာ ထိန်းသိမ်းကြသည်။ စစ်တကောင်းတောင်တန်းဒေသ၌ ဧရိယာစတုရန်းမိုင်ပေါင်း(၅၂၀၀)မျှ အခြေချနေထိုင်ကြလေသည်။ ရခိုင်တောင်တန်းဒေသနှင့် တောင်ပိုင်းတွင် မောင်တော၊ ဘူးသီးတောင်၊ မြောက်ဘက်တွင် လူရှိုင်းတောင် (မီဇို) နှင့် အနောက်ဘက်တွင် အခြေချနေထိုင်လျက် စစ်တကောင်း လွင်ပြင်အသီးသီး ရှိလေသည်။

ငင်းတို့နေထိုင်သော ဒေသအားဖြင့် (၃) ခုရှိလေသည်။ ငင်းတို့မှာ ဗိုလ်မင်း၊ ထောင်သက်ထောင်၊ ဖလံထောင်တို့ဖြစ်သည်။ ထောင်ဟူသော အဓိပ္ပါယ်မှာ မြို့ပြကျေးရွာများ၊ ထောင်ပေါင်းများစွာ တည်ထောင်ခြင်း ဖြစ်သည်။ ထောင်ဟူသောစကားမှာ ပြည်ထောင်စု မြန်မာနိုင်ငံ ဟူသကဲ့သို့ ပင်အဓိပ္ပါယ်ရသည်။ ဒေသတခုစီတွင် မျိုးရိုးစဉ်ဆက်ဖြင့် အုပ်ချုပ်သော အကြီးအကဲတပါးစီရှိလေသည်။ ငင်းတို့မှာ ဗိုလ်မင်၊ ကြီးသက်မင်နှင့်ဖလံ မင်းတို့အသီးသီး အုပ်ချုပ်ကြသည်။ ဗိုလ်မင်းကြီး၊ သက်မင်းနှင့် ဖလံမင်းတို့၏ ပြည်သူများမှာ ရခိုင်အဆက် အနွယ်များ ဖြစ်သည်။ သက်မင်း(သို့) ချာကနာရာဇာမင်းနှင့် ပြည်သူများမှာ မြန်မာပြည် မူလလူမျိုးနွယ်တစုဖြစ်သော သက်လူမျိုးဖြစ်ပြီး ယခုခေတ်တွင် မျိုးတုံးပျောက်ကွယ်သွားပြီဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်တွင် ဤလူမျိုးများနှင့်ပါတ်သက်၍ အသင့်တော်ဆုံးသော အကိုးအကားပြု စာအုပ်မှာ လူစီယန်ဘားနော့ (LUCIENBERNOT) ပြင်သစ်လိုရေးသားထားသော စာအုပ်ဖြစ်ပြီး အတွဲ(၂)တွဲမျှရှိသည့် စာအုပ်မှာ "Lespaysans Arakanais Dupakistan Oriential" I histroie le monde Vegetaleti rrganisation sociale des refugies marma (mog)ဖြစ်ပြီး ထိုလူမျိုးများနှင့် ပါတ်သက်၍ စေ့စပ်သေချာစွာ ရေးသားထားလေသည်။

သို့သော်ငြားလည်း ကျွန်ုပ်တို့အနေဖြင့် ဤလူမျိုးတို့၏ သမိုင်းအား ရခိုင်လူမျိုး၏ သမိုင်းမှတ်တမ်းနှင့် အထောက်အားများကို အခြေခံပြီး လေ့လာစုံစမ်းမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ရခိုင်ပြည်နှင့် ရှေးဟောင်း ရခိုင်သမိုင်းမှ စတင်ရမည် ဖြစ်ပါသည်။

(ဆက်လက် ဖော်ပြပါမည်။)

**THE MOG OR THE MAGH OR THE ARAKANESE OF BANGLADESH**

**BY SAN THA AUNG.**

ဆောင်းပါးကို ဘာသာပြန်သည်။

❖ ❖ ❖ ❖

